မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၁၁၇)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ တနင်္လာနေ့။

ဝီရိယနှင့် ဆန္ဒအကျိုး

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

ကျောင်းများအဆင့်မြှင့်တင်ခြင်းသည် ဒေသခံများ လူမှုစီးပွားဘဝတိုးတက်စေရန် ဆောင်ရွက်ပေးရာရောက်

နေပြည်တော် ဩဂုတ် ၁၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩဂုတ် ၁၆ ရက်က ပျော်ဘွယ်မြို့နယ် မြင်းတဲကျေးရွာနှင့်သိမ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့ကို အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်း အခမ်းအနားများသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် အစိုးရသစ်အနေဖြင့် ခေတ်သစ်ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်နိုင်ရေးအတွက် ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းအဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပထမလှိုင်းအနေဖြင့် ဆင်းရဲမှုလျှော့ချရေးအတွက် ရေတိုစီမံချက်ဖြစ်သော စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ ရေရှည်စီမံချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဘတ်ဂျက်များကိုပိုမိုသုံးစွဲခဲ့ပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ပညာရေးဝန်ထမ်းများခန့်အပ်ခြင်း၊ ပညာရေးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးတို့အတွက် ဆောင်ရွက်ပေးခြင်း၊ ဆေးရုံများအဆင့်မြှင့်တင်ပေးခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများတိုးချဲ့ခန့်အပ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်း၏အကျိုးဆက်များမှာ ယခုကျောင်းများကို အဆင့်မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ ယခုလိုအဆင့်မြှင့်တင်ပေးခြင်းသည် ဤဒေသမှာရှိသည့် ဒေသခံများအတွက်

စာမျက်နှာ ၈ ကော်လံ ၁ ❃

နိုင်ငံတကာသတင်းမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

လူတိုင်းလည်ပတ်ချင်စဖွယ် အံ့ဖွယ်နေရာများပြားလှသည့် မြန်မာနိုင်ငံ

ဘာသာပြန်-ထန်ဆွင်း

ကမ္ဘာလှည့်ခရီးသွားများ ပုဂံဒေသ၌ လှည့်လည်လေ့လာစဉ်။

ဩဂုတ် ၉ ရက်ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သော Daily Mail က မြန်မာနိုင်ငံသည် လွန်ခဲ့သည့် သုံးနှစ်က ခရီးသွားလုပ်ငန်းလမ်းပွင့်ချိန်မှစ၍ လူတိုင်းသွားရောက်လည်ပတ်ချင်သည့်နိုင်ငံဖြစ်လာကြောင်း၊ သွားရောက်လည်ပတ်ချင်စရာ အံ့ဖွယ်နေရာများထဲတွင် ထောင်ပေါင်းများစွာသော စေတီ၊ ပုထိုးများတည်ရှိရာ ပုဂံဒေသ၊ လှေကိုလက်နှင့်မလှော်၊ ခြေနှင့်လှော်ရာအင်းလေးကန်နှင့် ရွှေရောင်တဖိတ်ဖိတ်တောက်နေသော ရွှေတိဂုံစေတီတော်ကြီးတို့ ပါဝင်ကြောင်း၊ အခြားအရှေ့တောင်အာရှဒေသ၌ သွားရောက်လည်ပတ်ချင်စရာနေရာတစ်ခုမှာ ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဘုရားကျောင်းဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအား ထောက်ခံအားပေး ကူညီပံ့ပိုးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု အီးယူသံအမတ်ကြီး ပြောကြား

တွေ့ဆုံမေးမြန်း ခင်ရတနာ

ဓာတ်ပုံ မင်းထက် (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၇

ဥရောပသမဂ္ဂ (အီးယူ)သည် လက်ရှိတွင် မြန်မာနိုင်ငံ၏ အကြီးမားဆုံးအလှူရှင်အဖြစ် ရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံ၏ လူမှု၊ စီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ကဏ္ဍပေါင်းစုံ၌ အမေရိကန် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ (၁ ဘီလီယံယူရို) ကို သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အီးယူသည် မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင်သာမက ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် ကူညီပံ့ပိုးလျက်ရှိသည်။ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီး Dr.Roland Kobia အား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ရာတွင်-

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီး Dr.Roland Kobia

မြန်မာ့အလင်း ။ ။ အကူးအပြောင်းကာလ စတင်ချိန်ကစပြီး အီးယူအနေနဲ့ မြန်မာနိုင်ငံအပေါ် ကူညီထောက်ပံ့လာတာ တွေ့ရပါတယ်။ အီးယူ-မြန်မာ ဆက်ဆံရေး ကဏ္ဍအသစ် ဖွင့်လှစ်ပြီးနောက်ပိုင်း အဓိကကူညီပံ့ပိုးမှုတွေကို ပြောပြပေးပါ။

ဖြေ ။ ။ အီးယူအနေနဲ့ မြန်မာကို နည်းလမ်းများစွာနဲ့ ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ မြန်မာ-အီးယူဆက်ဆံရေး ပုံမှန်ပြန်ဖြစ်စေဖို့ အဓိကကဏ္ဍ သုံးခုဖြစ်တဲ့ နိုင်ငံရေး၊ ဖွံ့ဖြိုးရေးနဲ့ ကုန်သွယ်မှုဆိုင်ရာ အထောက်အကူတွေပေးဖြစ်ပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေဖို့ ၂၀၁၄ ကနေ ၂၀၂၀ ပြည့်နှစ်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ သတ်မှတ်လျာထားပါတယ်။ နိုင်ငံရေးပိုင်းမှာဆိုရင် ကောင်းမွန်တဲ့ အုပ်ချုပ်မှုတွေဖြစ်ဖို့ ရွေးကောက်ပွဲရလဒ်တွေ မှန်ကန်စေဖို့နဲ့ ဒီမိုကရေစီနဲ့ အခြေခံလွတ်လပ်ခွင့်များ မြှင့်တင်ဖို့ အီးယူအနေနဲ့ အစိုးရ၊ လွှတ်တော်၊ လူမှုအဖွဲ့အစည်းများကို ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။

ဖွံ့ဖြိုးရေး အကူအညီအပိုင်းမှာဆိုရင် ပညာရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနဲ့

စာမျက်နှာ ၉ ကော်လံ ၁ ❋

> “အပြောင်းအလဲအတွက် လုပ်ဆောင်နေသူတွေကို အားပေးသင့်ပြီး အပြစ်ချည်းတင်နေတာမျိုး ရှောင်ရှားသင့်”

ယနေ့ မာတိကာ

ဂါဇာကိုခုနစ်နှစ်ကြာ ပိတ်ဆို့ထားမှု အဆုံးသတ်သင့်ပြီဖြစ်ကြောင်း ကုလတိုက်တွန်း စာ » ၄

ကျွန်တော်နဲ့ ပြောင်းလဲမှုစီမံခြင်း ဆောင်းပါး စာ » ၆

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်း စာ » ၁၀

စပိန်စူပါဖလား ရီးရဲမက်ဒရစ်တို့ သိမ်းပိုက်နိုင်ပါ့မလား စာ » ၁၄

ကြော်ငြာအချုပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချုပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မူးယစ်တိုက်ဖျက်ရေး အားလုံးပါဝင်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ စတင်၍ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးဆိုသည့် မဟာဗျူဟာနှစ်ရပ်ဖြင့် ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဤမဟာဗျူဟာနှစ်ရပ်ကို နည်းဗျူဟာသုံးရပ်ဖြစ်သော ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်။ ဤသို့မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အရှိန်အဟုန်ပြင်းစွာ ဆောင်ရွက်နေမှုကို မူးယစ်ဆေးဝါးနှင့်ပတ်သက်သော သတင်းစာမျက်နှာများက သက်သေပြလျက်ရှိသည်။

အဆိုပါ မူးယစ်ဆေးဝါး ပပျောက်ရေးနည်းဗျူဟာသုံးရပ်အနက် အရေးအကြီးဆုံးမှာ စိုက်ပျိုးထုတ်လုပ် ရောင်းချမှုအပိုင်း ဖြစ်ပါသည်။ ထို့ထက်အရေးအကြီးဆုံးကို ဆိုရလျှင် သုံးစွဲမှုအပိုင်းသည် အရေးအကြီးဆုံးတိုက်ဖျက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်ဟုဆိုရပေလိမ့်မည်။ အကြောင်းမူကား မည်သည့်ကုန်ပစ္စည်းမဆို ဈေးကွက်ပေါ်တွင် တည်မှီလျက်ရှိခြင်းကြောင့်ပေတည်း။ သုံးစွဲမှုမရှိလျှင် စိုက်ပျိုးမှု၊ ထုတ်လုပ်မှုများလည်း လျော့နည်းပပျောက်သွားမည်ဖြစ်သည်။

သို့ဖြစ်သောကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဆောင်ရွက်ရာတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုစသောအပိုင်းများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် အရေးယူနှိမ်နင်းသွားရန်လိုအပ်သကဲ့သို့ သုံးစွဲမှုအပိုင်းကိုလည်း အမှန်တကယ် တားဆီးသွားနိုင်ရန် အရေးကြီးမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးကို ငွေကြေး အရလွယ်သူများ၊ ငွေကြေးပြည့်စုံသူများက အများဆုံး အသုံးပြုတတ်ကြပါသည်။ သာမန်လူငယ်များအဖို့ မူးယစ်ဆေးဝါးသုံးစွဲသူ တစ်ဦးတစ်ယောက်နှင့် ပေါင်းမိလျှင် မူးယစ်ဆေးသုံးသူ ဖြစ်လာနိုင်ပါသည်။ မူးယစ်ဆေးဝါးကို ဆေးပြားလုပ်၍တစ်ဖုံ၊ အမှုန့်အဖြစ်တစ်နည်း၊ အရည်အဖြစ်တစ်မျိုး စသည်ဖြင့် အမျိုးမျိုးပြုလုပ်၍ သုံးစွဲလျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းအောင်မြင်ရန်အတွက် ထုတ်လုပ် ရောင်းဝယ်ဖောက်ကားမှုအပိုင်းကို ပပျောက်အောင် ဆောင်ရွက်သင့်သကဲ့သို့ သုံးစွဲမှုအပိုင်းကိုပါ ပို၍ အရေးယူဆောင်ရွက်သင့်သည်ဟု ရှုမြင်မိပါသည်။ မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့်သာ မူးယစ်ဆေးဝါးပပျောက်အောင် ဆောင်ရွက်၍ မဖြစ်နိုင်ပါ။ မိဘများကိုယ်တိုင်က မိမိတို့သားသမီးများ မူးယစ်ဆေးဝါးသုံးစွဲသူများ မဖြစ်အောင် ငယ်စဉ်ကတည်းက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ခြင်းမျိုးဖြင့် ပူးပေါင်းပါဝင်ရမည့်အချိန်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသည် လူညွန့်တုံးစေသည့် အရာဖြစ်၍ အားလုံးက ပူးပေါင်းပါဝင် တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ဇမ္ဗူသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း ဧက ၂၀ ပုလဲသွယ်စပ်မျိုး မိုးစပါးစိုက်ကွင်းနှင့် သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော စပါးပျိုးပင်များကို ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် ကောက်စိုက်လုံမေများ စိုက်ပျိုးနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တစ်ဆက်တစ်စပ်တည်း ၁၀ ဧက အမယ်သစ်သီးနှံကန်စွန်းနှင့် ပိန္နဲသီးနှံများ ရောနှောစိုက်ပျိုးထားသော စိုက်ကွင်းအတွင်း ကန်စွန်းသီးနှံနှင့် ပိန္နဲပင်များရှင်သန်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် မိုးစပါးသီးနှံစိုက်ခင်းများနှင့်ကြံသီးနှံစိုက်ခင်းများတွင် စိုက်ပျိုးနေကြသော ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာများနှင့် ဝတ်စုံများ လက်ဆောင်ပေးအပ်သည်။ ထိုမှတစ်ဆင့် သပြေကုန်းကျေးရွာအနီး တစ်ဧက တန် ၆၀ ထွက်ရှိသည့် တစ်ဆက်တစ်စပ်တည်း ကြံသီးနှံ ၁၀ ဧက စိုက်ကွင်းသို့ရောက်ရှိပြီး ရှစ်လသားအရွယ်တွင် ကြံပင်များဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေး၍ ထွက်ရှိလာသော ကြံသီးနှံများကို လာမည့်ကြံစိုက်ပျိုးရာသီတွင် ကြံစိုက်တောင်သူများသို့ မျိုးကောင်းမျိုးသန့် မျိုးပွားဖြန့်ဖြူးပေးရန်နှင့် စိုက်နည်းစနစ်များလေ့ကျင့်ပေးရန် မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်တွင် စီးပွားဖြစ် စိုက်ပျိုးထားရှိသော တစ်ဆက်တစ်စပ်တည်း ရေဆင်း စပ်မျိုးအစေ့ထုတ်ပြောင်းသီးနှံစိုက်ကွင်းအတွင်း ပြောင်းဖူးများနှင့် စီးပွားဖြစ်စိုက်ပျိုးထားသော နှင်းဆီပန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ ပြည်ထောင်စုဝန်ကြီးက စိုက်ကွင်းများအတွင်း ကွင်းဆင်းစစ်ဆေးစဉ်မှာကြားရာတွင် နေပြည်တော်ကောင်စီရှစ်မြို့နယ်လုံး တောင်သူလယ်သမားများ လက်တွေ့ဝင်ငွေတိုးတက်စေရေး ရလဒ်အဖြစ်ပြသနိုင်ရေး၊ စပါးသီးနှံအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများ သီးနှံများ၏ အထွက်နှုန်းနှင့် ဝင်ငွေတိုးတက်စေရေးရည်မှန်းချက်ကို လက်တွေ့ကြိုးပမ်းပြသရမည်ဖြစ်ကြောင်း၊ သီးနှံအမယ်အလိုက် သိပ္ပံနည်းကျစိုက်ပျိုးရေးအပါအဝင် ရိတ်သိမ်းချိန်လွန်ခိုင်မာသော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး အဆင့်အထိ မိမိတို့တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် ကွင်းဆင်း၍ အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ လက်တွေ့ Third Wave လုပ်ငန်းစဉ်များ လုပ်ဆောင် အကောင်အထည်ဖော်ရန် အစွမ်းကုန်ကြိုးစားကြမှသာလျှင် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်ကြမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စံပြမိခင်ပြိုင်

သထုံ ဩဂုတ် ၁၇

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ပူးပေါင်းကာ မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက သုဝဏ္ဏဝတီမြို့ တိုက်နယ်ပြည်သူ့ဆေးရုံတွင် ကျင်းပရာ သထုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးနှင့် တိုက်နယ်ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာသန်းဦးတို့က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်နော်အဲကလေးက မိခင်နို့တိုက်ကျွေးမှု၊ စံပြမိခင်နှင့် အာဟာရပြည့်ဝသည့် အစာအုပ်စုသုံးအုပ်စုအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူတို့က ကျေးရွာ ၁၀ ရွာမှ စံပြမိခင်ယှဉ်ပြိုင်နေမှုများကို စစ်ဆေးအကဲဖြတ်ပေးကာ ဆုရရှိသူများကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုက်နယ်ဆေးရုံ ဆရာဝန်ကြီး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးနွယ်နှင့် ခရိုင်သူနာပြုဆရာမကြီးတို့က ဆုများပေးအပ်ချီးမြှင့်သည်။ **သက်ဦး(သထုံ)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့

မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံးအလုပ်အကိုင်အခွင့်အလမ်းများပြပွဲကျင်းပမည်။
5th Job Fair 2014
Main Sponsor
အခွင့်အလမ်း Opportunity Journal
ပြည်တွင်း၊ ပြည်ပကုမ္ပဏီပေါင်း (၁၁၀) ကျော်မှ ပါဝင်ပြသအလုပ်ခေါ်ယူသွားမည်။
ကျင်းပမည့်နေ့ရက် - ဩဂုတ်လ ၂၂၊ ၂၃၊ ၂၄
ကျင်းပမည့်အချိန် - နံနက် (၉း၀၀ မှ ၅း၀၀)
ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ ဦးဝိစာရလမ်း

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၇

စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌဦးညွန့်ဆွေ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး စာကြည့်တိုက်ဖောင်ဒေးရှင်း၏ လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ကျေးရွာစာကြည့်တိုက်များသို့ စာကြည့်တိုက်ဖောင်ဒေးရှင်းအနေဖြင့် ထောက်ပံ့ပေးနေမှုအခြေအနေများ၊ ရန်ပုံငွေ ရရှိသုံးစွဲမှုအခြေအနေ၊ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်နှင့်တောင်တန်းဒေသများရှိ ကျေးရွာစာကြည့်တိုက်များတွင် ဝန်ထမ်းလိုအပ်ချက်အခြေအနေ၊ ကျောင်းများတွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်သည့် အခြေအနေများ၊ စာကြည့်တိုက်များတွင် စာအုပ်စာတမ်းများ ဖြည့်ဆည်းပေးနိုင်မှုအခြေအနေ နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌဦးညွန့်ဆွေ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပြည်သူများ စာဖတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယခုအချိန်တွင် ကျေးလက်နှင့်မြို့ပြ ဒေသအသီးသီး၌ စံငါးချက်နှင့်ညီသည့် စာကြည့်တိုက်ပေါင်း ၅၉၈၂ ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များက ကျေးရွာစာကြည့် တိုက်များ၏ အရေးကြီးပုံ၊ စာကြည့် တိုက်များရေရှည်ရပ်တည် ရှင်သန်ရေးနှင့်စာတတ်သူတိုင်းစာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိရန် ကြိုးစားဖတ်မှတ်သင့်ပုံများကို ဤသို့ သဘောထား မှတ်ချက်ပြုခဲ့သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်

စာကြည့်တိုက် ဖောင်ဒေးရှင်း တည်ထောင်တော့ (၁)စံငါးချက်ညီ စာကြည့်တိုက်တွေကိုလုပ်မယ်၊ (၂) ပြည်သူစာဖတ်ရှိန်မြှင့်တင်ရေးလုပ်မယ်၊ (၃) ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေး တွေလုပ်ဖို့ ချမှတ်ပြီးသားဖြစ်တယ်။ ကျောင်းစာကြည့်တိုက်နဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်မှာရှိတဲ့ ကျောင်းတွေမှာ လုပ်ခဲ့တယ်။ ရန်ကုန်ကျောင်းတွေမှာလည်း အများဆုံး လုပ်ခဲ့တယ်။ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးရေးအစီအစဉ်မှာ ဖောင်ဒေးရှင်းကနေပြီး ကုန်ကျစရိတ် ၁၀ သိန်းကို ချပေးပြီး အခြေခံပညာရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီးလုပ်ရတယ်။ သူတို့က ကျောင်းတွေမှာ စကားရည်လုပွဲတို့၊ ကဗျာရွတ်ဆိုပွဲ၊ ကျပန်းစကားပြောပွဲ၊ စာအုပ်သုံးသပ်ပွဲစတဲ့ ပြိုင်ပွဲတွေ လုပ်ပြီး ဆုပေးတယ်။ စာရေးဆရာအသင်းနဲ့ ပေါင်းပြီးဟောပြောပွဲတွေလည်း ကျောင်းတွေမှာလုပ်တယ်။ ဒီလိုနည်းအားဖြင့် စာဖတ်ဝါသနာပါရင် စာကြည့်တိုက်တွေကို အားကိုးလာမယ်ပေါ့။ ဒါပေမယ့် များသောအားဖြင့်ကတော့ အားမရဘူး။

ကျောင်းတွေမှာ ဟန်ပြမဟုတ်ဘဲ တကယ့်စာကြည့်တိုက်တွေ ဖြစ်ထွန်းလာဖို့လိုမယ်။ ကျပန်းစကားပြောပြိုင်ပွဲတွေဆိုရင်လည်း အလွတ်ကျက်ပြောတာမျိုးမဟုတ်ဘဲ တကယ်စာဖတ်ပြီး ပြောတာမျိုးတွေဖြစ်လာဖို့လိုတယ်။ စာကြည့်တိုက်ဖောင်ဒေးရှင်းက လိုချင်တဲ့ အနှစ်သာရမျိုးဖြစ်အောင် ကြိုးစားသွားမယ်။ ရန်ကုန်မှာလုပ်ခဲ့တဲ့ ကျောင်းတွေမှာတော့ အထက(၄) အလုံကအောင်မြင်တယ်။ အခြားမြို့နယ်အလိုက်မှာရှိတဲ့ စာကြည့်တိုက်ဖွံ့ဖြိုးဖို့စိတ်အားထက်သန်တဲ့ကျောင်းတွေဆိုရင် ချောင်ကျတဲ့နေရာဖြစ်ရင် တောင်သွားလုပ်ပေးမယ်။ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဘက်က အရေအတွက်များတာကို မလိုချင်ဘူး။ လူကြီးကြိုက်တာမလိုချင်ဘူး။ တကယ်ရှိတာသာပြော၊ တွေ့ကြုံရတဲ့ အခက်အခဲတွေ ပြေလည်အောင် လုပ်ပေးမယ်။

စံငါးချက်နဲ့ညီတဲ့ မှတ်ပုံတင်ထားတဲ့ စာကြည့်တိုက်တွေရှိတယ်။ စာကြည့်တိုက်အချို့ဟာ အမည်ခံစာကြည့်တိုက်တွေဖြစ်နေတယ်။ ဒါမျိုးကိုတော့ ဖောင်ဒေးရှင်းဘက်ကနေ မလိုချင်ဘူး။ တကယ့်စာကြည့်တိုက်ဖြစ်တာပဲလိုချင်တယ်။ စာကြည့်တိုက်တွေ တိုင်းပြည်တစ်ပြည်မှာ အရေအတွက်အားဖြင့် သောင်းချီရှိနေဖို့ မလိုပါဘူး။ တကယ်ခိုင်မာတဲ့ စာကြည့်တိုက်တွေ လေးငါးထောင်လောက်ရှိနေရင်ရပြီ။ စာကြည့်တိုက်ဖောင်ဒေးရှင်းအနေနဲ့ ကျေးရွာတွေမှာဆက်လက်လုပ်နိုင်ဖို့ကြိုးစားသွားမယ်။

ကျေးရွာစာကြည့်တိုက် အပါအဝင် စာကြည့်တိုက်တွေမှာ အရေးကြီးတာက စာကြည့်တိုက်ကော်မတီဝင်နဲ့ စာကြည့်တိုက်မှူးတွေပဲ၊ ဘာအခက်အခဲရှိလဲဆိုတော့ စာကြည့်တိုက်တည်ဆောက်ထားပြီး စာဖတ်တဲ့သူမရှိရင်လည်း အလကားပဲ၊ ဒီတော့ စာကြည့်တိုက်တွေက စာမဖတ်သူပပျောက်ရေးကို ဦးစားပေးပြီးလုပ်ရမယ်။ စာဖတ်ချင်အောင် လုပ်ရမယ်။ စာအုပ်တွေကိုအသစ် အသစ်တွေနဲ့ အလဲအလှယ်ဖြစ်အောင် လုပ်ရမယ်။ စာကြည့်တိုက်အတွက် အချိန်ပေးရမယ်။ စာအုပ်ငှားစနစ်တွေလုပ်ရမယ်။ စာကြည့်တိုက် ရန်ပုံငွေရအောင် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နိုင်ဖို့ စာကြည့်တိုက်မှူးနဲ့ ကော်မတီတွေက အစီအစဉ်တွေလုပ်ရမယ်။

စာကြည့်တိုက်ကော်မတီဝင်နဲ့ စာကြည့်တိုက်မှူးရဲ့ အရည်အချင်းမြှင့်တင်မှုနဲ့ အတွေးအခေါ်ကောင်းမှ စာကြည့်တိုက်အတွက် အစီအစဉ်တွေ ချမှတ်လာနိုင်မယ်။ ဒီတော့ နောက်ကျရင် ဖောင်ဒေးရှင်းက သင်တန်းခေါ်ပေးမယ်။ နောင်နှစ်စဉ် စာကြည့်တိုက်မှူးညီလာခံတွေ လုပ်ပေးမယ်။

စာကြည့်တိုက်ဖောင်ဒေးရှင်းက အလှူရှင်တွေ လာရောက်လှူဒါန်းတဲ့ စာအုပ်တွေနဲ့ ဖောင်ဒေးရှင်း ရန်ပုံငွေကနေ တစ်နှစ်ကို ကျပ်သိန်း ၂၀၀ ဖိုး စာအုပ်တွေဝယ်ယူပြီး တစ်နိုင်ငံလုံးကို ဖြန့်နေပါတယ်။ စာအုပ်တွေက ဈေးကြီးတော့ ကလေးတွေ၊ လယ်သမားတွေ၊ မွေးမြူရေးလုပ်ကိုင်သူတွေ အစရှိတဲ့ စာဖတ်သူတွေအတွက် ဗဟုသုတရှိအောင်ဆိုပြီး ရသစာပေတွေထက် သုတစာပေတွေကိုသာပိုပြီး ဖြန့်နိုင်ပါတယ်။ စာဖတ်သူတွေအတွက် ကောင်းမွန်တဲ့ ရသစာပေ စာအုပ်တွေကိုတော့ စာဖတ်သူများများရှိတဲ့ ပြန်/ဆက် စာကြည့်တိုက်တွေကိုပို့ပေးပါတယ်။

စာကြည့်တိုက်ဆိုတာ အရေအတွက်ထက် အရည်အသွေးက ပိုအရေးကြီးပါတယ်။ စာကြည့်တိုက်မှာ ပါဝင်လုပ်ကိုင်သူတွေဟာလည်း ဝါသနာမပါဘဲလုပ်ရင် အလကားပဲ။ ဝါသနာနဲ့တတယ့်စေတနာ ပေါင်းစပ်လိုက်မယ်ဆိုရင် စာကြည့်တိုက်တွေက ဖြစ်ထွန်းပါတယ်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင် ဦးချစ်နိုင်

ပြည်သူတွေမှာ စာပေဖတ်မှတ်တဲ့ အလေ့အကျင့်ကောင်းတွေရဖို့ဆိုတာ ကိုယ်တိုင်လည်း အားထုတ်မှုရှိဖို့ လိုအပ်တယ်။ ဥပမာ-စာစဖတ်မယ်ဆိုရင် တက္ကသိုလ်ဘုန်းနိုင် စာအုပ်ဖတ်ကြည့်တယ်။ မကြိုက်သေးဘူး၊ ခင်ဆွေဦး ဖတ်ကြည့်တယ် မကြိုက်သေးဘူး၊ ခင်နှင်းယုဖတ်ကြည့်တော့ ကြိုက်ပြီစသဖြင့်ပေါ့။ ကိုယ်ကြိုက်တာကိုဖတ်၊ ဟာသဝတ္ထုကြိုက်ရင်ဖတ်၊ စုံထောက်ဝတ္ထုကို ကြိုက်ရင်ဖတ်၊ အချစ်ဝတ္ထုကိုကြိုက်ရင်ဖတ်၊ ဖတ်ရင်းနဲ့ရိုးသွားတော့ အချစ်ဝတ္ထုမဖတ်ချင်တော့ဘူး။ ဘဝသရုပ်ဖော်ဖတ်ချင်တယ်။အဲဒီလို အဆင့်ဆင့် တက်သွားတာ။ နောင်မှာ ရွှေဥဒေါင်းတို့၊ ပီမိုးနင်းတို့၊ မောင်ထွန်းသူ၊ ဆရာမြသန်းတင့်တို့၊ မောင်ပေါ်ထွန်းတို့ရေးတဲ့ စာကောင်းပေကောင်းတွေ နိုင်ငံတကာကစာအုပ်တွေကို ထိတွေ့လာတာပေါ့။ အဲ့ဒီလိုကိုယ်တိုင်လည်း အားထုတ်ရတယ်။ ကိုယ်တိုင်က ငါစာဖတ်မှ ဘဝမှာ တိုးတက်မှာ။ ၂၁ ရာစုက ပညာခေတ်၊ ပညာမတတ်ရင် သူများအခိုင်းခံရမယ်၊ ရုန်းကန်ရမယ်၊ စာဖတ်မှ ၂၁ ရာစုမှာ လူရာဝင်မှာလို့ တွေးခေါ်တတ်ရမယ်။ ကျွန်တော်တို့နိုင်ငံက လူတွေ ထိုင်း၊ မလေးရှား၊ စင်ကာပူတို့မှာသွားပြီး အလုပ်တွေသွားလုပ်ရတယ်။ ဘာလို့ လုပ်ရလဲ ပညာမတတ်လို့။ ပညာဆိုတာ အတန်းပညာမဟုတ်ဘူး။ ကိုယ့်အသက်မွေးဝမ်းကျောင်းအတွက် ဘယ်ပညာကို ကျွမ်းကျင်အောင် လုပ်နိုင်သလဲ။ ထမင်းချက်တဲ့ ပညာပဲဖြစ်ဖြစ်၊ မုန့်ဖုတ်တဲ့ ပညာဖြစ်ဖြစ် တစ်ခုခုကျွမ်းကျင်အောင်လုပ်နိုင်ရင် မြန်မာပြည်မှာ ထမင်းမငတ်ပါဘူး။ အဲဒီလိုပညာတွေ ဘယ်မှာရှိသလဲ။ စာပေထဲမှာရှိတယ်။ သုတစာပေ၊ ရသစာပေတွေထဲမှာရှိတယ်။ စာမဖတ်ဘူးလား လူတစ်လုံးသူတစ်လုံး မဖြစ်နိုင်ဘူး။ စာအုပ် စာပေဖတ်တဲ့သူက ပိုပြီးမြင့်မားသွားမှာပဲ။ ဒါကြောင့် ကျောင်းသား ကျောင်းသူ၊ အရပ်သူ အရပ်သား၊ ဈေးသည် အကုန်လုံးစာဖတ်သင့်တာပဲ။ ဘယ်သူမဆို တွေ့သမျှ စာကိုဖတ်တဲ့အလေ့အကျင့်ပျိုးထောင်ရမယ်။ ဖတ်ရင်းနဲ့ စာဖတ်တဲ့အရသာ၊ အကျိုးကို သိသွားမယ်၊ တန်ဖိုးရှိတဲ့ ပညာတွေကို ရသွားမယ်ဆိုရင် စာဖတ်ကိုဖတ်မယ်။ အဲဒီလိုလူတွေ စာပေဖတ်မှတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရလာအောင် ကျွန်တော်တို့ဖောင်ဒေးရှင်းက စေတနာ့ဝန်ထမ်းတွေကလည်း ပျိုးထောင်ပေးနေပါတယ်။ စာဖတ်ချင်တဲ့သူတွေ စာအုပ်အဆင်သင့်ရှိအောင်၊ စာဖတ်ဖို့အတွက် ရုပ်ဝတ္ထုပစ္စည်းတွေပြည့်စုံအောင် ဖြည့်ဆည်းပေးထားတယ်။ ပြည်သူတွေစာဖတ်မှ တိုင်းပြည်အဆင့်အတန်း မြင့်မယ်။ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ တိုးတက်တယ်။ ဘာလို့တိုးတက်သလဲ၊ ပြည်သူတွေ စာဖတ်လို့၊ ပြည်သူတစ်ဦးချင်းရဲ့ အရည်အသွေးမြင့်လို့ တိုင်းပြည်မြင့်လာတယ်။ ဒါက နိုင်ငံရေးပဲ။ ပါတီနိုင်ငံရေးမဟုတ်ဘူး။ ပြည်သူလူထု တိုင်းပြည်လူမျိုး မြင့်မားဖို့ အခြေခံအကျဆုံး ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူတွေအားလုံးစာဖတ်ဖို့လိုတယ်လို့ ပြောချင်ပါတယ်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးချစ်စံဝင်း

စာကြည့်တိုက်များ ဖောင်ဒေးရှင်းအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စာကြည့်တိုက်တွေမှာ စံငါးချက်နဲ့ညီတဲ့ စာကြည့်တိုက် ဘယ်လောက်ရှိလဲဆိုပြီး စာရင်းအတိအကျရအောင် ကြိုးစားခဲ့ပါတယ်။ စာကြည့်တိုက်တည်ထောင်ချင်တဲ့ စိတ်ဓာတ်တွေ တိုးပွားလာအောင် ကြိုးစားတယ်။ စာကြည့်တိုက်ဖောင်ဒေးရှင်းရှိတယ်ဆိုတာ ပြည်သူတွေသိအောင် အသိပညာပေးတယ်။ အလှူခံရရှိတဲ့ စာအုပ်တွေကိုတစ်တိုင်းပြည်လုံးက စာကြည့်တိုက်တွေဆီ ဝေငှတယ်။ စာကြည့်တိုက် ဖောင်ဒေးရှင်းက နှစ်စဉ် သိန်း ၂၀၀ဖိုး စာအုပ်တွေဝယ်ယူပြီး စာကြည့်တိုက်တွေဆီကို ဖြန့်ဖြူးတယ်။ စာကြည့်တိုက်နဲ့ပတ်သက်တဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေကို ပြန်/ဆက်ဦးစီးဌာနနဲ့ ပူးပေါင်းပြီးလုပ်ကြတာဖြစ်ပါတယ်။

စာဖတ်ပရိသတ်ရဲ့ ဖြတ်သန်းရတဲ့ နိုင်ငံရေးခရီးနဲ့အညီ ဖတ်ရှုတဲ့ စာပေတွေက မကြာခဏ ပြောင်းလဲတယ်။ အရင်တုန်းက အတွေးအခေါ်ပညာတွေမှ လိုက်ဖက်တဲ့ခေတ်၊ စုန်းကဝေစာပေတွေခေတ်စားတဲ့ခေတ်စသဖြင့် ရှိခဲ့တယ်။ အခုဆိုရင်တော့ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ သတင်းတွေ၊ ဒီမိုကရေစီနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို စာဖတ်ပရိသတ်တွေက အားသန်နေတော့ ရသစာပေဖတ်ရှုသူ နည်းလာတယ်။ ရေးတဲ့သူဘက်ကလည်း စားဝတ်နေရေးအရ ပြည်သူတွေဖတ်တဲ့ အကြောင်းအရာကို ပြောင်းရေးရတော့ ရသစာပေ ရေးသားမှုအပိုင်း နည်းလာတယ်။

စာကြည့်တိုက်တွေမှာ စာအုပ်ကောင်းတွေရှိပြီး စာအုပ်ပျောက်မှာစိုးလို့ သော့နဲ့ပိတ်ထားတာမျိုး၊ စာဖတ်သူမရှိတာမျိုးဆိုရင် စာကြည့်တိုက်မရှိတာနဲ့ အတူတူပဲ။ ဒီတော့ စာဖတ်ချင်တဲ့ စိတ်ဓာတ်မြင့်လာအောင် လုပ်ပေးဖို့ အရေးကြီးတယ်။ စာဖတ်ချင်တဲ့ စိတ်မရှိဘဲနဲ့ စာအုပ်တွေပုံပေးထားရင် အလကားပဲ။ ဒါကြောင့် စာဖတ်ချင်တဲ့စိတ် ထွန်းကားအောင် ငယ်ငယ်လေးကတည်းက ပျိုးထောင်မှ ရမယ်။

စာကြည့်တိုက်တွေ ဘာလို့လိုက်ဖွင့်နေတာလဲဆိုရင် အတန်းသင်ပညာရေးရှိတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်စာတွေ သင်ကြတယ်။ ဥပမာအားဖြင့် မူလတန်းမှာ ကျောင်းဝင်တဲ့သူ တစ်သန်းရှိပေမယ့် တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျောင်းသားက ငါးသောင်းပဲရှိမယ်။ ဒါဆိုရင် ကျန်တဲ့ ကိုးသိန်းငါးသောင်းက ကျောင်းကနေ ထွက်သွားတယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။ အတန်းသင်ပညာရေးမပြီးသေးဘဲ ကျောင်းထွက်သွားရတဲ့ အဲလိုလူတွေအများကြီးပဲ။ အဲလိုလူထုပညာရေးအတွက် စာကြည့်တိုက်တွေကို ရွာတွေမှာဖွင့်ပေးမယ်။ အသက်သာ ဆုံးဈေးနှုန်းနဲ့ စာဖတ်ခွင့်ရမယ်။ သူတို့နဲ့ အနီးကပ်ဆုံးပညာရေး တက္ကသိုလ်ကြီးတွေဟာ စာကြည့်တိုက်ကြီးတွေပဲဖြစ်ပါတယ်။ အသိဉာဏ်ရဖို့အတွက် ဘယ်အချိန်ဖြစ်ဖြစ် စာကြည့်တိုက်တွေကိုသွားလို့ရတယ်။ ကျေးရွာစာကြည့်တိုက်ဟာ ကျေးရွာပြည်သူတွေ ပညာပေးဖို့အတွက် အရေးကြီးဆုံးနေရာဖြစ်တဲ့အတွက် ကျေးလက်တိုင်း၊ ရပ်ကွက်တိုင်းမှာ စာကြည့်တိုက်တွေပျိုးထောင်ဖို့ လိုပါတယ်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဦး(ဟိန်းလတ်)

အခုခက်နေတာက ကျောင်းသားကျောင်းသူတွေအတွက် ကျောင်းစာကြည့်တိုက်တွေ ဖွင့်ပေးတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် ကျောင်းစာကြည့်တိုက်တွေမှာ အတန်းတိုင်းက စာကြည့်တိုက်ဝင်ချိန်ဆိုတာရှိတယ်။ ဥပမာ-ဒီနေ့ အဋ္ဌမတန်းအချိန်ဆိုရင် အဋ္ဌမတန်းက သွားပြီး စာဖတ်ကြရတယ်။

စာမျက်နှာ ၅ ကော်လံ ၅ သို့

> “ကျောင်းတွေမှာ ဟန်ပြမဟုတ်ဘဲ တကယ့်စာကြည့်တိုက်တွေ ဖြစ်ထွန်းလာဖို့ လိုမယ်။ ကျပန်းစကားပြောပြိုင်ပွဲတွေဆိုရင်လည်း အလွတ်ကျက်ပြောတာမျိုးမဟုတ်ဘဲ တကယ်စာဖတ်ပြီး ပြောတာမျိုးတွေ ဖြစ်လာဖို့လိုတယ်။ စာကြည့်တိုက်ဖောင်ဒေးရှင်းက လိုချင်တဲ့အနှစ်သာရမျိုးဖြစ်အောင် ကြိုးစား”

နိုင်ငံတကာသတင်း

အီဘိုလာဖြစ်ပွားနိုင်ငံများမှ ခရီးသည်များလာရောက်မှု ကင်ညာနိုင်ငံက နယ်စပ်ကို ပိတ်ထားမည်ဟုဆို

နိုင်ရိုဘီ ဩဂုတ် ၁၇

အီဘိုလာရောဂါဖြစ်ပွားနေသော နိုင်ငံများဖြစ်သည့် ဂီနီ၊ လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်းနိုင်ငံများမှ ခရီးသွားများအား ဝင်ခွင့်ပေးနိုင်တော့မည်မဟုတ်ကြောင်း၊ ၎င်း၏နယ်စပ်ကို ပိတ်ထားမည်ဖြစ်ကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားလိုက်သည်။

အဆိုပါနိုင်ငံများသို့ သွားရောက်ခဲ့သည့် ကင်ညာနိုင်ငံသားများနှင့် ဆေးဘက်ဆိုင်ရာအလုပ်သမားများကိုသာ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ကင်ညာကျန်းမာရေးဌာနက ပြောကြားသည်။

ကင်ညာလေကြောင်းလိုင်းက လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်းသို့ ပျံသန်းပြေးဆွဲမှုကို ဗုဒ္ဓဟူးနေ့မှ စတင်ကာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ကင်ညာနိုင်ငံသည် ဒေသတွင်းခရီးသွားများ ဝင်ထွက်သွားလာရာ အဓိကဒေသဖြစ်နေခြင်းကြောင့် အီဘိုလာရောဂါဖြစ်နိုင်သည့် နိုင်ငံဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ပြောကြားလိုက်သည်။

အဆိုပါ အီဘိုလာရောဂါသည် ဖေဖော်ဝါရီလက ဂီနီနိုင်ငံ၌ စတင်ဖြစ်ပွားခဲ့ပြီး လိုက်ဘေးရီးယား၊ ဆီရာလီယွန်းနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့၌ ပျံ့နှံ့ဖြစ်ပွားခဲ့သည်။ သောကြာနေ့အထိ အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၁၄၅ ဦး ရှိသွားပြီဖြစ်သည်။ ဩဂုတ် ၁၃ ရက်အထိ နှစ်ရက်အတွင်း ထပ်မံသေဆုံးသူ ၇၆ ဦးရှိပြီး ရောဂါကူးစက်ခံရသူ ၂၁၂၇ ဦးရှိသွားပြီဖြစ်သည်။

ကင်ညာနိုင်ငံတွင် အီဘိုလာ သံသယရှိသူလေးဦးရှိပြီး ရောဂါရှိ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း စောစောပိုင်းတွင် ကင်ညာကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **(ဘီဘီစီ)**

ကြက်ခြေနီတပ်ဖွဲ့ဝင်ငါးဦး အာဖဂန်၌ ပြန်ပေးဆွဲခံရ

ကဘူးလ် ဩဂုတ် ၁၇

အာဖဂန်အနောက်ပိုင်းပြည်နယ် ဟီရတ်၌ ကြက်ခြေနီတပ်ဖွဲ့ဝင်ငါးဦး ပြန်ပေးဆွဲခံခဲ့ရကြောင်း အာဖဂန်နစ္စတန်အခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့(အိုင်စီအာရ်စီ)က ပြောခဲ့သည်။

၎င်းကြက်ခြေနီတပ်ဖွဲ့ဝင်များ ခရီးသွားနေစဉ် ဒေသတွင်းလက်နက်ကိုင်အဖွဲ့က ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။ အိုင်စီအာရ်စီသည် လက်ရှိအချိန်၌ အသင်း၏လုံခြုံရေးအတွက် အမျိုးမျိုးသော အဖွဲ့အစည်းများနှင့် ဆက်သွယ်လုပ်ဆောင်လျက်ရှိသည်ဟု အိုင်စီအာရ်စီပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ပြည်နယ်ရဲအရာရှိ၏ ပြောကြားချက်အရ လက်နက်ကိုင်များသည် ရွာများသို့ သိုးများဖြန့်ဝေပေးနေသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် အိုင်စီအာရ်စီမော်တော်ယာဉ်ကို ရပ်ခိုင်းခဲ့ကြောင်း၊ တိုက်ခိုက်ရေးသမားများသည် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သိုးများကိုပါ ယူဆောင်သွားခြင်းဖြစ်သဖြင့် စစ်သွေးကြွများ၏ တိုက်ခိုက်မှုမဟုတ်ဘဲ ဓားပြတိုက်မှုသာ ဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါပြန်ပေးဆွဲမှုကို မည်သည့်အဖွဲ့က လုပ်ဆောင်သွားကြောင်း မသိရသေးသော်လည်း ဒေသအာဏာပိုင်များက အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည့် တာလီဘန်စစ်သွေးကြွများကို ပြစ်တင်ပြောဆိုလျက်ရှိသည်။

တာလီဘန်စစ်သွေးကြွများသည် အာဖဂန်တပ်ဖွဲ့ဝင်များ၊ နိုင်ငံခြားသား တပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို ပစ်မှတ်ထားကာ လမ်းဘေးထောင်ဗုံးများ၊ ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုကြသည်။ ၎င်းတို့သည် အမေရိကန်တို့ ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ အာဖဂန်နိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် ဆုတ်ခွာမည့် အစီအစဉ်မတိုင်မီ တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

ဘိုကိုဟာရမ်အဖွဲ့မှ ပြန်ပေးဆွဲခဲ့သည့် နိုင်ဂျီးရီးယား ၈၅ ဦး ကင်းလှည့်ချတ်ဒ်တပ်ဖွဲ့ဝင်များက ကယ်တင်လိုက်နိုင်

ချတ်ဒ် ဩဂုတ် ၁၇

ယခုသီတင်းပတ်အတွင်း သံသယရှိ ဘိုကိုဟာရမ်စစ်သွေးကြွများက ပြန်ပေးဆွဲသွားခဲ့သော နိုင်ဂျီးရီးယားကျေးရွာသား ၈၅ ဦးအား ချတ်ဒ်တပ်ဖွဲ့ဝင်များက ကယ်တင်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ချတ်ဒ်တပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးကင်းလှည့်စဉ် အဆိုပါကျေးရွာသားများနှင့် သေနတ်သမားများအားတင်ဆောင်လာသောယာဉ်တန်းနှင့် ထိပ်တိုက်တိုးမိပြီး ကြားဖြတ်တိုက်ခဲ့ကြောင်း ချတ်ဒ်လုံခြုံရေးတာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

ဘိုကိုဟာရမ်အဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အိမ်နီးချင်း ကင်မရွန်းနယ်စပ်တို့မှ ရာနှင့်ချီသော ဒေသခံပြည်သူများအား ပြန်ပေးဆွဲနေသည်ဟု စွပ်စွဲခံနေရသည်။ အဆိုပါအဖွဲ့သည် ၎င်းတို့ဒေသ၌ အစ္စလာမ္မစ်နိုင်ငံထူထောင်ရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းတို့သည် ဧပြီလအတွင်းက နိုင်ဂျီးရီးယားထိန်းချုပ်ရာ ဘော်နိုပြည်နယ် ချီဘော့မြို့မှ ကျောင်းသူ ၂၀၀ ကျော်အား ပြန်ပေးဆွဲသွားခဲ့သည်။

ဒါဇင်နှင့်ချီသော အမျိုးသား၊ အမျိုးသမီးနှင့်ကလေးများကို တနင်္ဂနွေနေ့က ဒိုရွန်ဘတ်ကျေးရွာမှလှေဖြင့် တင်ဆောင်ကာ ပြန်ပေးဆွဲသွားခဲ့ကြောင်း၊ ၂၆ ဦးကို ဝင်ရောက်စီးနင်းစဉ် သေနတ်ဖြင့် ပစ်သတ်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းကဲ့သို့ဝင်ရောက်စီးနင်းစဉ် လူပေါင်း ၈၅ ဦး ပြန်ပေးဆွဲခံရပြီး ချတ်ဒ်တပ်ဖွဲ့ဝင်များနှင့် တွေ့ရှိပြီးနောက် ၎င်းတို့ အားကယ်တင်နိုင်ခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဂါဇာကိုခုနစ်နှစ်ကြာ ပိတ်ဆို့ထားမှု အဆုံးသတ်သင့်ပြီဖြစ်ကြောင်း ကုလတိုက်တွန်း

ကုလသမဂ္ဂ ဩဂုတ် ၁၇

အစ္စရေးတို့အနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းပြည်သူများအား ခုနစ်နှစ်ကြာ ပိတ်ဆို့ထားမှုကို အဆုံးသတ်သင့်ပြီဖြစ်ကြောင်း လူသားချင်းစာနာမှုဆိုင်ရာ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက မေတ္တာရပ်ခံပြောဆိုလိုက်သည်။

"အဆွေတော်တို့အနေဖြင့် ဂါဇာကို အရေးယူပိတ်ဆို့မှုမပြုလုပ်သင့်တော့ပါဘူး။ ဒီပိတ်ဆို့မှုက နိုင်ငံတကာဥပဒေအရလည်း မကိုက်ညီပါဘူး"ဟု ကုလသမဂ္ဂပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာအေဂျင်စီ အကြီးအကဲခရာဟမ်ဘူးလ်က စနေနေ့တွင် သတိပေးပြောကြားလိုက်သည်။

ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံတို့အကြား အပစ်အခတ်ရပ်စဲရေးကိုလည်း တိုးချဲ့လုပ်ဆောင်သွားရန် ၎င်းကုလသမဂ္ဂထိပ်တန်းတာဝန်ရှိသူက တိုက်တွန်းလိုက်သည်။ ပါလက်စတိုင်းလူငယ် ၆၅ ရာခိုင်နှုန်းသည် အလုပ်အကိုင်မရှိဘဲဖြစ်နေကြကြောင်း၊ များပြားလာသော ပြည်သူများသည် ကုလသမဂ္ဂမှ အစားအစာများ ထောက်ပံ့ပေးနေရကြောင်း၊ ယင်းမှာ အစ္စရေးတို့၏ ပိတ်ဆို့ထားမှုကြောင့်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားလူမျိုးစုအဖွဲ့ ၇၀၀ကျော် သူပုန်များက ခေါင်းဖြတ်ကွပ်မျက်

ဒမတ်စကတ် ဩဂုတ် ၁၇

အိုင်ဆစ် အကြမ်းဖက်သမားများက ဆီးရီးယားနိုင်ငံအရှေ့ပိုင်း၌ လူပေါင်း ၇၀၀ ကျော်ကို ကွပ်မျက်လိုက်ကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ တစ်ဖွဲ့က ပြောသည်။

အဆိုပါသတ်ဖြတ်ခံရမှုတွင် ရှိတ်တာအတ်လူမျိုးစု အများဆုံးပါဝင်ကြောင်း၊ ၎င်းတို့သည် ဒီယာအယ်လ်ဇောပြည်နယ်၌ ခေါင်းဖြတ်သတ်ခံရခြင်းဖြစ်ကြောင်း ဆီးရီးယားအစိုးရကို ဆန့်ကျင်နေသော ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

စစ်သွေးကြွများက ဇူလိုင်လတွင် ရေနံလုပ်ကွက်တစ်ခုကို သိမ်းပိုက်ခဲ့ပြီးနောက် အိုင်ဆစ်သူပုန်များနှင့် အဆိုပါ လူမျိုးစုတို့အကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့သည်။

"ဒီကွပ်မျက်ခံရတဲ့သူတွေ အားလုံးဟာ အယ်လ်ရှိတ်အတ်လူမျိုးစုတွေပါ။ ဒီလူမျိုးစုဟာ ၇၀၀၀၀ သာရှိပါတော့တယ်"ဟု ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ရာမီအယ်ဒယ်ရာမန်က ပြောကြားသည်။

"ဒီလူမျိုးစုအဖွဲ့ဝင် ၁၈၀၀ ကျော်ဟာလည်း ပျောက်ဆုံးနေဆဲပါ"ဟု ယူကေအခြေစိုက်စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံအတွင်း လှုပ်ရှားနေသော အိုင်ဆစ်စစ်သွေးကြွများအား လက်နက်ဖြုတ်သိမ်းရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက သောကြာနေ့တွင် ချမှတ်လိုက်သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း (ကျား/မ) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(ဘော်လီဘော) လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း တက်ရောက်ဖွင့်လှစ်၍ အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပွဲစဉ်များကို အစီအစဉ်အတိုင်း ကျင်းပသည်။

ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ လေ့ကျင့်ရေးကျောင်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များမှ အမျိုးသား အမျိုးသမီး စုစုပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်ကြ၍ ပြိုင်ပွဲကို ဩဂုတ် ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားသို့ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦးနှင့် ရဲမှူးချုပ်များ၊ ရဲမှူးကြီးများ၊ ဦးစီးဌာနနှင့် တပ်ဖွဲ့များမှတပ်ဖွဲ့ဝင်များ၊ မိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သိန်းနီ၊ ဖန်းမော်နှင့် မြဝတီမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



သန်းနိုင်ထွန်းအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၇

ဩဂုတ် ၁၄ ရက်က သိန်းနီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သိန်းနီမြို့နယ် ပန်ဖတ်ရဲကင်းရှေ့ လမ်းမပေါ်တွင် သိန်းနီဘက်မှ လားရှိုးဘက်သို့ ဆိုင်ကယ်စီးလာသူ သန်းနိုင်ထွန်းကို ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ပုဆိုးယာဘက်ခါးကြားလိပ်အတွင်းမှ 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀ သိမ်းဆည်းရမိသဖြင့် သန်းနိုင်ထွန်း(၃၅ နှစ်)အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိသည်။

ထို့အပြင် ဩဂုတ် ၁၅ ရက်က မူးယစ်တပ်ဖွဲ့စု(၁) ဖန်းမော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖန်းမော်မြို့နယ် စင်းခမ်းကျေးရွာနေ မပြုံးရီ၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်း

မပြုံးရီကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ခုတင်ပေါ်မှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိသဖြင့် မပြုံးရီ

စောဘူးပေ၊ အောင်မြဝင်း၊ အောင်ခန့်မော်၊ မညိုညိုဝင်းနှင့် မတင်တင်ညိုတို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

(၅၆ နှစ်)အပေါ် အမှုဖွင့်အရေးယူထားသည်။

ထို့အတူ မူးယစ်တစ်ဖွဲ့စု ၃၂ မြဝတီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ ရပ်ကွက်(၄) အောင်မြေရွှေဘုံရပ် စကြာကုန်းနေ စောဘူးပေ၏နေအိမ်ကို ဩဂုတ် ၁၅ ရက်က ရှာဖွေရာ ၎င်းနှင့်အတူ မညိုညိုဝင်း၊ အောင်ခန့်မော်၊ မတင်တင်ညိုနှင့် အောင်မြဝင်းတို့ငါးဦးကို နေအိမ်ဧည့်ခန်းအတွင်းတွေ့ရှိရပြီး မညိုညိုဝင်း၏ ရှေ့တွင်ချထားသည့် စလင်းဘတ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြား ၂၀၈၆၀၊ မြန်မာငွေကျပ် သုံးသိန်း၊ လက်ကိုင်ဖုန်းတစ်လုံး၊ 7B/4632 နံပါတ်ပါ အဖြူရောင် SURF ကားတစ်စီးတို့ကို သိမ်းဆည်းရမိသဖြင့် မညိုညိုဝင်း (၄၂ နှစ်)၊ စောဘူးပေ (၄၈ နှစ်)၊ မတင်တင်ညို (၄၄ နှစ်)၊ အောင်ခန့်မော်(၃၁ နှစ်)နှင့် အောင်မြဝင်း (၃၉ နှစ်)တို့ ငါးဦးအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

နောက်တစ်နေ့ နဝမတန်း၊ အဲလို အလှည့်ကျပေါ့။ စာဖတ်ချိန်ကို အချိန်ဇယားသတ်မှတ်ပေးတယ်။ သွားပြီး စာဖတ်ကြရတယ်။ အဲလိုဖတ်ပြီးရင် ဆရာ ဆရာမတွေက အရင်တစ်ပတ်က ဖတ်ခဲ့တဲ့စာတွေကို မြန်မာစာ၊ အင်္ဂလိပ်စာနဲ့ စာစီစာကုံးပြန်ရေးခိုင်းတယ်။ တချို့ အချက်အလက်တွေမှားနေရင်ပြန်ပြင်ပေးတယ်။ နောက်တစ်ခါ ပြန်ဖတ်လိုက်ဦးဆိုပြီး စာကြည့်တိုက်ကို အသုံးချကြရတယ်။ အဲဒီခေတ်က ကလေးတွေ၊ ကျောင်းသားတွေဟာ ကျောင်းမှာကတည်းက စာဖတ်တဲ့အကျင့်ရနေပြီ။ စာဖတ်ရှိန်ရနေတယ်။ အပြင်ရောက်တဲ့အခါမှာလည်း အပြင်စာတွေ ဖတ်ကြတယ်။

အခုခေတ်က စာဖတ်တဲ့အချိန်မထားတော့ဘူး။ ကျောင်းစာတွေနဲ့ပဲ အကုန်ပိနေတယ်။ ကလေးတွေက ကျောင်းပြီးရင် ကျူရှင်၊ ဒါမှ မဟုတ် TV ကြည့်ကြတယ်။ အင်တာနက်သုံးကြတယ်ဆိုတော့ စာမဖတ်ကြတော့ဘူး။ စာဖတ်ရှိန်ကျလာတယ်။ ကျောင်းသား ကျောင်းသူတွေဟာ ကျောင်းနေတုန်းကလည်း စာဖတ်ဖို့အချိန်နည်းသွားတယ်။ အပြင်ရောက်တဲ့အခါမှာလည်း အလေ့အကျင့်နည်းသွားတဲ့အတွက် စာဖတ်ဖို့ဝါသနာတောင် မပါတော့ဘူး။ အပြင်လောကမှာ ဗီဒီယိုတွေ၊ အင်တာနက်တွေများလာလို့ စာဖတ်တာ နည်းတယ်လို့ ပြောကြတယ်။ မဟုတ်ပါဘူး။ အခြားနိုင်ငံတွေမှာ ဒီ့ထက်တောင် အပျော်အပါးတွေများ ကြပါတယ်။ ဒါပေမယ့် စာတွေဖတ်ကြတယ်။ ဒါကြောင့် ဒီမှာလည်းစာဖတ်တဲ့ အရှိန်တွေမြင့်လာအောင် စာဖတ်တဲ့ အလေ့အကျင့်တွေ ရလာအောင် ကျောင်းမှာကတည်းက စာဖတ်တဲ့ အလေ့အကျင့် တိုးပွားလာအောင် ပညာရေးစနစ်ကိုလည်း ပြုပြင်ပြောင်းလဲဖို့လိုတယ်လို့ ပြောချင်ပါတယ်။

နန္ဒာဝင်း၊ မြတ်သန္တာမောင်

ရွှေလုပ်ငန်းလုပ်ကိုင်ရန် မြေတူးနေစဉ် မြေပြိုကျပြီး လူတစ်ဦးသေဆုံး

ဖန်းမောက် ဩဂုတ် ၁၇

ကသာခရိုင် ဖန်းမောက်မြို့နယ် မြို့မရဲစခန်း၏မြောက်ဘက် ၁၆ မိုင်ခန့်အကွာ မံထုံရွာသစ်ကွင်း မဲဇာချောင်းအနီးတွင် လူတစ်ဦးမြေပိ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၄ ရက် ညနေ ၄ နာရီ မိနစ် ၅၀က ဒုရဲအုပ်ဉာဏ်တင်သည် မံထုံရဲကင်းတွင် ရဲကင်းမှူး တာဝန်ဆောင်ရွက်နေစဉ် မံထုံရွာသစ်ကွင်း မဲဇာချောင်းအနီး လူတစ်ဦး မြေပိသေဆုံးကြောင်း သတင်းအရ သက်သေမံထုံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်ထွန်း၊ ရပ်မိ ရပ်ဖ ဦးဖိုးနီတို့နှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါနေရာတွင် သေဆုံးသူမှာ မျိုးမြင့်(၂၈ နှစ်) မောင်တောမြို့ ရခိုင်ပြည်နယ်နေသူဖြစ်ပြီး ၎င်းသည် လက်လုပ်လက်စား ရွှေလုပ်ငန်းလုပ်ကိုင်ရန် ယခင်ကျင်းဟောင်းမြေနေရာတွင် မြေတူးစဉ် မြေကမ်းပါးမှမြေများပြိုကျခဲ့ကာ မြေပိမိ၍ ဒဏ်ရာဖြင့်သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးသိရှိနိုင်ရန် ဒုရဲအုပ်ဉာဏ်တင်က တရားလိုပြုလုပ်တိုင်းတန်းခဲ့ရာ ဖန်းမောက်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

မူးယစ်ဆေးဝါးအစ၊ ဆေးလိပ်က

“ကျန်းမာပျော်ရွှင် နေနိုင်ဖို့ မူးယစ်ဆေးကို ရှောင်ကြစို့”

လားရှိုး၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ခတ်ခူး၊ ဘိန်းဆီခဲများ ဖမ်းဆီးရမိ

လားရှိုး ဩဂုတ် ၁၇

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် ညနေ ၆ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကြိုတင်သတင်းရရှိထားသည့် လားရှိုးမြို့နယ် နားဖကျေးရွာအဝင် လားရှိုး-မိုင်းယော်သွားကားလမ်းတွင် စောင့်ဆိုင်းနေစဉ် မိုင်းယော်ကျေးရွာမှ လားရှိုးမြို့ဘက်သို့ ယာဉ်မောင်း စိုင်းခမ်းလူမောင်းနှင်လာသည့် မော်တော်ယာဉ်အမှတ် 3D/------- (TOYOTA Hilux Surf KZN 185)အား အသေးစိတ် ရှာဖွေရာ ယာဉ်ခေါင်မိုးပေါ်ရှိ ကတ်ခြင်းကိုင်းနှစ်ကိုင်း၏ ရှေ့ဘယ်/ညာအတွင်း တိပ်အဝါဖြင့်ပတ်လျက် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်အတွင်း 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ နှစ်ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ပြား အလေးချိန် ၄၀ ဂရမ်နှင့် စက်ခန်း IC Box အတွင်း ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် ခတ်ခူး အလေးချိန် ၁၁ ဂရမ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စိုင်းခမ်းလူအား စစ်ဆေးဖော်ထုတ်ချက်အရ နေအိမ်တွင် သုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန် စိတ်ကြွရူးသွပ်ဆေးပြားတစ်ထုပ်နှင့် ဘိန်းဆီခဲတစ်ထုပ် သိမ်းဆည်းထားကြောင်း ပေါ်ပေါက်သဖြင့် ည ၇ နာရီခွဲတွင် စိုင်းခမ်းလူ၏နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ၎င်းအိပ်သည့် အိပ်ခန်းအတွင်းဗီရိုပေါ်မှ တိပ်ဖြင့်ပတ်လျက် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်အတွင်း 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄ ပြား အလေးချိန် ၁၇ ဒသမ ၄ ဂရမ်၊ ကြွပ်ကြွပ်အိတ်စဖြင့်ထုပ်လျက် ဘိန်းဆီခဲ အလေးချိန် ၄၀ ဂရမ်တို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိ သယ်ဆောင်ဖြန့်ဖြူးရောင်းချသူ စိုင်းခမ်းလူ (၃၉နှစ်) ယာဉ်မောင်း၊ ရပ်ကွက်(၁၂) နယ်မြေ (၃)၊ လားရှိုးမြို့နေသူကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဘော်မြေသား (iprd)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ ပြောင်းလဲမှုစီမံခြင်း

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ကျွန်တော် ကုလသမဂ္ဂမှာ တာဝန်ယူစဉ် ၁၉၉၇ ခုနှစ်မှစပြီး UN Reform လို့ခေါ်တဲ့ ကုလသမဂ္ဂ အဖွဲ့အစည်း ပြုပြင်ပြောင်းလဲမှုကို တာဝန်ယူပြီး ဆောင်ရွက်ခဲ့ရတယ်။ ကုလသမဂ္ဂဝန်ထမ်းကောလိပ်မှာ တာဝန်ယူရင်း Change Management လို့ခေါ်တဲ့ ပြုပြင်ပြောင်းလဲမှုစီမံခြင်း ဘာသာရပ်ကို လေ့လာခဲ့တယ်၊ ဆည်းပူးခဲ့တယ်။

ငယ်ငယ်တုန်းက ကျွန်တော် စီမံခန့်ခွဲမှုပညာ သင်ကြားခွင့်ရပေမယ့် ပြောင်းလဲမှုစီမံခြင်းဘာသာရပ်ကိုတော့ လေ့လာခွင့်မရခဲ့ပါဘူး။ အခုလို လေ့လာခွင့်ရတဲ့ အကျိုးတရားဟာ ရေတွက်လို့မကုန်အောင် ယခုအထိ ခံစားနေရဆဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေမှာ ကျွန်တော်က တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရခဲ့တယ်၊ ရနေတယ်။ အခုလိုဆောင်ရွက်နေတဲ့နေရာမှာ ပြောင်းလဲမှုစီမံခြင်းဘာသာရပ်ကို လက်တွေ့အကောင်အထည်ဖော်ခွင့် ရလျက်ရှိပါတယ်။

ပြောင်းလဲမှုစီမံခြင်းဟာ အမှန်တော့ လူတိုင်းအတွက် လိုအပ်ပါတယ်။ ကျွန်တော်တို့ဟာ မွေးတဲ့အချိန်ကစပြီး သေတဲ့အချိန်အထိ ပြောင်းလဲမှုတွေကို စက္ကန့်နဲ့အမျှ ရင်ဆိုင်နေရတယ်။ ရှောင်လို့ မရပါဘူး၊ ကြောက်ရွံ့နေလို့ မဖြစ်ပါဘူး။ ပြောင်းလဲမှုကို သိမ်သိမ်မွေ့မွေ့ရင်ဆိုင်နိုင်မယ့် သတ္တိတွေ၊ အသိတွေ မွေးနိုင်ဖို့သာ အရေးကြီးတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြောင်းလဲမှုမျိုးစုံကို ရင်ဆိုင်နေကြရတယ်။ နိုင်ငံရေးနယ်ပယ်မှာ၊ စီးပွားရေးနယ်ပယ်မှာ၊ လူမှုရေးနယ်ပယ်မှာ တွေ့ကြုံနေရတယ်။ ပြောင်းလဲမှုကို ရင်ဆိုင်တဲ့နေရာမှာ စနစ်တကျဆောင်ရွက်တာမျိုး မဟုတ်ဘဲ အဆင်ပြေသလို လုပ်နေကြတယ်။ ဒါကြောင့်ပြောင်းလဲမှုကို ရင်ဆိုင်တဲ့အခါ သပ်သပ်ရပ်ရပ်ဖြေရှင်းနိုင်ဖို့ ကျွန်တော်လေ့လာဖူးတဲ့ ပြောင်းလဲမှုစီမံခြင်း ခြေလှမ်း(၈)ရပ်ကို တင်ပြချင်ပါတယ်။

ဒီခြေလှမ်း(၈)ရပ်ကို အမေရိကန်ပြည်ထောင်စု Harvard တက္ကသိုလ် ပါမောက္ခ John Kotter ဆိုသူက ဖော်ထုတ်ခဲ့ခြင်းဖြစ်ပါတယ်။ သူတင်ပြခဲ့တဲ့ ခြေလှမ်း(၈)ရပ်ဟာ လူတစ်ဦးတစ်ယောက်ချင်းနဲ့ ပတ်သက်တဲ့ ပြောင်းလဲမှုနဲ့လည်းကောင်း၊ လုပ်ငန်းအဖွဲ့အစည်းများအတွက် ပြောင်းလဲမှုနဲ့ လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအတွက် ပြောင်းလဲမှုနဲ့လည်းကောင်း အသုံးဝင်နိုင်မှာ ဖြစ်ပါတယ်။

ပထမအဆင့်က အရေးကြီးဆုံးအဆင့် ဖြစ်ပါတယ်။ ဒါကတော့ ပြုပြင်ပြောင်းလဲမှုကို ချက်ချင်းမဖြစ်မနေ ဆောင်ရွက်ဖို့လိုအပ်ကြောင်း လက်ခံခြင်းဖြစ်ပါတယ်။ ပြောင်းလဲမှုတစ်ရပ်ကို လုပ်စရာမလိုသေးဘူး၊ မလုပ်လည်း ဖြစ်နေသေးတာပဲလို့စဉ်းစားရင် လိုချင်တဲ့ပြုပြင်ပြောင်းလဲမှုကို မရနိုင်ပါဘူး။ ဒီနေရာမှာ လက်ရှိအခြေအနေကို မကျေနပ်ခြင်း၊ လက်မခံခြင်းဟာ အရေးကြီးပါတယ်။ လက်ရှိအနေထားကို ကျေနပ်နေသရွေ့ ပြောင်းလဲဖို့ခဲယဉ်းပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေရဲ့ အားနည်းမှုတွေ၊ အဆိုးတွေကို ဖော်ထုတ်နိုင်ဖို့ လိုအပ်ပါတယ်။ လူတစ်ဦး တစ်ယောက်အနေနဲ့ ဖြစ်နေတဲ့ အခြေအနေတစ်ရပ်ကို ကျေနပ်နေသရွေ့ ပြောင်းဖို့ စဉ်းစားမှာမဟုတ်ပါဘူး။

ဒုတိယအဆင့်က ပြောင်းလဲမှုတစ်ရပ်စဉ်းစားရာမှာ တစ်ဦးတည်းကြိုတ်ပြီးလုပ်တာမျိုးမဟုတ်ဘဲ မိမိကို အကူအညီပေးနိုင်မယ့်၊ အားပေးနိုင်မယ့် လူတွေကို စုစည်းဖို့လိုပါတယ်။ ပြောင်းလဲမှု ဆောင်ရွက်တဲ့နေရာမှာ တစ်ဦးတည်း တစ်ယောက်တည်းဆောင်ရွက်ရင် အထီးကျန်လှပါတယ်။ တစ်ခါတလေ စိတ်ဓာတ်ကျဆင်းတဲ့အခါ မိမိကိုနားလည်မယ့်သူ၊ မိမိကိုအားပေးမယ့်သူဟာ အလွန်လိုအပ်ပါတယ်။

တတိယအဆင့်ကတော့ ပြုပြင်ပြောင်းလဲမှုအောင်မြင်တဲ့အခါ ဖြစ်ပေါ်လာမယ့်အခြေအနေကို မြင်နိုင်အောင်ကြိုးစားရမှာဖြစ်ပါတယ်။ ပြောင်းလဲမှုကြောင့်ရလာမယ့် ရလဒ်ကို ထင်ထင်ရှားရှားမြင်သာအောင် ဖန်တီးနိုင်ဖို့ လိုအပ်ပါတယ်။ ရလဒ်ကို ကြည်ကြည်လင်လင်မြင်နိုင်တာနဲ့အမျှ ပြောင်းလဲမှုဟာ မြန်မြန်ဆန်ဆန် ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

စတုတ္ထအဆင့်ကတော့ ဒီပေါ်လာမယ့် ရုပ်ပုံကို ကိုယ်တစ်ဦးတည်း သိရုံမြင်ရုံ မဟုတ်ဘဲ ကျန်ရှိတဲ့သူတွေသိလာအောင် ကြိုးစားရမှာဖြစ်ပါတယ်။ မိမိအနေနဲ့ အခုလိုဆောင်ရွက်နိုင်ပါက ပြောင်းလဲမှုဟာ အောင်မြင်မှု ရနိုင်မှာသာဖြစ်ပါတယ်။

ပဉ္စမအဆင့်ကတော့ ပြောင်းလဲမှုလုပ်တဲ့နေရာမှာ ပါဝင်ပတ်သက်တဲ့သူတွေကို လုပ်ခွင့်ပေးဖို့ လိုအပ်ပါတယ်။ လူတိုင်းမှာ လုပ်ရည်ကိုင်ရည်ရှိကြပါတယ်။ ဒီလုပ်ရည်ကိုင်ရည်ကို မြှင့်တင်ပေးရမယ်၊ အသိအမှတ်ပြုရမယ်။ သူ့နေရာနဲ့သူ လုပ်ရည်ကိုင်ရည်ရှိကြတာပါပဲ။ ယုံယုံကြည်ကြည်နဲ့တာဝန်ပေးရင် လုပ်နိုင်မယ့်သူတွေသာ ဖြစ်ပါတယ်။ ပြောင်းလဲမှုမှာ အထက်အောက်အားလုံး ဆောင်ရွက်နိုင်စွမ်းရှိကြပါတယ်။

> ပြောင်းလဲမှုစီမံခြင်းဟာအမှန်တော့လူတိုင်းအတွက် လိုအပ်၊ မွေးတဲ့အချိန်ကစပြီး သေတဲ့အချိန်အထိ ပြောင်းလဲမှုတွေကို စက္ကန့်နဲ့အမျှ ရင်ဆိုင်နေရ၊ ရှောင်လို့မရ၊ကြောက်ရွံ့နေလို့မဖြစ်၊ပြောင်းလဲမှုကို သိမ်သိမ်မွေ့မွေ့ရင်ဆိုင်နိုင်မယ့် သတ္တိတွေ၊ အသိတွေမွေးနိုင်ဖို့သာ အရေးကြီး ....

ဆဋ္ဌမအဆင့်က အသေအချာစဉ်းစားသင့်တဲ့ကိစ္စဖြစ်ပါတယ်။ ပြောင်းလဲမှုတစ်ရပ်ဟာ မာရသွန်ပြေးပွဲတစ်ခုနဲ့ ပုံသဏ္ဌာန်တူပါတယ်။ ပြောင်းလဲမှုတစ်ရပ်ဟာ ချက်ချင်းလက်ငင်းဆောင်ရွက်ပြီးမြောက်သွားတဲ့ အရာတစ်ခုမဟုတ်ပါဘူး။ စိတ်ရှည်ရှည်နဲ့ဆောင်ရွက်သွားဖို့ အရေးကြီးပါတယ်။ အခုလိုခရီးရှည်ကြီးတစ်ရပ်ဖြစ်တာမို့ တစ်ခါတစ်ရံစိတ်မရှည်တာ၊ စိတ်ဓာတ်ကျတာများ ကြုံတွေ့ရတတ်ပါတယ်။ ဒါကြောင့် ချက်ချင်းလက်ငင်း ထင်သာမြင်သာတဲ့ အောင်မြင်မှုတွေကို လမ်းခရီးမှာ ရယူဖန်တီးဖို့ အရေးကြီးလှပါတယ်။ အဲဒီထင်သာမြင်သာတဲ့ အောင်မြင်မှုတွေကို Quick Wins လို့ သတ်မှတ်ကြပါတယ်။ တစ်နည်းပြောရင် သစ်ပင်ပေါ်မှာသီးနေတဲ့ သစ်သီးတွေ ခူးဆွတ်တဲ့နေရာမှာ မမှီတဲ့သစ်သီးတွေကို တံချူနဲ့လှမ်းပြီး ခူးမယ့်အစား လက်လှမ်းမီတဲ့အသီးတွေကို အလွယ်တကူ ခူးဆွတ်ခြင်း ဖြစ်ပါတယ်။

နံပါတ်(၇)အဆင့်ကတော့ ရလာတဲ့ အောင်မြင်မှုတွေကို အခြေပြုပြီး ကောင်းသထက်ကောင်းအောင်တည်ဆောက်သွားရမှာဖြစ်ပါတယ်။ ကောင်းမွန်တဲ့ အခြေခံတွေကို တည်ဆောက်နိုင်ပြီးချိန်မှာ ဒီအောင်မြင်မှုတွေကို အခြေခံပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

နောက်ဆုံးအဆင့်ကတော့ အခုလိုအဆင့်ဆင့်ကြိုးစားဆောင်ရွက်ပြီးလို့ ပြောင်းလဲမှုကို ဖန်တီးပေးနိုင်တဲ့အခါ ဒီပြောင်းလဲမှုကို ခိုင်မြဲအောင်၊ မြဲမြံအောင် လုပ်ဖို့လိုအပ်ပါတယ်။ တစ်နည်းအားဖြင့် နဂိုအခြေအနေ ပြန်မရောက်အောင်၊ နောက်ပြန်မလှည့်တဲ့ ပြောင်းလဲမှုကို ရအောင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အထက်ကတင်ပြခဲ့တဲ့ ပြောင်းလဲမှု(၈)ဆင့်ကို အမျိုးအစားသုံးခုအဖြစ် ခွဲခြားနိုင်ကြောင်း သိရပါတယ်၊ အဆင့်(၁)၊ (၂)နဲ့ (၃)တွေဟာ ပြောင်းလဲခြင်းကိုဖန်တီးနိုင်မယ့် ပတ်ဝန်းကျင်တစ်ရပ်ဖော်ထုတ်မှု ဖြစ်ပါတယ်။ ဒီအဆင့်သုံးဆင့်ကို ထိရောက်စွာဆောင်ရွက်နိုင်ရင် လိုအပ်တဲ့ပတ်ဝန်းကျင်တစ်ရပ်ကို တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။ အဆင့်(၄)၊ (၅)နဲ့ (၆)ကတော့ အခုလိုပတ်ဝန်းကျင်ဖန်တီးပြီးတဲ့အခါ ပါဝင်ပတ်သက်သူတွေကို ဆွဲဆောင်ပြီး လုပ်ပိုင်ခွင့်တွေပေးခြင်းဖြစ်ပါတယ်။ စိတ်ဝင်စားမှုအပြည့်၊ အင်အားအပြည့်နဲ့ ပြောင်းလဲမှုမှာ ပါဝင်ပတ်သက်ပြီး ပါဝင်လိုတဲ့သူတွေကိုလည်း လုပ်နိုင်ကိုင်နိုင်အောင် အားပေးအားမြှောက်ပေးခြင်းဖြစ်ပါတယ်။

နောက်ဆုံးအဆင့်ဖြစ်တဲ့ (၇)နဲ့ (၈)ကတော့ ပြောင်းလဲမှုကို အကောင်ထည်ဖော်ခြင်းနဲ့ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပြောင်းလဲမှုအောင်မြင်ဖို့ မှန်ကန်တဲ့ခေါင်းဆောင်မှုအထူးလိုအပ်ပါတယ်။ ဒီခေါင်းဆောင်တွေဟာ ပေါ်ပေါက်လာတဲ့အခွင့်အလမ်းတွေကို အကျိုးရှိရှိ ဆုပ်ကိုင်နိုင်ခွင့်ရှိရမယ်၊ အခုခေတ်မှာ အရာရာဟာပြောင်းလဲနေသလို ပြောင်းလဲမှုအရှိန်အဟုန်ဟာလည်း မြန်ဆန်လှပါတယ်။ ဒါကြောင့် ခေါင်းဆောင်တစ်ဦးအနေနဲ့ ပြောင်းလဲမှုကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်စွမ်းရှိအောင် အဆင်သင့်ဖြစ်ဖို့လိုအပ်ပါတယ်။

အဖွဲ့အစည်းများဟာ ပြောင်းလဲမှုကိုလိုလားကြတယ်။ ပေါ်လာတဲ့ အခွင့်အရေးတွေကို ရအောင်ယူပြီး အကျိုးရှိအောင် ဖန်တီးလိုကြတယ်။ ဒါပေမယ့် စနစ်တကျဆောင်ရွက်နိုင်စွမ်းမရှိရင် ပြောင်းလဲမှုတွေ အောင်မြင်မှာမဟုတ်ပါဘူး။ ပြောင်းတိုင်းအကောင်းဖြစ်မယ်လို့ တရားသေမပြောနိုင်ပါဘူး။ ကောင်းတဲ့ပြောင်းလဲမှုတွေ ရနိုင်အောင် တင်ပြခဲ့တဲ့အဆင့်(၈)ရပ်ကို လိုက်နာနိုင်ပါစေလို့ ဆန္ဒပြုမိပါတယ်။

ကျေးလက်နေပြည်သူများ ရေရရှိရေးနှင့် လူမှုဘဝမြင့်မားရေး နောင်ဘိုကန် ၅၀ ရာခိုင်နှုန်းတူးဖော်ပြီးစီး

မောက်မယ် ဩဂုတ် ၁၇

ကျေးလက်နေပြည်သူများ ရေရရှိရေး၊ လူမှုဘဝမြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ဟိုနမ့်ကျေးရွာအုပ်စုရှိ ကျေးရွာများမှ သောက်သုံးရေ အဆင်ပြေစွာ ရရှိရေးအတွက် နောင်ဘိုကန်ပြန်လည်တူးဖော်ရေးလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀၀ ဖြင့် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူပြီး ဇူလိုင် ၂၄ ရက်က စတင်တူးဖော်ရာ ဩဂုတ် ၁၅ ရက်အထိ ၅၀ ရာခိုင်နှုန်းတူးဖော် ပြီးစီးကြောင်း သိရသည်။

နောင်ဘိုကန် ပြန်လည်တူးဖော်ရေးလုပ်ငန်းသို့ **(အပေါ်ပုံ)** မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ဦးဆောင်၍ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိုးထိုက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး အင်ဂျင်နီယာတို့က သွားရောက်ကြည့်ရှုပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

နောင်ဘိုကန်တူးဖော်ပြီးပါက ပန်းတန်ကျေးရွာအုပ်စုရှိ နောင်ခိုက်ကန်ကိုလည်း ဆက်လက်တူးဖော်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများမှတစ်ဆင့် သိရသည်။ **(၁၄၂)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

တောင်ငူတွင် အာဟာရပြည့်ဝမျှတစွာ ချက်ပြုတ်ပြိုင်ပွဲနှင့်စံပြမိခင်ဆုပေးပွဲကျင်းပ

တောင်ငူ ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အာဟာရပြည့်ဝမျှတစွာ ချက်ပြုတ်ပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးပွဲအခမ်းအနားကို တောင်ငူမြို့ ခပေါင်းခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီကကျင်းပသည်။ **(အောက်ပုံ)** အခမ်းအနားတွင် တောင်ငူခရိုင်ကျန်းမာရေးမှူး ဒေါက်တာခင်စန်းမြင့်က အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်စံပြမိခင်ဆုနှင့် အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး တောင်ငူမြို့နယ် ကျန်းမာရေးဦးစီးဌာန သူနာပြုဆရာမကြီး ဒေါ်သင်းသင်းအိက စံပြမိခင်ဆုရွေးချယ်ရခြင်းမှာ မွေးကင်းစမှ အရွယ်ရောက်သည့် ငါးနှစ်အရွယ်ထိ ကလေးပြုစုစောင့်ရှောက်ပုံ၊ အာဟာရများကို မျှတစွာတိုက်ကျွေးသည့် စနစ်မှန်ကန်ခြင်း၊ ကလေးချိုးမှုမှန်ကန်ခြင်း၊ မိခင်နို့ကိုစနစ်တကျတိုက်ကျွေးပုံ စသည့်အမှတ်ပေးပုံစံများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဆုရရှိသူများကို တောင်ငူခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စံထားဖြူနှင့် ခရိုင်ကျန်းမာရေးမှူး ဒေါက်တာခင်စန်းမြင့်တို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

ပြည်တွင်းသတင်း

❒ *ကျောဖုံးမှ*

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် အချောသပ်နိုင်ရေးအတွက် ဆက်လက်ဆွေးနွေးသွားရန် အချက်ငါးချက် ကျန်ရှိနေသေးသည်ဟု သတ်မှတ်ပြောကြားခဲ့သော်လည်း အခန်း(၇)သည် အထွေထွေလက်မှတ်ရေးထိုးရန်သာ ရှိသောကြောင့် အချက်လေးချက်လောက်သာ အမှန်တကယ်ဆွေးနွေးရန်လိုအပ်တော့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့လိုချင်တာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်တယ်ဆိုတာဟာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအတွက် အရေးကြီးတဲ့ခြေလှမ်းတစ်လှမ်းဆိုပေမယ့် အဲဒီစာချုပ်ကိုယ်တိုင်က မခိုင်မာလို့ရှိရင် နိုင်ငံရေးဆွေးနွေးပွဲ လုပ်တဲ့အခါမှာ ခိုင်မာမှာမဟုတ်ဘူး။ ဒါကြောင့် ဒီမှာ လက်မှတ်ရေးထိုးတဲ့သူတွေဟာ တကယ်တာဝန်ရှိတဲ့သူ တကယ်တာဝန်ခံနိုင်တဲ့သူမျိုးဖြစ်ဖို့ လိုတယ်။ အဲဒီအတွက် ကျွန်တော်တို့ဘက်က တင်ပြရာမှာ လက်မှတ်ထိုးတဲ့သူက နိုင်ငံတော်သမ္မတဖြစ်ရမယ်။ ကာကွယ်ရေးဦးစီးချုပ်ဖြစ်ရမယ်၊ ကျွန်တော်တို့ဘက်ကလည်း အဖွဲ့အစည်းအသီးသီးရဲ့ ဥက္ကဋ္ဌ သို့မဟုတ် အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ရမယ်လို့ တိတိကျကျ ဖော်ပြထားပါတယ်" ဟု NCCT အဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားသည်။

> **မကြာခင်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို တက်လှမ်းနိုင်လိမ့်မယ်လို့ ယုံကြည်။**

နှစ်ဖက် ကိုယ်စားလှယ်များအားလုံး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ် အမြန်ဆုံးချုပ်ဆိုနိုင်ရန်နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ဖက် ကိုယ်စားလှယ်များသည် ၂၀၁၄ မေလအတွင်းက ပြုလုပ်ခဲ့သည် တွေ့ဆုံဆွေးနွေးပွဲများမှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသောအချက်များအား ယခုသုံးရက်ကြာ ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပြီး ကျန်ရှိသည့်အချက်များအား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် နှစ်ဖက်တွေ့ဆုံညှိနှိုင်းဆွေးနွေးကြရန် သဘောတူကြပါကြောင်း မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

"နှစ် ၆၀ လောက် ပြည်တွင်းစစ်ဒဏ်ခံနေရတဲ့ ပြည်သူတွေကို သတင်းကောင်း ပါးချင်ပါတယ်။ အလင်းရောင်ရတော့မယ်လို့ မျှော်လင့်ပါတယ်။ မကြာခင်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို တက်လှမ်းနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက ဆွေးနွေးပွဲအပြီးတွင် ပြောကြားခဲ့သည်။

ရဲမြတ်နန္ဒာ

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှု ကော်မတီတို့၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။

ဓာတ်ပုံ-ဖိုးထောင်

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၇၆စင်တာမီတာ (နှစ်ပေခွဲခန့်)တွင်ရောက်ရှိနေသည်။အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၆ စင်တီမီတာ (ပေဝက်ခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့နှင့်ပြည်နယ်ခုနစ်ခု အခြေစိုက်ပါတီတို့ ပထမဆုံးအကြိမ်တွေ့ဆုံမည်

ဩဂုတ် ၁၁ရက်က မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနတွင် နိုင်ငံရေးပါတီများသို့ ငြိမ်းချမ်းရေးဖြစ်စဉ်များအား ရှင်းလင်းတင်ပြခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းအခမ်းအနားကျင်းပစဉ်။

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် ပြည်နယ်ခုနစ်ခုတွင် အခြေစိုက်ပါတီများအပါအဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် မဟာမိတ်ဖွဲ့ထားသော ပါတီများသည် ရန်ကုန်မြို့ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ဩဂုတ် ၁၈ ရက်တွင် ပထမဆုံးအကြိမ် တွေ့ဆုံမည်ဖြစ်ကြောင်း၊ MPC ၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးလှမောင်ရွှေထံမှ သိရသည်။

ယခုကဲ့သို့ UPWC၊ NCCT၊ ပြည်နယ်ခုနစ်ခု အခြေစိုက်ပါတီများနှင့် အင်အားကောင်းမွန်သောပါတီသုံးပါတီတို့ ပထမဆုံးအကြိမ်အဖြစ်တွေ့ဆုံမှုသည် တိုက်ဆိုင်ထူးခြားစွာပင် နိုင်ငံတော်သမ္မတကြီးက စတင်အကောင်အထည်ဖော်ဆောင်ရန် ခြေလှမ်းများစတင်ခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရာ သုံးနှစ် တင်းတင်းကာလ ပြည့်ခဲ့သည့် ၂၀၁၄ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ကျရောက်လျက်ရှိနေသည်။

MPC မှ ဦးလှမောင်ရွှေက "နောင်ဖြစ်လာမယ့် မြန်မာနိုင်ငံရဲ့ အနာဂတ်ကာလမှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့ လူတွေပါဝင်လာဖို့ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲတွေ ဖြစ်လာဖို့အတွက် အစပျိုးတာ၊ ကြိုတင်ပြင်ဆင်တာ၊ အရင်တုန်းက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နဲ့ လုပ်ငန်းကော်မတီ ဆွေးနွေးတာကနေ နောက်တစ်ဆင့်ထပ်တက်တာပေ့ါ။ ကိုယ့်ရဲ့ရပ်တည်ချက်တွေကို အပြန်အလှန် ဆွေးနွေးနိုင်မှာဆိုတော့ အရေးပါပါတယ်။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲရဲ့ နောက်ပိုင်းမှာ လုပ်မယ့် တရားဝင်မှုဘောင်တွေ ချမှတ်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်တာ။ အခုအကြိမ်တွေ့ဆုံမှုက အလွတ်သဘောဆွေးနွေးမှုပါပဲ။ တိုင်းရင်းသားပါတီတွေကို ဦးစားပေးတဲ့ သဘောပါ" ဟု ပြောသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး၊ ညှိနှိုင်းရေးအဖွဲ့နှင့် ပြည်နယ်ခုနစ်ခု အခြေစိုက်ပါတီများအပါအဝင် ပါတီပေါင်း ၁၄ ပါတီတို့၏ တွေ့ဆုံမှုသည် ပထမဆုံးအကြိမ်ဖြစ်လာမည်ဖြစ်သည်။ ယခုကဲ့သို့ တွေ့ဆုံမှုများ ပြုလုပ်ရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက NCCT နှင့်လည်း ညှိနှိုင်းပြောဆိုထားကြောင်း MPC မှ သိရသည်။

ယခုပြုလုပ်မည့် တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်နယ်ခုနစ်ခုရှိ တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်တစ်ဦးစီး ဖိတ်ကြားထားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မဟာမိတ်ဖွဲ့ထားသော ပါတီတို့ကိုမူ ကိုယ်စားလှယ်နှစ်ဦးစီ တက်ရောက်ရန် ဖိတ်ကြားထားသည်ဟု MPC မှ သိရသည်။ ယခုကဲ့သို့ တွေ့ဆုံမှုသည် မြန်မာနိုင်ငံအတွက် ကောင်းမွန်လှပသော အနာဂတ်ရောင်နီတစ်ခုပင်ဖြစ်သည်ဟု ယုံကြည်မိပါကြောင်း။

ရဲခေါင်ညွန့်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးစာချုပ်ချုပ်ဆိုနိုင်ရန်နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်

၂၀၁၄၊ ဩဂုတ်လ (၁၇)ရက် ရန်ကုန်မြို့

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင်ဦးနိုင်ဟံသာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်မူကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့ထိ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနတွင် ပြုလုပ်ခဲ့ပါသည်။

၂။ နှစ်ဖက်ကိုယ်စားလှယ်များသည် ၂၀၁၄ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲမှ ဆက်လက်ဆွေးနွေးညှိနှိုင်းရန် ကျန်ရှိသည့်အချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြရာတွင် အောင်မြင်မှု များစွာရရှိခဲ့ပါသည်။

၃ ။ ၂၀၁၄ ဩဂုတ်လ ၁၅ ရက်မှ ၁၇ရက်အထိ ဆွေးနွေးမှုအပြီး ထပ်မံဆွေးနွေးညှိနှိုင်းရန်ကျန်ရှိသည့်အချက်အနည်းငယ်ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် နှစ်ဖက်တွေ့ဆုံညှိနှိုင်းဆွေးနွေးကြရန် သဘောတူကြပါသည်။

၄ ။ ဤဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် နှစ်ဖက်ကိုယ်စားလှယ်များအားလုံးက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်အမြန်ဆုံးချုပ်ဆိုနိုင်ရန်နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကိုလည်း အမြန်ဆုံးကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ပြည်တွင်းသတင်း

❁ ရှေ့ဖုံးမှ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့နယ် သိမ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနားတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လူမှုစီးပွားဘဝ တိုးတက်စေရန် ဆောင်ရွက်ပေးရာ ရောက်ပါကြောင်း။

ပညာရေးဆိုသည်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဖြစ်ပြီး စိတ်ဓာတ်ကောင်းမွန်ပြီး စာရိတ္တမြင့်မားမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် စည်းကမ်းရှိရန်နှင့် တည်ဆဲဥပဒေများကို လိုက်နာရန် လိုအပ်ပါကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဖြစ်သည့်အတွက် ဒီမိုကရေစီ ယဉ်ကျေးမှုနှင့်ယဉ်ပါးစေရန် ကျောင်းသားလူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စာသင်ကျောင်းက စည်းလုံးညီညွတ်သော စိတ်ဓာတ်ရရှိစေရန် သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ပညာကြောင့်ပင် စာရိတ္တဗလ၊ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်ကို ရရှိစေပါကြောင်း၊ တစ်ဖက်ကလည်း ကျောင်းသားလူငယ်များကို ကျန်းမာသန်စွမ်းပြီး ပညာရည်မြင့်မားသူများ ဖြစ်လာစေရန် ကျောင်းကျန်းမာရေးကဏ္ဍကို အထူးဂရုစိုက် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ၏ ဘဝရည်မှန်းချက်ကို မိဘကမြင်သည့်ပုံရိပ်နှင့် ဆရာကမြင်သည့်ပုံရိပ်တို့ ညှိနှိုင်းပြီး ထပ်တူကျလာမှုကို အရောင်တောက်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အခမ်းအနားများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျောင်းအဆင့်တိုးမြှင့်ခြင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်တို့က ကျောင်းဆိုင်းဘုတ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ပျော်ဘွယ်မြို့နယ် ရန်အောင်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရမည်းသင်းခရိုင်သည် စိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်သည့် ခရိုင်ဖြစ်သောကြောင့် သီးနှံအထွက်ကောင်းရန်အတွက် စိုက်ပျိုးရေကောင်းမွန်စွာ ရရှိရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ယခုအစိုးရလက်ထက်တွင် ဆည်ကန်များကို ဆောင်ရွက်ပေးနိုင်သလောက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် နောင်မျိုးဆက်များအထိ အကျိုးပြုနိုင်မည့် ကျေးနီကန်ကို လိုအပ်သည့် ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရမည်းသင်းခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် သန်းပေါင်းရှစ်ထောင်ကျော် သုံးစွဲခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများကို လိုင်းသုံးလိုင်းဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်များအနေဖြင့်လည်း ယင်းလုပ်ငန်းများ အောင်မြင်စေရန် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လွှတ်တော်အနေဖြင့် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို စိစစ်ခွင့်ပြုပေးပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုလည်း တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရန် စိစစ်အတည်ပြုပေးခဲ့ပါကြောင်း။

နိုင်ငံတော်၏ အမျိုးသားစီမံကိန်းတွင် မပါဝင်သည့် အမှန်တကယ် ဒေသတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကောက်သင်းကောက်ကွက် ပြည့်နှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးအခြေခံကောင်းများရရှိနိုင်ရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးလျက်ရှိပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သည့် ပြည်တွင်းအခြေခံ အဆောက်အအုံများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကာလတွင် လူမှုပတ်ဝန်းကျင်နယ်ပယ်အသီးသီး၌လည်းလွတ်လပ်စွာ ရေးသားပြောဆိုခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်တို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နှစ်ပေါင်း ၆၀ မရခဲ့သည် ပြည်တွင်းငြိမ်းချမ်းရေးကို ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မည်သည့်ကိစ္စမဆို ဆွေးနွေးညှိနှိုင်းခြင်းသာလျှင် ကောင်းမွန်သည့် အဖြေရရှိမည်ဖြစ်ပြီး ယင်းသည်ပင်လျှင် ဒီမိုကရေစီယဉ်ကျေးမှု ဖြစ်ပါကြောင်း။

ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားရန်ဆိုလျှင် စာသင်ကျောင်းများမှစ၍ လေ့ကျင့်သင်ကြားပေးရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားလုံးက သဘောထားကြီးစွာ ဆောင်ရွက်ရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

အင်တာနက်အွန်လိုင်းမှတစ်ဆင့်လျှောက်ထားနိုင်သည့် မြန်မာနိုင်ငံ e-Visa စနစ်ကို စက်တင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁၇

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် စတင်၍ Online စနစ်ဖြင့် ဆောင်ရွက်မည့် e-Visa ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသစ်သည် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန်မှစ၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနသည်လည်း နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ဌာန၏လုပ်ငန်းတာဝန်များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာမည့်သူများ အဆင်ပြေစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများအား နည်းလမ်းသုံးသွယ်ဖြစ်သည့် နိုင်ငံတကာလေဆိပ်/ရေဆိပ်နှင့် နယ်စပ်ဝင်ထွက်ပေါက်များမှ ဗီဇာခြောက်မျိုးဖြင့် ဝင်ရောက်ခွင့်ပြုလျက်ရှိရာ ၂၀၁၂ ခုနှစ် ဇွန် ၁ ရက်မှစ၍ လုပ်ငန်းဗီဇာ၊ ပြည်ဝင်ဗီဇာနှင့် ဖြတ်သန်းဗီဇာများကို ဆိုက်ရောက်ဗီဇာ (Visa on Arrival)ဖြင့် ခွင့်ပြုဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ဆိုက်ရောက်ဗီဇာဖြင့် နိုင်ငံပေါင်း ၅၁ နိုင်ငံကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသော်လည်း ICAO ၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင်ဆောင်ရွက်ရာတွင် ခရီးသွားဗီဇာဖြင့်လာရောက်သူများအား ဆိုက်ရောက်ဗီဇာ ထုတ်ပေးရန်မဖြစ်နိုင်၍ ယခုအခါ ခရီးသွားဗီဇာဖြင့် မိမိတို့နိုင်ငံသို့ လာရောက်လိုသည့် နိုင်ငံခြားသားများလွယ်ကူလျင်မြန်စွာ ဝင်ထွက်သွားလာနိုင်ရေးအတွက် အင်တာနက် Online စနစ်ဖြင့် ဆောင်ရွက်မည့် e-Visa စနစ်ကို ဤဝန်ကြီးဌာနက စတင်ဖော်ဆောင်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ e-Visa စနစ်ကို လာမည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ယင်းစနစ်ဖြင့် ဝင်ရောက်လိုသည့် နိုင်ငံခြားသားသည် အင်တာနက် Online မှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာပုံစံ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ လျှောက်လွှာလက်ခံခြင်းပြု၊ မပြုကို တစ်နာရီအတွင်း အကြောင်းပြန်ကြားပေးမည်ဖြစ်ပြီး e-Visa ဖြင့် ဝင်ရောက်ခွင့်ပြု၊ မပြုကို Working Days ငါးရက်အတွင်း အကြောင်းပြန်ကြားပေးမည် ဖြစ်ပါကြောင်း၊ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လျှောက်ထားရာတွင် တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်၍ ကိုယ်စီလျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ဗီဇာခငွေမှာ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀ ဖြစ်၍ Visa Card, Master Card များဖြင့် Online မှ ပေးချေရန်ဖြစ်ပါကြောင်း၊ ဗီဇာခွင့်ပြုသက်တမ်းအတွင်း တစ်ကြိမ်သာ ပြည်ဝင်ခွင့်ပြုမည်ဖြစ်ပြီး ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပါကြောင်း၊ စတင်ဆောင်ရွက်မည့် စက်တင်ဘာလ ၁ ရက်မှ စတင်၍ ကမ္ဘာ့နိုင်ငံပေါင်း ၄၁ နိုင်ငံကို e-Visa ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းနှင့် ပတ်သက်၍ တက်ရောက်လာကြသူများက အကြံဉာဏ်များ၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပါရန်နှင့် လုပ်ငန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ Online စနစ်ဖြင့် ဆောင်ရွက်မည့် e-Visa ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက e-Visa စနစ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

မြန်မာနိုင်ငံ e-Visa စနစ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ခရီးသွားဗီဇာဖြင့် ဝင်ရောက်မည့် နိုင်ငံခြားသားများသည် e-Visa နှင့်ပတ်သက်၍ Website ဖြစ်သည့် www. myanmarevisa . gov. mm တွင် သတ်မှတ်လျှောက်လွှာ၌ အချက်အလက်ဖြည့်သွင်းလျှောက်ထား ဆောင်ရွက်ကြရမည်ဖြစ်ပြီး ခရီးသွားသတ်မှတ်ချက်များနှင့် ပတ်သက်၍ www.mip.gov.mm တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟင်္သာတ တက္ကသိုလ် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ဟင်္သာတ ဩဂုတ် ၁၇

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတ တက္ကသိုလ် သင်္ချာမိသားစု၏ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကိုဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ဟင်္သာတ တက္ကသိုလ် အားကစားရုံ၌ကျင်းပရာ သင်္ချာကျောင်းသား ကျောင်းသူများက ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကထိကများ၊ နည်းပြဆရာ ဆရာမများအား ပူဇော်ကန်တော့ပြီး၊ ကန်တော့ ပစ္စည်းပေးအပ်ခဲ့ကြသည်။ ဒုတိယ ပါမောက္ခချုပ်ကိုယ်စား အင်္ဂလိပ်စာပါမောက္ခဌာနမှူးဒေါ်သန်းသန်းညွှန့်နှင့် သင်္ချာဌာနပါမောက္ခဌာနမှူး ဒေါ်အေးအေးတို့က ဆုံးမဩဝါဒစကားပြောကြားခဲ့သည်။

ထို့နောက် ပညာရည်ချွန်နှင့် အားကစားထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။ **သန့်စင်(ရှုပ)**

ပြည်တွင်းသတင်း

❊ ရှေ့ဖုံးမှ

စိုက်ပျိုးရေး၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတဲ့ ကဏ္ဍတွေမှာ အဓိကထောက်ပံ့ပေးနေပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်ရေးတို့ဟာ ရေရှည်တည်တံ့မယ့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအုတ်မြစ်များဖြစ်တယ်ဆိုတာ စွဲစွဲမြဲမြဲယုံကြည်ပါတယ်။ ဒါကြောင့်လည်းပဲ ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်တွေရဲ့ အဓိက အလှူရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ အခြားကဏ္ဍအများအပြားမှာလည်း တက်တက်ကြွကြွ ကူညီပံ့ပိုးနေတာရှိပါတယ်။ အဲဒီထဲမှာ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးလည်း အပါအဝင်ဖြစ်ပါတယ်။ ကုန်သွယ်မှုနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံအနေနဲ့ ကုန်သွယ်စီးပွားအလေ့အကျင့်တွေ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် အီးယူအနေနဲ့ သူ့ရဲ့အတွေ့အကြုံတွေ၊ အလေ့အကျင့်တွေကို မြန်မာနိုင်ငံအတွက် မျှဝေကူညီပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာ့အလင်း။ ။အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရတဲ့ မြန်မာနိုင်ငံအနေနဲ့ ဒေသဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုတွေမှာ မှန်ကန်တဲ့ ဆုံးဖြတ်မှုတွေ ချမှတ်နိုင်ဖို့ အီးယူအနေနဲ့ ဘယ်လိုအကြံဉာဏ်များ ပေးလိုပါသလဲ။

ဖြေ ။ ။ပထမဆုံး ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအပေါ် သူ့ရဲ့ ၁၇ နှစ်ကြာ အာဆီယံအဖွဲ့ဝင် သက်တမ်းအတွင်း ပထမဆုံးအာဆီယံဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခွင့်ရတာကို ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံဟာ ဒေသအတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ဦးဆောင်ဦးရွက်ပြုဆောင်ရွက်တဲ့အခါ ဒေသအတွင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပံ့ပိုးအားပေးမှုနှင့်တကွ ဆောင်ရွက်သင့်ပါတယ်။ ကျွန်တော်နေထိုင်တဲ့ ဥရောပတိုက်မှာ အတိတ်က ဒေသတွင်းစစ်ပွဲတွေ၊ ပဋိပက္ခတွေ အများအပြားဖြစ်ပွားခဲ့ပါတယ်။ ဒါပေမယ့် ဥရောပဟာ ဒီလိုကိစ္စမျိုးတွေကို ဒေသတွင်း ပြန်လည်ရင်ကြားစေ့တာမျိုးတွေကတစ်ဆင့်၊ ငြိမ်းချမ်းစွာ ပဋိပက္ခဖြေရှင်းတာမျိုး၊ ညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတွေက ကျေလည်အောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုဆို ဥရောပမှာ ပြဿနာတွေကို ဖြေရှင်းရာမှာ လက်နက်ကိုအသုံးပြုမယ့်အစား စားပွဲဝိုင်း ဆွေးနွေးပွဲတွေကတစ်ဆင့် ဖြေရှင်းဆောင်ရွက်နေပါတယ်။ အာဆီယံအနေနဲ့ ဖွံ့ဖြိုးဆဲကာလ ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်တာကြောင့် မြန်မာနိုင်ငံဟာ သူ့ရဲ့ အရေးကြီးတဲ့ စိန်ခေါ်မှုတွေကို ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကနေ ဖြေရှင်းဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုဟာ ပြည်တွင်းမှာရော၊ ဒေသတွင်းကိစ္စရပ်တွေမှာပါ မြန်မာနိုင်ငံရဲ့ လူမှု၊ စီးပွားဘဝဖွံ့ဖြိုးစေဖို့ အဓိကအစိတ်အပိုင်းများဖြစ်ရပါမယ်။ ဥရောပသမဂ္ဂအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ပါဝင်ပတ်သက်နေတဲ့ အစိုးရ၊ တိုင်းရင်းသားအဖွဲ့ စတဲ့နိုင်ငံရေးအင်အားစုများ အားလုံးရဲ့ အလုပ်နဲ့ ကတိကဝတ်များကိုလည်း ကြိုဆိုပါတယ်။

မြန်မာ့အလင်း။ ။အီးယူက မြန်မာနိုင်ငံအပေါ် ကူညီထောက်ပံ့ဖို့ ဘာကြောင့်ဆုံးဖြတ်ခဲ့ပါသလဲ။ အီးယူ-မြန်မာဆက်ဆံရေးကို အချို့သော အီးယူအဖွဲ့ဝင်တွေက ဝေဖန်မှုတွေရှိခဲ့ပါတယ်။ အဲဒီလို ဝေဖန်မှုတွေကို ဘယ်လိုများတုံ့ပြန်ပြောကြားလိုပါသလဲ။

ဖြေ ။ ။အီးယူအဖွဲ့အစည်းမှာ နိုင်ငံပေါင်း ၂၈ နိုင်ငံ ရှိပါတယ်။ သူတို့က အပြုသဘော၊ အပြန်အလှန်သဘော နီးနီးကပ်ကပ် အလုပ်လုပ်ကြပါတယ်။ အီးယူအနေနဲ့ မြန်မာနိုင်ငံဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်လာတယ်၊ ဒီမိုကရေစီလမ်းကြောင်းပေါ်သွားဖို့ ကတိကဝတ်တွေထားရှိတယ်ဆိုတာ သိမြင်လာတဲ့အတွက် မြန်မာနိုင်ငံအပေါ် ကူညီထောက်ခံဖို့ စုစုစည်းစည်းဆုံးဖြတ်ခဲ့ကြတာပါ။ မြန်မာနိုင်ငံဟာ ၂၀၁၁ ကစလို့ အဆက်မပြတ် ပြုပြင်ပြောင်းလဲလာခဲ့ပါတယ်။ ဒီတော့ အီးယူအနေနဲ့ ဒီပြုပြင်ရေးလမ်းကြောင်းဟာ ဆက်သွားမယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် မြန်မာကို အကူအညီပေးဖို့ လာခဲ့တာပါ။ မြန်မာနိုင်ငံဟာ သူ့ရဲ့ ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးတွေ ဆက်လက်လုပ်ဆောင်နေသမျှ အီးယူကလည်း သူ့ရဲ့ မြန်မာအပေါ် ကူညီထောက်ပံ့မှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အီးယူဟာ မြန်မာနိုင်ငံအပေါ် ဘုံသဘောထား ရပ်တည်ချက်ချမှတ်ထားပါတယ်။ အဲဒါကလည်း ဥရောပသမဂ္ဂ (အီးယူ)ရဲ့ နိုင်ငံခြားရေးဝန်ကြီးများအားလုံး သဘောတူဆုံးဖြတ်ထားခဲ့တာပါ။ အီးယူအဖွဲ့ဝင်နိုင်ငံတွေအားလုံးက မြန်မာရဲ့ အပြုသဘော ပြုပြင်ပြောင်းလဲရေးတွေကို မြင်တွေ့ချင်ကြပါတယ်။ အဲဒီဖြစ်စဉ်တွေကိုလည်း ဆက်လက်ထောက်ခံဖို့ ရွေးချယ်ဆုံးဖြတ်ထားကြပါတယ်။ သို့သော် အီးယူအနေနဲ့ ဒီနိုင်ငံအပေါ် ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးနိုင်ပေမယ့် တကယ်တော့ နောက်ဆုံးမှာ မြန်မာနိုင်ငံ အနာဂတ်နဲ့ စစ်မှန်တဲ့လမ်းကြောင်းမှာ ရှိဖို့ဆိုတာ မြန်မာနိုင်ငံသားတွေကသာ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။

မြန်မာ့အလင်း။ ။မြန်မာနိုင်ငံရဲ့ ဆင်းရဲမှုလျှော့ချခြင်းလုပ်ငန်းတွေမှာ စီမံခန့်ခွဲမှု အားနည်းချက်တွေရှိတယ်လို့ အီးယူက ထောက်ပြခဲ့ဖူးပါတယ်။ လက်ရှိမှာ မြန်မာအစိုးရရဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာရော အီးယူရဲ့ အမြင်သဘောထားကို ပြောပြပေးပါဦး။

ဖြေ ။ ။ကျွန်တော်တို့ဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ အမှီအခိုကင်းခြင်း၊ လွတ်လပ်ခြင်းဆိုတာတွေကို လေးစားတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးသာ ဖြစ်ပါတယ်။ ဒါကြောင့် ဥရောပသမဂ္ဂအနေနဲ့ သူ့ရဲ့အဖွဲ့ဝင်နိုင်ငံတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့တကွ မြန်မာနိုင်ငံက ချမှတ်ထားတဲ့ ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒတွေနဲ့ ကိုက်ညီမယ့် အကူအညီပေးမှုတွေ လုပ်ဆောင်သွားဖို့ ဆန္ဒရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဟာ ကုလသမဂ္ဂက ချမှတ်ထားတဲ့ ထောင်စုနှစ်ရည်မှန်းချက်များနဲ့လည်း ကိုက်ညီစေလိုပါတယ်။ အီးယူနဲ့ သူ့ရဲ့အဖွဲ့ဝင်နိုင်ငံများဟာ မြန်မာနိုင်ငံပြည်သူများအားလုံးကို အကူအညီဖြစ်စေမယ့်၊ သူတို့ရဲ့ ဆုံးဖြတ်ချက်တွေကို ကိုယ်တိုင်ချမှတ်နိုင်စေမယ့် အကူအညီတွေ အများအပြား ပေးအပ်နေပါတယ်။

မြန်မာ့အလင်း။ ။မြန်မာ့စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပံ့ပိုးမှုတွေနဲ့ အကြံဉာဏ်ကောင်းတွေကိုလည်း သိပါရစေ။

ဖြေ ။ ။တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနဲ့ လူ့အခွင့်အရေးအပြည့်အဝရှိမှသာ နိုင်ငံရဲ့ အခြားသောကဏ္ဍတွေကို မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုမရရှိမချင်း နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မရရှိနိုင်ပါဘူး။ လက်ရှိမှာ အီးယူနိုင်ငံတွေက ကုမ္ပဏီပေါင်းများစွာက မြန်မာနိုင်ငံကို ဝင်ရောက်ဖို့ စောင့်ဆိုင်းနေကြတာ ရှိပါတယ်။ အီးယူအနေနဲ့ ထောက်ပံ့ကူညီပေးမှုအပြင် EIB လို့ခေါ်တဲ့ အများပြည်သူဆိုင်ရာ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းတစ်ခုဖြစ်တဲ့ ဥရောပရင်းနှီးမြှုပ်နှံမှု ဘဏ် (The European Investment Bank) ကို မြန်မာနိုင်ငံအတွင်းမှာ လာရောက်ဖွင့်လှစ်ပြီး အတိုးနှုန်းသက်သာစွာနဲ့ ပြည်တွင်းက အသေးစားနဲ့ အလတ်စား ရင်းနှီးမြှုပ်နှံသူတွေကို ငွေချေးပေးတာ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ကဏ္ဍနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ စတာတွေမှာ အနိမ့်ဆုံးအတိုးနှုန်းနဲ့ ချေးငွေထုတ်ပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။ မြန်မာအစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ စတင်နေတာမို့ ကမ္ဘာ့ဘဏ်တို့၊ အာရှဖွံ့ဖြိုးရေးဘဏ်တွေလိုမျိုး အီးယူရဲ့ ဖွံ့ဖြိုးရေးဘဏ်တစ်ခုကို စတင်မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ EIB အနေနဲ့ မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဝန်းကျင် ချေးငှားနိုင်ဖို့ လျာထားပါတယ်။ အားလုံးခြုံငုံပြီးတွက်ချက်ကြည့်မယ်ဆိုရင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွေ ဆက်လက်စေနိုင်ဖို့ အီးယူအနေနဲ့ ကူညီပံ့ပိုးငွေ ဒေါ်လာသန်း ၁၄၀၀၊ EIB ရဲ့ အတိုးနှုန်းသက်သာတဲ့ ချေးငွေအဖြစ်နဲ့ ကန်ဒေါ်လာ သန်း ၅၀၀ နဲ့ အခြားဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက သီးသန့်အကူအညီပေးမှုတွေကလည်း အများအပြားရှိမယ်ဆိုရင် ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံအပေါ် ကူညီနေမှုတွေဟာ ၂၀၂၀ ပြည့်နှစ်မှာဆိုရင် အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ဝန်းကျင် ဖြစ်လာပါလိမ့်မယ်။

မြန်မာ့အလင်း။ ။၂၀၁၅ ခုနှစ်မှာ ကျင်းပဖို့ရှိတဲ့ ရွေးကောက်ပွဲအတွက်ရော အီးယူသံအမတ်ကြီးအနေနဲ့ ဘာများ မှတ်ချက်ပြုပြောကြားလိုပါသလဲ။

ဖြေ ။ ။ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အဓိကကတော့ လွတ်လပ်ရမယ်၊တရားမျှတရမယ်၊ နိုင်ငံသားအားလုံးပါဝင်နိုင်တဲ့ ရွေးကောက်ပွဲကို ဦးတည်ရမှာဖြစ်ပါတယ်။ ဥပမာပြောရရင် မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးတွေ အများကြီးနေထိုင်ကြတာကို တွေ့ရပါတယ်။ ဗမာ၊ ရခိုင်၊ ကရင်၊ ရှမ်း စသဖြင့်ရှိသလို ပြည်ခိုင်ဖြိုး၊ အင်န်အယ်လ်ဒီ၊ အခြားနိုင်ငံရေးပါတီတွေလည်း အများအပြားရှိပါတယ်။ ပြည်သူတွေ၊ နိုင်ငံရေးပါတီတွေအနေနဲ့ အခွင့်အလမ်းကိုယ်စီ ရှိသင့်ပါတယ်။ နောက်ဆုံးတစ်နေ့မှာ တိုင်းပြည်ရဲ့ လိုအပ်တဲ့ ဖွံ့ဖြိုးရေးကိစ္စတွေ ဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံအကျိုးစီးပွားအတွက် လူတိုင်းဟာ အတူတကွ အလုပ်လုပ်ကြဖို့လိုပါတယ်။ ရွေးကောက်ပွဲကာလအတွင်း စိန်ခေါ်မှုတွေအများအပြားရှိနေတာကို သိပါတယ်။ အနိုင်နဲ့အရှုံးဆိုတာလည်း ရှိနေတဲ့အတွက် နိုင်ခြင်း၊ ရှုံးခြင်းထက် အတူတကွလက်တွဲဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒေသဖွံ့ဖြိုးမှု၊ အချုပ်အခြာအာဏာ တည်မြဲမှု၊ လူ့အခွင့်အရေး စတာတွေ အားလုံးက လက်တွဲမှုမပါဘဲ မရနိုင်ပါဘူး။ ဒါ့အပြင် ကျွန်တော့်အနေနဲ့ အစိုးရ၊ လွှတ်တော်နဲ့ နိုင်ငံရေးပါတီတွေအားလုံး စုပေါင်းပြီး ပြဿနာတွေကို ဖြေရှင်းဆောင်ရွက်ကြပါလို့ အကြံပေးချင်ပါတယ်။ ပါတီတစ်ခုအတွက် လူတစ်စုအတွက် နိမ့်ကျတာကို မြှင့်တင်တာမျိုးမဟုတ်ဘဲ တန်းတူညီမျှ ဘာသာမရွေး၊ လူမျိုးမရွေး၊ ကျား၊ မ မခွဲခြား၊ ပါတီမရွေး စုပေါင်းပြီး ဉာဏ်ရည်မြင့်မားမှုအတွက် စုပေါင်းမြှင့်တင်မှသာ ဒီမိုကရေစီနိုင်ငံကို ဖော်ဆောင်နိုင်မှာပါ။

မြန်မာ့အလင်း။ ။အစိုးရနဲ့ အဖွဲ့အစည်းအသီးသီးက ပြုပြင်ပြောင်းလဲမှုတွေကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြတဲ့အပေါ်မှာ ပြည်သူလူထုက နားလည်သဘောပေါက်စေရေးနဲ့ အတူတကွပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်တွေကိုလည်း ပြောပြပေးပါ။

ဖြေ ။ ။၂၀၁၅ ရွေးကောက်ပွဲအပြီး ထွက်ပေါ်လာတဲ့အစိုးရဟာ ပြည်သူအားလုံးအတွက် အစိုးရတစ်ရပ်ဖြစ်လာဖို့ လိုအပ်ပါတယ်။ အမှန်တကယ် တရားမျှတစွာ ရွေးချယ်မှုကို ကျင့်သုံးနိုင်ပြီဆိုရင် ပြည်သူလူထုကလည်း ဒါငါတို့ရဲ့ အစိုးရ၊ ဒါငါတို့ရဲ့ ရွေးချယ်မှုဆိုတာကို လက်ခံပူးပေါင်းလာမှာ အသေအချာပါပဲ။ အဲဒီအတွက် နိုင်ငံရေးမှာ အားလုံးပါဝင်မှုက အရေးကြီးပြီး နိုင်ငံရေးဖြစ်စဉ်တွေထဲမှာ အသံအားလုံးပါဝင်နိုင်ဖို့ အရေးကြီးပါတယ်။ ဥပမာပြောရရင် တောင်အာဖရိကမှာ ငြိမ်းချမ်းရေးဖော်ဆောင်သူ မစ္စတာနယ်လ်ဆင်မန်ဒဲလားအနေနဲ့ အစိုးရဖွဲ့တဲ့အခါ လူဖြူရော၊ လူမည်းပါ အစိုးရအဖွဲ့မှာ နေရာပေးခဲ့ပါတယ်။ သူဟာ ထောင်အတွင်းမှာ ၂၇ နှစ်ကြာ နေခဲ့ရတယ်။ ဒါပေမယ့် ထောင်ကလွတ်တဲ့အခါ လက်စားပြန်ချေဖို့ဆိုတာမျိုး မလုပ်ဆောင်ခဲ့ဘူး။ အဲဒီအစား အနာဂတ်ကိုသာ အပြုသဘောရှုမြင်ဖို့ ရွေးချယ်ခဲ့တယ်။ တစ်နေ့မှာ သူ့ကို သတင်းထောက်တွေက မေးခဲ့ကြတယ်။ သူကတော့ သူ့ရဲ့ ပုဂ္ဂလခံစားချက်ထက် တောင်အာဖရိကတိုင်းပြည် တိုးတက်ရေးအတွက် ပိုမိုစဉ်းစားတယ်ဆိုတာ အသိပေးခဲ့တယ်။ သူက မြင်းကျားတစ်ကောင်နဲ့ ဥပမာပေးခဲ့ပါတယ်။ အဖြူစင်းကို ပစ်ပစ်၊ အမည်းစင်းကိုပစ်ပစ် မြင်းကျားကို သေနတ်နဲ့ပစ်ရင် သေမှာပဲဆိုတာကို သူအလေးအနက် အသိပေးခဲ့တယ်။ အလားတူပဲ နိုင်ငံတစ်ခုအတွင်း မှီတင်းနေထိုင်ကြသူအားလုံးဟာ အဲဒီနိုင်ငံရဲ့ အစိတ်အပိုင်းတွေဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက် အချင်းချင်း အပြန်အလှန်လိုအပ်ကြပါတယ်။ ဒီဥပမာဟာ မြန်မာနိုင်ငံကိုလည်း ရည်ညွှန်းနိုင်ပါတယ်။ အရင်က ခါးသီးတဲ့အတွေ့အကြုံတွေကို ထားခဲ့ပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်အတွက် အတူတကွ အလုပ်လုပ်ကြပါ။ အတိတ်ကို သတိရနိုင်ပါတယ်။ ဒါပေမယ့် အနာဂတ်မျိုးဆက်တွေအတွက် စိတ်သစ်၊ လူသစ်နဲ့ မြန်မာနိုင်ငံတော်သစ်ကို ဖန်တီးတည်ဆောက်နိုင်ဖို့က ပိုပြီးအရေးကြီးပါတယ်။ ပြစ်တင်ပြောဆိုတယ်ဆိုတာ ခွင့်လွှတ်သည်းခံရတာထက် လွယ်ကူပါတယ်။ အေးချမ်းစွာအတူလက်တွဲဖော်ဆောင်ရေး၊ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးဆိုတာတွေကို ရှေးရှုပြီး ဆောင်ရွက်ကြမယ်ဆိုရင် အားလုံးလိုက်ပါနိုင်တဲ့ အမျိုးသားနိုင်ငံရေးဆိုတာ ဖော်ဆောင်နိုင်မှာပါ။ အရင်က ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ မြန်မာနိုင်ငံအမျိုးသားရင်ကြားစေ့ရေးအတွက် အားလုံးနဲ့ လက်တွဲအလုပ်လုပ်နိုင်မယ်ဆိုရင် မြန်မာ့သယံဇာတ၊ လူသားအရင်းအမြစ်တွေနဲ့ မြန်မာနိုင်ငံဟာ ဒေသအတွင်း နိုင်ငံရေး၊ စီးပွားရေးအရ အရေးပါတဲ့ ဦးဆောင်နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာမှာဖြစ်ပါတယ်။

မြန်မာ့အလင်း။ ။မြန်မာနိုင်ငံရဲ့ လက်ရှိပြုပြင်ပြောင်းလဲရေးအနေအထားအပေါ် ဥရောပသမဂ္ဂဆိုင်ရာ သံအမတ်ကြီးတစ်ဦးအနေနဲ့ ဘယ်လိုများထင်မြင်မိပါသလဲ။

ဖြေ ။ ။ဥရောပသမဂ္ဂဟာ အောင်မြင်စေဖို့သာ လုပ်ဆောင်ပါတယ်။ ကျရှုံးစေဖို့ မဟုတ်ပါဘူး။ နိုင်ငံရေးအကူးအပြောင်းကာလဆိုတာ အမြဲတမ်း ခက်ခဲကြမ်းတမ်းပါတယ်။ အဖုအထစ်၊ ခလုတ်တံသင်းများလှတဲ့ လမ်းကြမ်းတစ်ခုလည်း ဖြစ်ပါတယ်။ ဘယ်နိုင်ငံရေး ကူးပြောင်းမှုမှ စိန်ခေါ်မှုမရှိဘဲ ချောမွေ့တယ်ဆိုတာ မရှိလှပါဘူး။ နောက်ပြန်ဆုတ်မှုတွေလည်း ရှိနိုင်ပါတယ်။ အပြောင်းအလဲအတွက် လုပ်ဆောင်နေသူတွေကို အားပေးသင့်ပြီး အပြစ်ချည်းတင်နေတာမျိုး ရှောင်ရှားသင့်ပါတယ်။ ကျွန်တော့်အနေနဲ့ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသမှာရှိတဲ့ အကူးအပြောင်းကာလနိုင်ငံအချို့မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ သူတို့မှာ အမြဲတမ်း ကြီးမားတဲ့စိန်ခေါ်မှုတွေ ရှိပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံကတော့ အဲဒီအခြားနိုင်ငံတွေနဲ့ယှဉ်ရင် သိပ်ဆိုးဆိုးရွားရွား မရှိလှပါဘူး။ အီးယူက အခုထိ ပြုပြင်ပြောင်းလဲရေးအတွက် အကူအညီတွေပေးနေပါတယ်။ အရင်ကထက်ဆိုရင် မြန်မာနိုင်ငံဟာ ကြီးမားတဲ့အပြောင်းအလဲတွေ လုပ်ဆောင်နေပါတယ်။ အဲဒီလို ပြုပြင်ပြောင်းလဲရေးဟာ မှန်ကန်တဲ့လမ်းကြောင်းကို ဆက်သွားနေသရွေ့၊ ဒီမိုကရေစီလမ်းကြောင်းမှာ ဆက်ရှိနေသရွေ့၊ လူ့အခွင့်အရေးတွေ၊ လွတ်လပ်မှုတွေ ဆက်လက်တိုးတက်နေသရွေ့၊ လူမှုအဖွဲ့အစည်းတွေ ပိုမိုအားကောင်းလာပြီး နိုင်ငံရေးမှာ အားလုံးပါဝင်မှု ဖြစ်ထွန်းလာနေသရွေ့ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံရဲ့ ဖြစ်စဉ်တွေအပေါ် သူ့ရဲ့ ကူညီပံ့ပိုးမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာသာဖြစ်ပါတယ်။ အခုအချိန်အထိ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံရဲ့ အရေးကြီးတဲ့ အောင်မြင်မှုအချို့ကို မြင်တွေ့ကြားသိပြီးဖြစ်ပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ အပြုသဘော နီးကြားတက်ကြွတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေနဲ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးတွေ ပိုမိုဖြစ်ထွန်းအောင်မြင်လာအောင် ဆက်လက်ပါဝင်ပံ့ပိုးဆောင်ရွက်နေမှာဖြစ်ပါတယ်။

မြန်မာ ယူ-၁၂ လူငယ်လက်ရွေးစင်ကိုဂုဏ်ပြု

သရက် ဩဂုတ် ၁၇

တောင်ကိုရီးယားနိုင်ငံ ဟွာဆောင်မြို့၌ ကျင်းပခဲ့သည့် အာရှလူငယ်ဘောလုံးပွဲတော်တွင် မြန်မာ ယူ-၁၂ လူငယ်အသင်းသည် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် အုပ်စုပထမရရှိခဲ့သည်။ အသင်းတွင် ပါဝင်ကစားခဲ့သော သရက်မြို့မှ မောင်ဟိန်းထက်အောင်(ဂိုး)အား ဂုဏ်ပြုပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီး သရက်မြို့ အလက(၁) ထ(ခွဲ)ကျောင်း၌ ဩဂုတ် ၁၅ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဥက္ကဋ္ဌဦးတင်အောင်မြင့်က ဂုဏ်ပြုရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားပြီး မောင်ဟိန်းထက်အောင်(ဂိုး) မြန်မာယူ-၁၂ လူငယ်လက်ရွေးစင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဥက္ကဋ္ဌ ဦးတင်အောင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဦးအောင်ကျော်စိုးနှင့် ထခွဲကျောင်းအုပ်ဆရာကြီး ဦးအောင်စောဦးတို့က ဂုဏ်ပြုလက်ဆောင်ပစ္စည်းများနှင့် ငွေသားများချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဥက္ကဋ္ဌအနေဖြင့် ယင်းကျောင်း၏ ကျောင်းသားဟောင်းဖြစ်ပြီး ကျောင်းအကျိုးတော်ဆောင် နာယကတစ်ဦးအနေဖြင့် ယင်းဂုဏ်ပြုပွဲကို ဖြစ်မြောက်အောင် စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းဂုဏ်၊ မြို့နယ်ဂုဏ်ကို မြှင့်တင်ပေးခဲ့နိုင်လို့ နိုင်ငံ့ဂုဏ်ဆောင်အဖြစ် ထူးချွန်ခဲ့လို့ ဝမ်းမြောက်မိပါကြောင်း၊ ကျောင်းသား ကျောင်းသူများကလည်း အတုယူသင့်ကြောင်း၊ ပညာရေးနှင့် အားကစားကို တိုးတက်ထူးချွန်အောင် ဆောင်ရွက်ကြရန် ဦးတင်အောင်မြင့်က ပြောသည်။

အလက(၁)ထခွဲ ကျောင်းအုပ်ဆရာကြီး ဦးအောင်စောဦးက ငင်းတို့ကျောင်းဟာ ဘက်စုံပညာရေးကဏ္ဍတွေမှာ အထွေထွေဗဟုသုတနဲ့ ပညာရေး၊ အားကစားတွေမှာ ကျောင်းသားကျောင်းသူများတိုးတက်ထူးချွန်အောင် လေ့ကျင့်သင်ကြားပေးထားပါတယ်။ မောင်ဟိန်းထက်အောင်အနေဖြင့် ဒီကျောင်းမှာ ဆဋ္ဌမတန်းထိ ပညာသင်ကြားခဲ့ပြီး အခု သတ္တမတန်းမှာ ဘောလုံးအကယ်ဒမီ(မန္တလေး) သင်တန်းမှာ ပညာရေး၊ အားကစားသင်ကြားနေရင်း နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင် အားကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရတဲ့အတွက် မိမိတို့ကျောင်း၏ ဂုဏ်ဆောင် မောင်ဟိန်းထက်အောင်အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါကြောင်း ပြောကြားသည်။

မောင်ဟိန်းထက်အောင် မြန်မာ ယူ-၁၂ လူငယ်လက်ရွေးစင်က မန္တလေးအကယ်ဒမီ ဘောလုံးသင်တန်းမှာ မိမိရောက်တာ တစ်လလောက်ပဲရှိပါသေးကြောင်း၊ ကိုရီးယားသွားရန် ၎င်းအပါအဝင် ၁၃ ယောက်အနက် ကိုးယောက်အရွေးခံရကြောင်း၊ မန္တလေး အကယ်ဒမီကျောင်းမှာ သတ္တမတန်းပညာ သင်ကြားရင်း ဘောလုံးလေ့ကျင့်နေကြောင်း၊ ဆရာ ဦးခင်မောင်ကိုနဲ့ ဂိုးနည်းပြဆရာ ဦးမြင့်ဦးတို့က သင်ကြားပေးကြောင်း၊ သရက်မှာ တုန်းက ဆရာဦးစန်းနွဲ့၊ ဆရာဦးခင်မောင်အေးတို့က သင်ကြားပြသပေးကြောင်း၊ နိုင်ငံခြားပွဲတွေမှာ ပါဝင်ခွင့်ရရေးအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောသည်။

ပေါက်ကလေး(သရက်)

■ ကျော့ဖုံးမှ

ပရိသတ်များ၏ အားပေးမှုကြောင့် တူးတူးက လိုက်လံထိုးသတ်ခဲ့သော်လည်း လက်ရှိမြန်မာပြည်ချန်ပီယံ စောငမန်း(ရွှေဖူး)က ရွှေတံဆိပ်ဆုကြီးကို ကာကွယ်လိုက်နိုင်ခဲ့သည်။

ထို့နောက် ယှဉ်ပြိုင်ထိုးသတ်သည့် မြန်မာပြည်ချန်ပီယံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် မြန်မာပြည်ချန်ပီယံတွဲဆိုင်းများနှင့် တက်သစ်စ မြန်မာလူငယ် လက်ဝှေ့ချန်ပီယံများ ယှဉ်ပြိုင်ထိုးသတ် ချန်ပီယံလုသည့် ငါးချီအထူးတွဲဆိုင်းများ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ စောရွှေကျော်(ရွှေဖူး) နှင့် စောလယ်ဖွယ်ထူး(T & T)တို့ပွဲတွင် ငါးချီပြီးဆုံးသည်အထိ အနိုင်အရှုံးမပေါ်ဘဲ သရေဖြင့်လည်းကောင်း၊ သားအသဲတစ်ပွင့်(စွမ်းကေကေ)နှင့် အားမာန်(T & T)တို့ပွဲတွင် သားအသဲတစ်ပွင့်က ဘယ်၊ ညာထောက် လက်သီးများဖြင့် အသာစီး ထိုးသတ်နိုင်ခဲ့သော်လည်း ငါးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်ခဲ့ပေ။ ထို့နောက် ဖိုးလပြည့်(ရွှေဖူး)နှင့် စောအယ်လေး(ထော့မဲ့ပါ)တို့ပွဲတွင် စောအယ်လေး ဒုတိယအချီ ၂ မိနစ် ၄၇ စက္ကန့်တွင် ဖိုးလပြည့်(ရွှေဖူး)၏ ဘယ်ဒူးတိုက်ချက်ဖြင့် အနားတောင်းခဲ့သော်လည်း ဆက်လက်မယှဉ်နိုင်တော့ဘဲ ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးခဲ့ရပြီး ကျားပေါက် (ရွှေသောင်းရင်း)နှင့် ရဲတံခွန်(အလင်းရောင်)တို့ ပွဲတွင် ကျားပေါက်(ရွှေသောင်းရင်း) က အသာစီး ထိုးသတ်နိုင်ခဲ့သော်လည်း သရေကျခဲ့ပြီး ရဲရင့်အောင်(နဂါးမာန်)နှင့် စောဂပရေမှူး(ထော့မဲ့ပါ)တို့ပွဲတွင် ရဲရင့်အောင် (နဂါးမာန်)က တစ်ဖက်သတ်သာ အသာစီးဖြင့်ထိုးနိုင်ခဲ့၍ စတုတ္ထမြောက်အချီ ၂ မိနစ် ၁ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် ထွန်းထွန်း (ဝါဆို)နှင့် စိန်ခေါ်သူ စောဂေါ်မူတို (သတ္တိ)တွဲဆိုင်းတွင် ခံနိုင်ရည်ရှိပြီး လက်သီးအားပြင်းထန်သည့် စောဂေါ်မူတိုက ဒုတိယအချီ ၂ မိနစ် ၃၀ စက္ကန့်မှာပင် လက်ဝှေ့သမားရင့် ထွန်းထွန်း(ဝါဆို)၏ ဘယ်မေးအောက်ကို ပြင်းထန်လှသည့် ညာထောက်လက်သီးတစ်လုံး ပစ်သွင်းလိုက်ပြီး ပွဲသိမ်းအနိုင်ယူခဲ့သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ အခန်း (၄)၊ ပုဒ်မ ၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ (Anti-Money Laundering Central Board-AMLCB) ကို ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကိုယ်စားလှယ်များသည် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်သည် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူမည့် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သည့် ဗဟိုအဖွဲ့ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၄ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြား သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအရေးယူဆောင်ရွက်ခြင်း၊ အမျိုးသားမဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်မှုဆောင်ရွက်ခြင်း၊ သတင်းပို့အဖွဲ့အစည်းများလိုက်နာရန် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းစဉ်မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊ ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းစသည့်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့သည် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ စိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် သတင်းပို့အဖွဲ့အစည်းတို့အား ဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်၍ ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုများတွင် ငွေကြေးထောက်ပံ့သူတို့ကို စုံစမ်းဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

မိဘများဖြစ်သော ဦးညိမ်းနှင့် ဒေါ်ခင်အုံတို့အားရည်စူး၍ အမှတ် ၃၀၅ ချမ်းမြေ့သာယာလမ်း (၃၂) ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းနေ မောင်နှမသုံးဦး ဦးသောင်းညိမ်း၊ ဦးမျိုးညိမ်း၊ ဒေါ်အေးအေးညိမ်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ်သိန်း၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်သောင်း လက်ခံစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

ဒုတိယအကျော့တွင် ရလဒ်ကောင်းများရရှိနေသည့် ဧရာဝတီအသင်းမှာ ယခုပွဲတွင် အမှတ်ရရှိရေး ရုန်းကန်ခဲ့ရပြီး သရေတစ်မှတ် ရရှိရန်ပင် ရုန်းကန်ခဲ့ရသည်။ ဧရာဝတီအသင်းမှာ ယခုပွဲတွင်ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း မနောမြေအသင်းဘက်သို့ ထိရောက်သည့် တိုက်စစ်ဆင်မှုများက မလုပ်နိုင်ခဲ့ပေ။

ဧရာဝတီအသင်းမှာ ပွဲစကတည်းက ဂိုးရရှိရန်ကြိုးပမ်းခဲ့သော်လည်း မနောမြေအသင်းက ကောင်းစွာထိန်းချုပ်နိုင်ခဲ့ပြီး မိနစ် ၄၀ တွင် ထွန်းမင်းစိုးက မနောမြေအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဧရာဝတီအတွက် ချေပဂိုးကို မိနစ် ၇၀ မှ ရရှိခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ကိုနေးက သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် ဧရာဝတီအသင်းအနိုင် ရရှိနိုင်မည့် အခွင့်အရေးများရရှိခဲ့သော်လည်း မိုးဝင်း၏ခေါင်းတိုက်ချက် ဘားတန်းထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
ဇွဲကပင်နှင့်ရန်ကုန်
(အောင်ဆန်းကွင်း)
ကမ္ဘောဇနှင့် ဆောက်သမ်း

ရန်ကုန်လူငယ်အသင်း ဂျေလိဂ်လူငယ်ကို အနိုင်ရ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံသို့ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ရောက်ရှိနေသည့် ဂျေလိဂ်လူငယ်အသင်းနှင့် ရန်ကုန်ယူနိုက်တက် လူငယ်အသင်းတို့သည် ယနေ့ ညနေပိုင်းက YUSC ကွင်းတွင် ခြေစမ်းကစားရာ ရန်ကုန်ယူနိုက်တက် လူငယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

လက်ရှိ MNL လူငယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် ရန်ကုန်လူငယ်အသင်းမှာ ခြေစွမ်းပြကစားခဲ့ပြီး အနိုင်ဂိုးများကို ခြောက်မိနစ်တွင် ထူးခန့်လွင်၊ ၄၈ မိနစ်တွင် ဝဏ္ဏနှင့် ၇၉ မိနစ်တွင် အောင်မျိုးဦးတို့က သွင်းယူပေးခဲ့သည်။ ဂျေလိဂ်လူငယ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၇ မိနစ်တွင် ဟီရာမက်ဆုက သွင်းယူပေးခဲ့သည်။

ဩဂုတ် ၁၈ ရက် ညနေ ၃နာရီခွဲတွင် ပဒုမ္မာကွင်း၌ ဂျေလိဂ်လူငယ်နှင့် ရတနာပုံလူငယ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

လီဗာပူး ပွဲဦးထွက်နိုင်

လီဗာပူး ဩဂုတ် ၁၇

လီဗာပူးတို့ ဆောက်သမ်တန်အသင်းကို ပရီမီယာလိဂ်အဖွင့်ပွဲတွင် ဒန်နီရယ်စတာရစ်၏ နောက်ကျဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ လီဗာပူးအတွက် အဖွင့်ဂိုးကို ပွဲစပြီး ၂၃ မိနစ်အကြာ စတာလင်းက သွင်းယူပေးခဲ့သည်။ သို့သော်လည်း ဆောက်သမ်တန်အတွက် ချေပဂိုးကို ကလိုင်းက ဒုတိယပိုင်း ၅၆ မိနစ်တွင် သွင်းယူပေးခဲ့သည်။ လီဗာပူးအတွက် အနိုင်ဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် စတာလင်း ခေါင်းတိုက်ချပေးလိုက်သော ဘောလုံးကို စတာရစ်က မနားတမ်းအနီးကပ် ဂိုးသွင်းယူလိုက်ခြင်းဖြစ်သည်။ မန်စီးတီးနှင့် နယူးကာဆယ်ပွဲတွင် မန်စီးတီးက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရသည်။ **မောင်နွေသစ်**

ဟောင်ကောင်မှ ကျောင်းသား ကျောင်းသူများ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ လာရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၁၇

Hong Kong Myanmar Chamber of Commerce (HKMCC)၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော Youth Leadership Training Project အစီအစဉ်ဖြင့် ဟောင်ကောင်မှ ကျောင်းသား ကျောင်းသူ ၂၁ ဦးသည် နေပြည်တော်ရုံးအမှတ် ၃၈ ရှိ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးသို့ ဩဂုတ် ၁၄ ရက် ညနေ ၃ နာရီက လာရောက်လေ့လာကြောင်း သိရသည်။ **(ဝဲပုံ)**

တင်ပြဆွေးနွေး

အဆိုပါ လေ့လာရေးအဖွဲ့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များကို Power Point ဖြင့်လည်းကောင်း၊ ဗီဒီယိုမှတ်တမ်းခွေများဖြင့် လည်းကောင်း ဒုတိယရဲမှူးကြီး ခင်မောင်လှက တင်ပြဆွေးနွေးခဲ့သည်။

ပြောကြား

ထို့နောက် လေ့လာရေးအဖွဲ့က မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်ပြီး သိရှိလိုသည်များကိုမေးမြန်းရာ ဒုတိယရဲမှူးကြီး ခင်မောင်လှက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး လေ့လာရေးကျောင်းသားအဖွဲ့ခေါင်းဆောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အထွက်တိုးစပါး သိပ္ပံနည်းကျစိုက်ပျိုး

မိုးညို ဩဂုတ် ၁၇

သာယာဝတီခရိုင် မိုးညိုမြို့နယ် သာယာကုန်းအုပ်စုကွင်းအမှတ် (၇၀)ရှိ တောင်သူကြီး ဦးမောင်ဇော်နှင့် ဦးတင်စိုးတို့၏လယ်မြေ ၁၀ ဧကတွင် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး (GAT) စံပြကွက်ကို ဩဂုတ် ၁၅ရက် နံနက် ၈နာရီ က အပြီးစိုက်ပျိုးသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရွှေအိုးက တောင်သူများအား သမားရိုးကျ စပါးစိုက်ပျိုးခြင်းအစား သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄) ချက်နှင့်အညီ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုးတက်မည်ဖြစ်၍ မျိုးကောင်းမျိုးသန့်ပွားများစိုက်ပျိုးရေးနှင့် မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို ရှင်းလင်း ပြောကြားသည်။

ပုလဲသွယ်စံပြကွက်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုအဖွဲ့နှင့် နီးစပ်ရာကျေးရွာအုပ်စုများမှ တောင်သူများအား စံပြကွက် ပျိုးထောင် စိုက်ပျိုးသည်မှ ရိတ်သိမ်းပြီး ချိန်အထိ လုပ်ငန်းအဆင့်ဆင့်ကို တောင်သူများလာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **ခင်လတ်(မိုးညို)**

Miss Myanmar International 2014 သရဖူ ခင်ဝေဖြိုးဟန် ဆွတ်ခူး

ရန်ကုန် ဩဂုတ် ၁၇

နိုင်ငံတကာအလှမယ်ပြိုင်ပွဲသို့ တတိယအကြိမ် နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် Miss Myanmar International 2014 ပြိုင်ပွဲကြီး၏ နောက်ဆုံးဆန်ခါတင် သရဖူအလှမယ်တစ်ဦး ရွေးချယ်ပွဲကြီးကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီး၌ ယနေ့ ည ၇ နာရီတွင် ကျင်းပခဲ့ရာ နောက်ဆုံးအလှမယ် သရဖူဆုကို ခါးနံပါတ် (၁၆) ခင်ဝေဖြိုးဟန် ဆွတ်ခူးရရှိခဲ့ပြီး ဂျပန်နိုင်ငံသို့ မကြာမီ နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ အခြားဆုများဖြစ်သည့် 1st Runner Up ဆုကို ခါးနံပါတ် (၁၈) မေဘရဏီသော်၊ 2nd Runner Up ဆုကို ခါးနံပါတ် (၁၂)သဒ္ဒါမရိုင်ယာ ရရှိခဲ့ပြီး Miss Talent ဆုကို သိမ့်ဟန်ဇော်၊ Miss Photogenic ဆုကို မေဘရဏီသော်က ထပ်မံရရှိခဲ့ပြီး Miss Beauty & Health ဆုကို ခါးနံပါတ် (၅) အိန္ဒဝေတို့က ရရှိခဲ့ကြသည်။

Miss Myanmar International 2014 Award သရဖူဆုရရှိသည့် အလှမယ်ကို ငွေကျပ်သိန်း ၁၀၀၊ 1st Runner Up ဆုကို ငွေကျပ်သိန်း ၆၀ ၊ 2nd Runner Up ဆုရရှိသူကို ငွေကျပ် သိန်း ၄၀ ချီးမြှင့်ပေးခဲ့ပြီး အခြားဆုများကို ငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စိန်လွင်(မြန်မာ့အလင်း)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၃/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၃/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍတို့ကိုလည်း ခေတ်စနစ်နှင့်အညီ Third Wave တတိယအဆင့်အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲနေပြီဖြစ်ကြောင်း၊ ပြည်သူများအတွက် ဖြေလျှော့ ပေးနိုင်သည်များကိုလည်း ကဏ္ဍအလိုက် ဖြေလျှော့ပေးခဲ့ပြီး ပြည်သူများသိရှိအောင် သတင်းစာများ၊ ရုပ်သံလိုင်းများ၊ ဂျာနယ်များတွင်လည်း ဖော်ပြခဲ့ပြီး ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီမှ ဖွဲ့စည်းထားသော Mobile Team အဖွဲ့များဖြင့် တရားမဝင် ဝင်ရောက်နေသည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ နည်းလမ်းမှန်ပေါ် ရောက်ရှိအောင်နှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ အကျိုးအမြတ်ထိုက်သင့်စွာ ရရှိရေးအတွက် ပိုလျှံမှုရှိသည့် လယ်ယာထွက်သီးနှံများကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ စျေးကွက်သစ်များ ရှာဖွေထိုးဖောက်တင်ပို့နိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးသူ အကာအကွယ်ပေးရေးကိစ္စသည် အထူးအရေးကြီးသည့်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ကုန်သည်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆောင်ရွက်နေမှု အခြေအနေများနှင့် အခက်အခဲရှိသည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှ မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့်ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခွန်ကောက်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဥပဒေများဆိုင်ရာ ရှင်းလင်းဆွေးနွေး

လင်းခေး ဩဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် အခွန်ဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေနှင့် ကုန်သွယ်ရေးလုပ်ငန်းခွန်၊ ဝင်ငွေ ခွန်ဥပဒေများကို ပြင်ဆင်သည့်ဥပဒေများဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝေမောင်က အမှာစကားပြောကြားပြီး လင်းခေးမြို့နယ် အခွန်ဦးစီးဌာနဦးစီးမှူး ဦးအောင်လွင်က ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒနှင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ဥပဒေများကို နိုင်ငံတော်က ပြင်ဆင်သည့် ဥပဒေများဆိုင်ရာနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော အခွန်အထမ်း ပြည်သူများထံမှ သိရှိလိုသောအချက်များ၊ အခွန်အကောက်ဥပဒေများဆိုင်ရာ အပေါ် မရှင်းလင်းသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြည့်စွက်ရှင်းလင်းဖြေကြားသည်။ **စိုင်းဇော်လတ်(iprd)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီး သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် အကြီးမားဆုံးသော မာရသွန်ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ကွင်း၌ လာမည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲကြီးသို့ ပြည်တွင်း/ပြည်ပမှ ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ကြမည့် အပြေးအားကစားသမားများ အနေဖြင့် ယခုလ ဩဂုတ်၁၈ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အတွင်း စတင်စာရင်းပေးသွင်းနိုင်ပြီ ဖြစ်ကြောင်း ဩဂုတ် ၁၅ ရက် ညနေ ၆ နာရီတွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲမှ သိရသည်။

ယခုကျင်းပမည့် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန် ပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပလျက်ရှိရာ ယခု တတိယအကြိမ်အဖြစ် ကျင်းပမည့် ပြိုင်ပွဲကြီးတွင် ယခင်နှစ်များက ထက် ပြည်တွင်း/ပြည်ပမှ လာရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမား ပိုမိုများပြားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ပြိုင်ပွဲကြီးတွင် ၄၂ (အမျိုးသား/အမျိုးသမီး) ကီလိုမီတာ၊ ၂၁ (အမျိုးသား/ အမျိုးသမီး) ကီလိုမီတာ၊ ၁၀ (အမျိုးသား/ အမျိုးသမီး)ကီလိုမီတာတန်းများ အပြင် အပျော်တမ်း ၅ ကီလိုမီတာ၊ ၃ ကီလိုမီတာနှင့် လမ်းလျှောက်ပြိုင်ပွဲများလည်း ထပ်မံတိုးချဲ့ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များကို အသက်ကန့်သတ်ချက်အနေဖြင့် ၄၂ ကီလိုမီတာတန်းနှင့် ၂၁ ကီလိုမီတာတန်းတို့တွင် ပါဝင်ယှဉ်ပြိုင်မည့် အပြေးမောင်မယ်များသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၁၆ နှစ်ပြည့်ပြီးသူများဖြစ်ရမည်ဖြစ်ပြီး ၁၀ ကီလိုမီတာတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများမှာ ၁၂ နှစ် ပြည့်ပြီးသူများဖြစ်ရမည်ဖြစ်သည်။

ပြိုင်ပွဲကြီးတွင် ကီလိုမီတာတန်းအလိုက်ဆုရရှိသည့် အားကစားသမားများကို ဆုချီးမြှင့်ငွေအဖြစ် ၄၂ ကီလိုမီတာတန်းတွင် ပထမပန်းဝင်သည့် အားကစားသမားကို အမေရိကန်ဒေါ်လာ ၂၇၀၀၊ ဒုတိယပန်းဝင်သူကို ၁၄၀၀ နှင့် တတိယပန်းဝင်သူကို ၉၀၀ အဖြစ်လည်းကောင်း၊ ၂၁ ကီလိုမီတာတန်းတွင်ပထမကို အမေရိကန်ဒေါ်လာ ၁၆၀၀၊ ဒုတိယကို ၉၀၀၊ တတိယကို ၅၀၀အဖြစ် လည်းကောင်း၊ ၁၀ ကီလိုမီတာတန်းတွင် ပထမပန်းဝင်သူကို အမေရိကန်ဒေါ်လာ ၈၀၀၊ ဒုတိယပန်းဝင်သူကို ၄၀၀နှင့် တတိယပန်းဝင်သူကို ၂၅၀ အသီးသီးသတ်မှတ်ချီးမြှင့်သွားမည်ဖြစ်ပြီး အပျော်တမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်ပြေးသည့်အားကစားသမားများကို ထိုက်သင့်သည့် ဆုလက်ဆောင်များချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ တတိယအကြိမ်ကျင်းပမည့် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးကို ဝင်ရောက်ပါဝင်ပြေးကြမည့်အားကစားသမားများအနေဖြင့် ယခုလ ဩဂုတ် ၁၈ ရက်မှစတင်ပြီး ပြည်တွင်းအားကစားသမားများကို တစ်သမတ်တည်း ဝင်ကြေး ငွေကျပ် ၅၀၀၀ နှုန်းဖြင့်လာရောက် စာရင်းပေးသွင်းနိုင်ပြီး ပြည်ပမှလာရောက်ယှဉ်ပြိုင်မည့် နိုင်ငံခြားသားအားကစားသမားများကိုမူ ၄၂ကီလိုမီတာတန်းတွင် အမေရိကန်ဒေါ်လာ ၅၅နှင့်၄၄တို့ကို လည်းကောင်း၊ ၂၁ ကီလိုမီတာတန်းတွင် အမေရိတန်ဒေါ်လာ ၄၅ နှင့် ၃၆ တို့ကိုလည်းကောင်း၊ ၁၀ ကီလိုမီတာတန်းတွင် အမေရိကန် ဒေါ်လာ ၃၅ နှင့် ၂၈ ဟူ၍ သတ်မှတ်ထားပြီး အပျော်တမ်းပါဝင်ယှဉ်ပြိုင်ပြေးမည့် အပြေးသမားများကို အမေရိကန် ဒေါ်လာ ၂၅ နှင့် ၁၈ ဟူ၍ နှုန်းထား အသီးသီးပေးသွင်း၍ နိုင်ငံတကာ အပြေးသမားများအနေဖြင့် www.yomayangonmarathon.com မှလည်းကောင်း၊ ပြည်တွင်းအားကစားသမားများအနေဖြင့် FMI စင်တာ အမှတ် ၃၀၈ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းရမည်ဖြစ်သည်။

ဒုတိယအကြိမ် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးကို သုဝဏ္ဏအားကစားကွင်း၌ ဤသို့စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့စဉ်။

မြန်မာနိုင်ငံ၏ ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးတွင် ပထမဦးဆုံးကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ်က ပြည်တွင်း/ပြည်ပ အပြေးမောင်မယ် ၁၀၀၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး၂၀၁၄ ခုနှစ်က ပြည်တွင်း/ ပြည်ပမှ ဝင်ရောက် ယှဉ်ပြိုင်သူ ၂၇၀၀ ကျော်ရှိလာကာ ယခုနှစ် တတိယအကြိမ်တွင်မူ ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမား ၄၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းထားသည်။ ပြီးခဲ့သည့် ဒုတိယအကြိမ် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီး၌ ၄၂ ကီလိုမီတာ အမျိုးသား မာရသွန်အပြည့်အပြေးပြိုင်ပွဲတွင် ကင်ညာနိုင်ငံသား Mr. Joseh Gitau Kariuki က ၂ နာရီ ၃၅ မိနစ် ၄၉ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီး ၄၂ ကီလိုမီတာ အမျိုးသမီး မာရသွန်အပြည့် အပြေးပြိုင်ပွဲတွင် ၃ နာရီ ၁ မိနစ် ၁၃ စက္ကန့်ဖြင့် မြန်မာနိုင်ငံမှ မမြင့်မြင့်အေးကပန်းဝင်အနိုင်ရခဲ့သည်။ မာရသွန်ပြေးပွဲ တစ်ဝက်ဖြစ်သည့် ၂၁ ကီလိုမီတာ အပြေးပြိုင်ပွဲတွင် ကင်ညာနိုင်ငံသား Mr. Paul Kiani Wambui က ၁ နာရီ ၇ မိနစ်၂၈စက္ကန့်ဖြင့်ပန်းဝင် အနိုင်ရခဲ့ပြီး အမျိုးသမီး ၄၂ ကီလို မီတာတန်းတွင် ကင်ညာနိုင်ငံသူMs.Mary Wagui Kiguru က ၁နာရီ ၂၅ မိနစ် ၃၁စက္ကန့်တို့ဖြင့်ပန်းဝင် အနိုင်ရရှိခဲ့ကြသည်။

ဖြူးဆရာတော်ကြီး၏ တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည် သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ M.A, Ph.D. ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ သာသနာပြုနယ်လှည့် ဓမ္မကထိက အရှင်သူမြတ်သည်

- ၁၈-၈-၂၀၁၄ ရက် မန္တလေးမြို့ ဦးမြတ်ကျော်-ဒေါ်ခင်စန်း သာသနာ့ရောင်ခြည်သက်န်းတိုက်နှင့် ဒကာ၊ ဒကာမများ စုပေါင်းလှူဒါန်းသော အိမ်တော်ရာစေတီတော် ဓမ္မာရုံကြီး၌ တရားပွဲ။
- ၂၄-၈-၂၀၁၄ရက် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာမြို့တရားပွဲ။
- ၂၆-၈-၂၀၁၄ရက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာတရားပွဲ။
- ၁-၉-၂၀၁၄ရက် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ရွာတန်းရှည်ရွာ၊ ခေမာသီဝံ မဟာစည်သာသနာ့ရိပ်သာတရားပွဲ။
- ၈-၉-၂၀၁၄ရက် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ စန်းမြသီတာ မဟာစည်သာသနာ့ရိပ်သာတရားပွဲ။
- ၁၆-၉-၂၀၁၄ရက် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကစံဘုရားတရားပွဲ။
- ၂၃-၉-၂၀၁၄ရက် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ မဟာစည်သာသနာ့ရိပ်သာတရားပွဲ။
- ၁-၁၀-၂၀၁၄ရက် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာတရားပွဲ။
- ၈-၁၀-၂၀၁၄ရက် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဖြူးမဟာစည်သာသနာ့ရိပ်သာတရားပွဲ။

အထက်ပါတရားပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်နိုင်ပါရန် အသိပေး ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ဖြူးမဟာစည်သာသနာ့ရိပ်သာ

ရောင်း/ ငှားမည် (ပွဲစားမလို)

သန်လျင်၊ အောင်ချမ်းသာအိမ်ရာ
ဖုန်း-၀၉-၄၉၃၄၉၁၂၄

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးဇော်ရဲမင်း ၉/မနမ(နိုင်)၀၄၃၄၇၇၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)
ဖုန်း-၀၉-၂၀၀၅၆၆၉

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၇)၊ မြေကွက်အမှတ် ၃၇၉၊ မြေအမည်ပေါက် ဦးသန်းထွန်း ၁၄/ဝခမ(နိုင်)၀၀၂၈၃၇ က မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၇)၊ မြေကွက်အမှတ် ၅၁၄၊ မြေအမည်ပေါက် ဦးစိုးတင့် ၇/ဒဥန(နိုင်)၀၀၈၅၉၁က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စားနပ်ရိက္ခာဖူလုံရေး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံ ပြည့်ဝရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာထုတ်လုပ်ရေးတာဝန်ယူဆောင်ရွက်နေသည့်ဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းများကို နေရာကွက်၍ မဆောင်ရွက်ဘဲ နိုင်ငံနှင့်အဝန်း နေရာဒေသအသီးသီးတွင် စားနပ်ရိက္ခာဖူလုံစေရေးအတွက် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိစေရေး၊ လူတစ်ဦးချင်းစီ၏ အသား၊ ငါး၊ ဥနှင့် နို့စားသုံးမှု ပမာဏတိုးမြှင့်နိုင်စေရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးကောင်းမျိုးသန့် မျိုးရိုးမြင့် နွား၊ ဆိတ်၊ ဝက်၊ ဘဲ၊ ငါးမျိုးများအား ဖြန့်ဖြူးပေးလျက်ရှိပြီး အသား၊ ငါး၊ ဥနှင့်နို့ထုတ်လုပ်မှုကောင်းမွန်သော တိရစ္ဆာန်များအား တိုးချဲ့ မွေးမြူသွားခြင်းဖြင့် ပြည်သူများ သား၊ ငါး ဝဝလင်လင်စားသုံးနိုင်ပြီး တစ်ဦးချင်းဝင်ငွေများလည်း တိုးတက်ရရှိလာကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ သား၊ ငါးမွေးမြူကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၏လိုအပ်သော တိရစ္ဆာန်များ၊ နည်းပညာများ၊ ငွေကြေးအရင်းအနှီးများ ပြေလည်စေရေးအတွက် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်များက ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေဖြိုး မွေးမြူရေးဇုန်များအတွင်း နို့နှင့်နို့ထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုအခြေအနေများ၊ အသားတိုးကြက်၊ ဝက်၊ နွား၊ ဆိတ် မွေးမြူထုတ်လုပ်မှုအခြေအနေများ၊ အသားစား နွားနှင့် နွားခြံများ တိုးချဲ့ဆောင်ရွက်သွားနိုင်ရန် Mobile Market ဖြင့် ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချသွားနိုင်ရေး၊ မွေးမြူရေးနှင့် ပတ်သက်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန်အတွက် ရေနှင့် မီးရရှိရေး၊ ဥစားကြက်နှင့် အသားစားကြက်များအား Cooling System များဖြင့် တိုးချဲ့မွေးမြူနိုင်ရေး၊ နွားစားမြက်၊ နေပီယာမြက်မျိုးများ စိုက်ပျိုးနိုင်ရေး၊ လိုအပ်သော မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကို နိုင်ငံခြားမှ မှာယူတင်သွင်းနိုင်ရေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၄၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၃၆၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၃၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၈၅
ဥရောပ	တစ်ယူရို	၁၃၃၇-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆-၃၂
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၂

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

သက်ကြီးဆရာဝန်များ ပူဇော်ကန်တော့ရန် ရန်ပုံငွေပါဝင်ကူညီသူများအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်အဖွဲ့) ရန်ကုန်တိုင်းဒေသကြီးက ကြီးမှူးကျင်းပသော အသက်(၇၅နှစ်)နှင့် အထက် သက်ကြီး ဆရာဝန်များ ပူဇော်ကန်တော့ပွဲအတွက် အမျိုးသားဇာတ်ရုံရှိ ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲနှင့် ပဒေသာကပွဲပြုလုပ်ရာတွင် ငွေကြေးမယူပါဝင်ကူညီပံ့ပိုးခဲ့သူများနှင့် ငွေသားအလှူရှင်များအား ဂုဏ်ပြုပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်ခန်းမဆောင်ဘီ၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးရဲမြ၊ အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာအေးတို့က ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ငွေကျပ် ၁၈၅ သိန်း လှူဒါန်းသူ အလှူရှင် ခြောက်ဦး၊ တေးဂီတဖျော်ဖြေပွဲနှင့် ပဒေသာကပွဲတွင် စေတနာဖြင့်ပါဝင်ကူညီပေးကြသော ဂီတအနုပညာရှင်များနှင့် အလှဖန်တီးရှင်များကို မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌနှင့် အမျိုးသမီးဆရာဝန်အဖွဲ့ ဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ရာ အလှူရှင်များ ကိုယ်စား CB ဘဏ်မန်နေဂျင်း ဒါရိုက်တာ ဦးဖေမြင့်၊ ဂီတအနုပညာရှင်များကိုယ်စား ဦးသိန်းဝင်း၊ အလှဖန်တီးရှင်များကိုယ်စား မိတ်ကပ်ကိုမာတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပဲတီစိမ်းဈေးကောင်းသော်လည်း အထွက်နှုန်းလျော့နည်းခဲ့

စစ်ကိုင်း ဩဂုတ် ၁၇

စစ်ကိုင်းမြို့နယ် အတွင်းရှိ စာရေး၊ ရွာသာယာ၊ ပဒူ၊ တောင်ရင်း၊ ကံကြီးကုန်း၊ မာလဲတော၊ အုန်းနှဲပင် အစရှိသော ကျေးရွာများသည် မိုးကြိုပဲတီစိမ်းများကို စိုက်ပျိုးခဲ့သော်လည်း နောက်ပိုင်းမိုးရရှိမှု မတူညီခြင်းကြောင့် အချို့ပဲတီစိမ်းစိုက်တောင်သူများမှာ အထွက်နှုန်းလျော့နည်းခဲ့ကြသည်။

မြို့နယ်အတွင်းရှိ မြစ်ရေတင်ဆည်ရေသောက်မဟုတ်သည့် ကျေးရွာများသည် မိုးကိုသာမျှော်၍ စိုက်ပျိုးရခြင်းဖြစ်ပြီး ယခုနှစ် မိုးရွာသွန်းမှုနည်းပြီး မိုးကြိုပဲတီစိမ်းစိုက်တောင်သူများမှာ မြို့နယ်အတွင်း ရွာသော မိုးရေရရှိမှု မတူညီသလို အထွက်နှုန်းလည်း မတူညီဘဲ မြေနိမ့်ပိုင်း အစိုဓာတ်ရှိသော ကျေးရွာများတွင်သာ အထွက်နှုန်းကောင်းပြီး အကျိုးအမြတ်ရရှိကြသည်။

"ယခုနှစ် ကျွန်တော်တို့ရွာမှာတော့ မိုးကြိုပဲတီစိမ်းများကို ဇူလိုင်ပထမပတ်လောက်က စကောက်ရပြီး ဈေးနှုန်းမှာ သုံးတင်းတစ်အိတ်ကို ငွေကျပ် တစ်သိန်းနှစ်သောင်းခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်၊ ကုန်ဝယ်ဒိုင်များကလည်း ပြည်ပက ဝယ်ယူမှုကို အခြေခံ၍ ပဲတီစိမ်းအရည်အသွေး ကိုလိုက်ပြီး ဈေးနှုန်းအနည်းငယ်ကွာ ခြားမှုပေး၍ဝယ်ယူကြတယ်၊ ကျွန်တော် တို့ တောင်သူတွေကတော့ မိုးလေဝသကောင်းမှ သီးနှံထွက်မှာပါ" ဟု ပဒူကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ **မျိုးဝင်း(စစ်ကိုင်း)**

ကျန်းမာရေး အသိပညာပေးဟောပြောပွဲကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁၇

ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ ပညာရေးကောလိပ်အားကစားခန်းမ၌ကျင်းပရာ ပထမဦးစွာ ပညာရေးကောလိပ်မှ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင်ဒေါက်တာဇော်ရိန်က သွေးလွန်တုပ်ကွေးနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းက ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အီဘိုလာရောဂါအကြောင်းတို့နှင့်ပတ်သက်၍ ဟောပြောဆွေးနွေးကြသည်။

အခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ထမ်းများက ဆေးစိမ်ခြင်ထောင်ဆေးစိမ်နည်းကို လက်တွေ့သရုပ်ပြသပြီး ဆေးစိမ်ဆေးပြားများကို ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

MYANMAR YANG TSE COPPER LIMITED
(OVERSEAS TENDER NOTICE)

TENDER NO. (Ref No. CCS-33-14)

Sale of an estimated (100 metric tons) of Copper Cathode from MYTCL S&K Mine site in Monywa, Myanmar.

CLOSING DATE & TIME: 8th September 2014 at 12:00 noon

Tender document is available at the following address. Any queries can be done between 10 am to 4pm at MYTCL Yangon Office before the Tender Closing Date.

Myanmar Yang Tse Copper Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1-514194 to 7/ Fax: (95) 1 514208/ Email: yangtse@yangtse.com.mm)

ကံကောင်း
PH-09-49300967
09-420185599

RUBY
519100
09-51-77212, 535100

သွေးသည် အသက်

Junction တွင် 15 . 8 . 2014 မှ စတင်ပြသမည့် ဇာတ်ကားများ

Junction Square (Ph - 01 527055, 09 2544 24544)

Rage	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 . 30 PM
Guardians Of The Galaxy (Dell Digital Cinema)	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 . 30 PM
[illegible]	Sun to Thu	10 AM , 12 . 30 PM , 3 . 30 PM , 6 . 30 PM
	Fri & Sat	10 AM , 12 . 30 PM , 3 . 30 PM , 6 . 30 PM , 9 . 30 PM

Junction Nay Pyi Taw (Ph - 067 421 616)

[illegible]	Mon to Thu	11 AM , 2 PM , 6 . 30 PM
	Fri to Sun	10 . 30 AM , 1 . 30 PM , 4 . 30 PM , 7 . 30 PM

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အနာဂတ်အရည်အသွေးမြင့်ဝန်ဆောင်မှုကျွမ်းကျင်သူမျိုးဆက်သစ်ပေါ်ထွက်ရေးရည်ရွယ်ကာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် Hospitality and Catering Training Academy တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အထောက်အကူဖြင့် Hospitality and Catering Training Academy သင်တန်းကျောင်းတွင် Certificate in Hotels Operation နှင့် Certificate in Culinary Art သင်တန်းများကို အောက်တိုဘာလအတွင်း စတင်ဖွင့်လှစ်ပါမည်။

၂။ အဆိုပါသင်တန်းများကို ပြည်တွင်းပြည်ပမှပညာရှင်များနှင့်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူပညာရှင်များမှ ASEAN Competency သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားပေးပါမည်။

၃။ သင်တန်းကျင်းပမည့်နေရာနှင့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နေရာ ။ ။ အမှတ် N-61၊ မကျီးကန်ကျေးရွာ၊ Hospitality and Catering Training Academy သင်တန်းကျောင်း၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

သင်တန်းကာလ ။ ။ ၆လ + ၂လ လုပ်ငန်းခွင်အလုပ်သင်

သင်တန်းအချိန် ။ ။ နံနက် ၉ နာရီမှ ညနေ ၄ နာရီ တနင်္လာနေ့မှ သောကြာနေ့အထိ

၄။ သင်တန်းလျှောက်ထားရန်အရည်အချင်းသတ်မှတ်ချက်-

(က) တက္ကသိုလ်ဝင်တန်း(၁၀တန်း) အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူများ

(ခ) အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းဖြစ်ရမည်။

(ဂ) ကျန်းမာရေးပြည့်စုံကောင်းမွန်သူဖြစ်ရမည်။

(ဃ) သင်တန်းကာလ (စာတွေ့လက်တွေ့)များအားသင်ယူနိုင်ပြီး သင်တန်းစည်းကမ်းကိုလိုက်နာသူ၊ သင်တန်းပြီးဆုံးအောင်တက်ရောက်နိုင်သူဖြစ်ရမည်။

(င) သင်တန်းလျှောက်လွှာတွင် လျှောက်ထားသူကိုယ်တိုင်လက်ရေးဖြင့် ဖြည့်သွင်းရေးသားရပါမည်။

၅။ သင်တန်းလျှောက်လွှာများကို ၁၈-၉-၂၀၁၄ ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပြီး HCTA မှ ကျင်းပပြုလုပ်မည့် သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။

၆။ အခမဲ့သင်တန်းဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် သင်တန်းလျှောက်လွှာများကို ယနေ့မှစတင်ပြီး အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

(က) အမှတ် N-61၊ မကျီးကန်ကျေးရွာ၊ Hospitality and Catering Training Academy သင်တန်းကျောင်း၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

(ခ) ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ အခန်းအမှတ် ၀၀၄၊ ၀၀၆၊ အင်းလျားကန်ဟိုတယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၈၀၇၀၅၅၊ ၀၉-၂၅၁၀၃၄၅၆၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၉၇၄၃ Hino TE 11-Truck (4 x 2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင်ထွန်း ၁၂/ခရန(နိုင်)၀၉၈၁၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

မွေးရာပါ ခြေလေးချောင်းကလေးငယ် ခွဲစိတ်ကုသမည်

ရန်ကုန် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်မှ မွေးရာပါခြေလေးချောင်းပါသည့် ကလေးငယ်တစ်ဦး ခွဲစိတ်ကုသရန် ရန်ကင်းကလေးဆေးရုံကြီးသို့ ရောက်ရှိနေကြောင်းကြားသိရသဖြင့် ကလေးငယ်၏အခြေအနေနှင့် ခွဲစိတ်ကုသမှု အစီအစဉ်များကို သိရှိလိုပါသဖြင့် အဆိုပါဆေးရုံကြီးသို့ ရောက်ရှိခဲ့သည်။

ခြေလေးချောင်းပါသည့် ကလေးငယ်မှာမိန်းကလေးဖြစ်ပြီး ရန်ကင်းကလေးဆေးရုံကြီးသို့ ဆေးကုသမှုခံယူရန် ရောက်ရှိနေသည်။ ကလေးမှာ တစ်နှစ်နီးပါးအရွယ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်၏မိဘများမှာ ဦးမောင်လွင်နှင့် ဒေါ်ဌေးတို့ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အင်းကျင်းစုကျေးရွာတွင် ဤကလေးငယ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၄ရက်က မွေးဖွားခဲ့ခြင်းဖြစ်သည်။ ကလေးငယ်၏ အမည်မှာ မဖူးပွင့်ဖြစ်ကြောင်း၊ လူနာကလေးငယ်ကို ပဲခူးမြို့ ဒိုက်ဦးဆေးရုံမှတစ်ဆင့် ရန်ကုန်ကလေးဆေးရုံကြီးတွင် စစ်ဆေးစမ်းသပ်ခွဲစိတ်မှုခံယူရန် ရောက်ရှိခဲ့ကြောင်း သိရသည်။

ရန်ကုန် ကလေးဆေးရုံကြီးမှ ၂၀၁၃ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ရန်ကင်းကလေးဆေးရုံကြီးသို့ ရောက်ရှိလာသည့် ခြေလေးချောင်းပါကလေးငယ် မဖူးပွင့်အား ခွဲစိတ်ကုသမည့် အခြေအနေများကို ရန်ကင်းကလေးဆေးရုံကြီးမှဆေးရုံအုပ်ကြီးဒေါက်တာ အောင်မြင့်လွင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ ဆေးရုံအုပ်ကြီးက "ခြေလေးချောင်းပါ လူနာကလေးက အခုဆိုရင် ဆရာတို့ဆေးရုံကိုရောက်တာ တစ်နှစ်နီးပါးရှိပါပြီ။ ဒီကလေးက သူရဲ့ပုံမှန်ခြေနှစ်ချောင်း

ဆေးရုံအုပ်ကြီး
ဒေါက်တာအောင်မြင့်လွင်

အပြင် ပေါင်ခွကြားထဲမှာ နောက်ထပ်ခြေနှစ်ချောင်းအပိုပါရှိပါတယ်။ အဲ့ဒီအပိုခြေနှစ်ချောင်းက တင်မဆုံပိုင်းကစပြီးတော့ ဒီခွကြားမှာ လာတွဲနေပါတယ်။ အဲသလိုတွဲနေတော့ ဝမ်းသွားတဲ့ လမ်းကြောင်းတို့ ဆီးသွားတဲ့လမ်းကြောင်းတို့ အဲဒါတွေ ကမောက်ကမ ဖြစ်နေပါတယ်။ ခန္ဓာကိုယ် အတွင်းပိုင်းမှာလည်း ကျောက်ကပ်တို့၊ ဆီးတို့ နှစ်ပိုင်းကွဲနေတာတွေ့ရပါတယ်။ နေရာတကျမရှိဘူးပေါ့။ ဒီလူနာကိုပြန်ပြီး ပြုပြင်ကုသဖို့အတွက် ဆရာတို့အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအဖွဲ့မှာ ခွဲစိတ်ဆရာဝန်ကြီးတွေပါမယ်။ မေ့ဆေး ဆရာဝန်ကြီးတွေပါမယ်။ ဆီးနဲ့ ကျောက်ကပ်ဆရာဝန်ကြီး

အမေး၊ အရေး- အေးကို၊ ဓာတ်ပုံ-ရဲကျော်သူ

တွေပါမယ်။ မေ့ဆေးဆရာဝန်တွေပါမယ်။ ဆရာတို့ဆေးရုံက ဆေးကုသရေးအဖွဲ့တွေပါမယ်။ ပါမောက္ခတွေ၊ အထူးကြပ်မတ်ဆောင် တာဝန်ယူမယ့် ဆရာဝန် ဆရာမတွေပါမယ်၊ သူနာပြုဆရာမတွေပါမယ်၊ အကုန်လုပ်ဆောင်ရမယ့် တာဝန်တွေကို ကဏ္ဍအလိုက်တာဝန်ယူဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

ခွဲစိတ်ကုသဖို့အတွက် ကလေးကျန်းမာရေးကောင်းအောင် ပြုစုစောင့်ရှောက်နေပါတယ်။ ခွဲစိတ်ကုသလို့ရှိရင် ဘာတွေလုပ်ရမလဲဆိုတာကိုလည်း စမ်းသပ်စစ်ဆေးမှုတွေ လုပ်နေပါတယ်။ လောလောဆယ် ကလေးကို ခွဲစိတ်ကုသမှုပြုလုပ်ဖို့ မပြည့်စုံသေးတဲ့အတွက် ခွဲစိတ်ကုသမှုမလုပ်နိုင်သေးပါဘူး၊ ပြည့်စုံပြီဆိုရင် မကြာခင်ခွဲစိတ်ပါမယ်။ ဆရာတို့ဆေးရုံအတွက် အများဆုံးလျှုဒါန်းတာကတော့ ဧရာဝတီဖောင်ဒေးရှင်းကပါ"ဟု ပြောကြားသွားသည်။

ဆေးရုံအုပ်ကြီးနှင့် တွေ့ဆုံအပြီးတွင် ကလေး၏မိဘများနှင့် ဆက်လက်တွေ့ဆုံခဲ့သည်။

ကလေး၏ ဖခင်ဦးမောင်လွင်မှာ အသက် ၄၆နှစ်ရှိပြီဖြစ်ပြီး တောင်သူတောင်သားတစ်ဦးဖြစ်သည်။ မိခင်ဒေါ်ဌေးမှာ အသက် ၄၅နှစ်ရှိသည်။ ယခုကလေးငယ်မှာ မွေးချင်း ခုနစ်ယောက်မြောက် သမီးဖြစ်ကြောင်း သိရသည်။

ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဝိုင်းဝန်းပံ့ပိုးကြသူများက ခွဲစိတ်ကုသမှုလုပ်ငန်းအဆင့်ဆင့် ချောမွေ့အောင်မြင်ရေးအတွက် ဘက်စုံထောင့်စုံမှ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

နိုင်ငံတကာသတင်းမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

မြန်မာနိုင်ငံတွင် ရုံးခွဲသစ်ဖွင့်လှစ်မှု

ဩဂုတ် ၁၁ ရက်ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သော Times က Baker & McKenzie ဥပဒေအကျိုးဆောင်ကုမ္ပဏီသည် ယမန်နှစ်က ၂၀၀၇ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းနောက်ပိုင်း ဥပဒေအကျိုးဆောင်ကဏ္ဍ၌ မကြုံစဖူးအမြင့်ဆုံးဝင်ငွေရရှိသဖြင့် အစုစပ်တိုင်း၏အမြတ်သည်လည်း တိုးတက်ခဲ့ကြောင်း၊ ယင်းကုမ္ပဏီသည် ဇွန်လကုန်အထိ တစ်နှစ်တာအတွက် ဝင်ငွေဒေါ်လာ ၂ ဒသမ ၅၄ ဘီလီယံစံချိန်တင်ရရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံနှင့်ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တို့၌ ရုံးခွဲသစ်များ ဖွင့်လှစ်ခြင်းနှင့်အတူ ယခုနှစ်တွင်လည်းအမြတ်အစွန်းဆက်လက်ရရှိရန် မျှော်လင့်သည်ဟု Baker & McKenzie ကဆိုကြောင်း၊ Baker & McKenzie သည် ယခုနှစ်အတွင်း ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ် မြို့တော်ဘရစ္စဘိန်းမြို့၌ ရုံးခွဲသစ်ဖွင့်လှစ်ခဲ့ကြောင်း စသည်ဖြင့်ရေးသားဖော်ပြသည်။

ဂူဘုရားများ၏ ရွှေ့ပြေးပုံစံ

ဩဂုတ် ၉ ရက်ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သော Financial Times UK က အဂျန်တာနှင့် အယ်လိုရာကဲ့သို့သော ကျောက်ဂူဘုရားများသည် ကမ္ဘာပေါ်ရှိ အိန္ဒိယနိုင်ငံ၏သက်တမ်းအရင့်ဆုံး ဗိသုကာအနုပညာလက်ရာတချို့ကို ကိုယ်စားပြုသည်ဟု Financial Times ၏ ခရီးသွားလမ်းညွှန်တွင် ဖော်ပြထားကြောင်း၊ သို့ရာတွင် သမိုင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များ ရုံဖန်ရုံခါသွားရောက်စစ်ဆေးခြင်းမှအပ အဆိုပါ ကျောက်ဂူဘုရားများဆီသို့ သွားရောက်ဖူးမြော်မှုနည်းပါးကြောင်း၊ ဤပြောင်မြောက်သော အစောပိုင်းဗုဒ္ဓရုပ်တုတော်နှင့် သာသနာ့အဆောက်အအုံများမှာ နောက်ပိုင်းတွင် ဟိမဝန္တာဒေသမှ အာဖဂန်နစ္စတန်၊ တရုတ်နှင့်ဂျပန်သို့ လည်းကောင်း၊ ရေကြောင်းဖြင့် သီရိလင်္ကာ၊ မြန်မာနိုင်ငံ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် အခြား အရှေ့တောင်အာရှနိုင်ငံများသို့လည်းကောင်း ပြန့်ပွားသည့်ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် သာသနာ့အဆောက်အအုံများ၏ ရွှေ့ပြေးပုံစံများဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

ဘာသာပြန်-ထန်ဆွင်း

လူကုန်ကူးမှုတိုက်ဖျက်ရေး လူတိုင်းကိုယ်စီသတင်းပေး

မြဝတီရုပ်သံမှ ဂျပန်ဈေးဝယ်လမ်းညွှန် အစီအစဉ် ထုတ်လွှင့်တင်ဆက်မည်

ရန်ကုန် ဩဂုတ် ၁၇

နှစ် (၆၀) ပြည့် မြန်မာ-ဂျပန်သံတမန် ဆက်ဆံရေးကို ဂုဏ်ပြုသောအားဖြင့် မြဝတီရုပ်သံလိုင်းမှ အခမဲ့ထုတ်လွှင့်သည့် အစီအစဉ်၌ ဂျပန်နိုင်ငံထုတ်ပစ္စည်းများကို ၂၄ နာရီပတ်လုံး ဟော့လိုင်း 1876 မှတစ်ဆင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်ထုတ်လွှင့်မှုကို ယခုလ ၂၅ ရက်မှစ၍ အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီမှ ၇ နာရီအတွင်း ပြသသွားမည်ဟု သိရသည်။ ထုတ်လွှင့်မှုကို MWD (Myanmar Media United Co., Ltd) နှင့် Blue Ocean Operating Management တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာတော့ မြန်မာပြည်မှာရှိနေတဲ့ ဂျပန်ထုတ် လျှပ်စစ်ပစ္စည်းနဲ့ အလှကုန်ပစ္စည်းတွေပဲ အဓိကရောင်းမှာပါ။ဟော့လိုင်းနံပါတ်က တစ်လအတွင်း ပြောင်းလဲမယ်။ ရန်ကုန်မြို့တွင်းဆိုရင် နေ့ချင်းနဲ့ နယ်ဆိုရင် တစ်ပတ်အတွင်းပို့ဆောင်ပေးပါမယ်။ နောက်ပိုင်း ဂျပန်အသေးစားလုပ်ငန်းရှင်တွေရဲ့ ပစ္စည်းတွေပါ ရောင်းချသွားဖို့ အစီအစဉ်ရှိပါတယ်"ဟု Blue Ocean Operating Co., Ltd ဒါရိုက်တာ ဦးတင်ကိုကိုဝင်းက ပြောကြားသည်။ အိမ်ရှင်မများအပါအဝင် ထိုအစီအစဉ်ကြည့်ရှုသူအားလုံး အိမ်မှတစ်ဆင့် လွယ်ကူစွာဝယ်ယူနိုင်ကြောင်း၊ နောက်ပိုင်းတွင် ပိုမိုကောင်းမွန်သော အစီအစဉ်များကို အခြားသော အခမဲ့ရုပ်သံလိုင်းများမှတစ်ဆင့် ဆက်လက်တင်ဆက်သွားမည်ဖြစ်ကြောင်း ဦးတင်ကိုကိုဝင်းက ပြောကြားခဲ့သည်။

မြတ်စန္ဒီသင်းဇော်





အမြန်ငှားမည်

သုဝဏ္ဏ၊ VIP၊ တောင်ထိပ်ပန်းလမ်းမကြီးပေါ် ထောင့်ခြံ၊ မြေအကျယ်ပေ (၉၀×၈၀)၊ နှစ်ထပ် RC၊ အိပ်ခန်းလေးခန်း၊ ဖုန်းပါ၊ ရေ၊ မီးအစုံ၊ အဲယားကွန်းငါးလုံး၊ ကားရှစ်စီးရပ်နားနိုင်သောနေရာပါရှိ ရုံးခန်းဖွင့်လိုသူများ၊ တိတ်ဆိတ်ငြိမ်သက်စွာနေထိုင်လိုသူများအတွက် အထူးသင့်လျော်သည်။ (ငွေကျပ်သိန်း ၂၀)

ဆက်သွယ်ရန် ဖုန်း- ၀၁-၅၆၀၇၈၇၊ ၀၁-၅၇၂၂၂၄၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၆

၁။ ဒေါ်ဘေဘီစန်း **နှင့်** ဦးသန်းဖေ
၂။ ဒေါ်တင်တင်
တရားလိုများ **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၃၃×၃၄)လမ်းကြား၊ ၇၆ လမ်းနေ ဦးသန်းဖေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၂၃)၊ ဦးပိုင်အမှတ် ၃၉ မြေကွက်နှင့်ပတ်သက်၍ တရားလိုများ တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက် (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇင်နိုင်)
ဒုတိယမြို့နယ်တရားသူကြီး (၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

နိုင်ငံတကာအားကစား

စပိန်စူပါဖလား ရီးရဲမက်ဒရစ်တို့ သိမ်းပိုက်နိုင်ပါ့မလား

မိုးမြင့်လင်းလက်

စပိန်စူပါဖလား ပထမအကျော့ ပွဲစဉ်အဖြစ် ပြီးခဲ့တဲ့နှစ်က လာလီဂါချန်ပီယံ အက်သလက်တီကိုနဲ့ စပိန်ဘုရင့်ဖလားချန်ပီယံ ရီးရဲမက်ဒရစ်အသင်းတို့ ဩဂုတ် ၁၉ ရက်မှာ ရီးရဲမက်ဒရစ်ရဲ့ ဘာနေဗျူးကွင်းမှာ ရင်ဆိုင်ကစားကြတော့မှာ ဖြစ်ပါတယ်။

စပိန်စူပါဖလားပွဲဟာ ပထမအကျော့၊ ဒုတိယအကျော့ ကစားရတာဖြစ်ပြီး ပထမအကျော့အဖြစ် ရီးရဲမက်ဒရစ်ကွင်းမှာ ကစားရသလို ဒုတိယအကျော့အဖြစ် အက်သလက်တီကိုအသင်းရဲ့ ဗင်းဆင့်ကယ်ဒါရွန်ကွင်းမှာ ကစားကြရမှာဖြစ်ပါတယ်။

ဒီနှစ်ထူးခြားတာက မက်ဒရစ်မြို့ခံနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်တာမို့ ၁၉၈၂ ခုနှစ်က စတင်ပြီး စူပါဖလားပြိုင်ပွဲရယ်လို့ စတင်သတ်မှတ်ကျင်းပလာပြီးတဲ့နောက်မှာ ထူးခြားတဲ့ယှဉ်ပြိုင်မှုအဖြစ် မက်ဒရစ်ဒါဘီက အသုံးတော်ခံပါလိမ့်မယ်။

ရီးရဲမက်ဒရစ်ဟာ ဒီနှစ်မှာ ခေါ်ယူထားတဲ့ ဂျိမ်းရိုဒရီဂွက်ဇ်နဲ့ တိုနီခရူးစ်တို့ကြောင့် အင်အားတောင့်တင်းနေပြီး ဒီပွဲမှာတော့ စီရိုနယ်ဒို၊ ဂါရတ်ဘေးလ်၊ ဂျိမ်းရိုဒရီဂွက်ဇ်နဲ့ တိုနီခရူးစ်တို့ လူစုံပွဲထွက်လာဖို့ ရှိနေပါတယ်။

ရီးရဲမက်ဒရစ်ဟာ စပိန်စူပါဖလားကို ကိုးကြိမ် ရယူထားနိုင်ခဲ့ပေမယ့် အက်သလက်တီကိုကတော့ တစ်ကြိမ်သာ ရယူထားနိုင်သေးပါတယ်။ ရီးရဲမက်ဒရစ်နဲ့ အက်သလက်တီကိုတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှု မှတ်တမ်းကိုကြည့်ရင် ရီးရဲမက်ဒရစ်က ၁၀၆ ပွဲနိုင်ပြီး အက်သလက်တီကိုက ၄၈ ပွဲနိုင်ထားသလို သရေပွဲ ၄၆ ပွဲ ဖြစ်ထားပါတယ်။

အက်သလက်တီကိုအသင်းကတော့ ဒီနှစ်မှာ လူသစ်တွေဖြစ်တဲ့ တောင်ပံကစားသမား ဂရစ်ဇ်မန်း၊ တိုက်စစ်မှူး မန်ဇူကစ်၊ နောက်ခံကစားသမား ဆီလ်ဗီလို၊ ဂိုးသမား အိန်ဂျယ်မိုလာတို့ကို ခေါ်ယူအားဖြည့်ထားတာမို့ အသွင်သစ်နဲ့ တောင့်တင်းနေတဲ့ အက်သလက်တီကိုအသင်း ဖြစ်နေပါတယ်။

အက်သလက်တီကိုဟာ မနှစ်က ဘောလုံးရာသီမှာ ပြိုင်ဘက်ရီးရဲမက်ဒရစ်ကို နှစ်ကြိမ်တွေ့ဆုံကစားခဲ့ရာမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါပေမယ့် စပိန်ဘုရင့်ဖလားနဲ့ ချန်ပီယံလိဂ်ပွဲတွေမှာတော့ ရီးရဲမက်ဒရစ်တို့က နိုင်ပွဲရရှိခဲ့ပါတယ်။

ဒါကြောင့် ယခုစပိန်စူပါဖလားပွဲမှာ မက်ဒရစ်မြို့ခံ ပြိုင်ဘက်နှစ်သင်းဟာ စုဖွဲ့မှုကောင်းကောင်းနဲ့ ရင်ဆိုင်တွေ့ဆုံကြမှာဖြစ်ပြီး ကမ္ဘာ့ကျော်ထိပ်တန်းဘောလုံးသမားတွေနဲ့စုစည်းထားတဲ့ ရီးရဲမက်ဒရစ်တို့က ပဲ ဖလားရယူသွားမလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲသုံးပွဲရလဒ်ကို ကြည့်ရင် မန်ယူကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး၊ ရိုးမားကိုလည်း တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့သလို အင်တာမီလန်ကိုလည်း တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာမို့ ရီးရဲမက်ဒရစ်ပရိသတ်တွေ ရင်ခုန်ရမယ့်ပွဲပါပဲ။

ပရီမီယာလိဂ်၊ ခြေစမ်းပွဲစဉ်နှင့် ဂိုးရလဒ်များ (သီဟ)		
အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁)		**ဩဂုတ် ၁၉**
ဘန်လေ	- ချယ်လ်ဆီး	နံနက် ၁း၃၀
နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ		**ဩဂုတ် ၁၉**
ဘာစီလိုနာ	- လီယွန်	နံနက် ၁း၀၀
ဩဂုတ် ၁၆/၁၇ ဂိုးရလဒ်များ		
ပီအက်စ်ဂျီ	၂-၀	ဘတ်စ်တီယာ
လန်းစ်	၀-၁	ဂူအင်ဂမ့်
လော်ရီယန့်	၀-၀	နိုက်စ်
မတ်ဇ်	၁-၁	နန့်တက်စ်
ရန်းနက်စ်	၆-၂	အီဗီယန်
တူးလော့စ်	၂-၁	လိုင်ယွန်
ချာလ်တန်	၂-၁	ဝီဂန်
နော့ဝှစ်ချ်	၃-၀	ဝက်ဖို့ဒ်
ဖူလ်ဟမ်	၀-၁	မီဝေါ
ဘလက်ပူး	၁-၂	ဘလက်ဘန်း
ဘာမင်ဂမ်	၁-၀	ဘရိုက်တန်
ရီးဒင်း	၁-၀	အစ်ဆွစ်
ကာဒစ်ဖ်	၃-၁	ဟက်ဒါဖီးလ်

အိုင်ဘီအက်ဖ် ချန်ပီယံဖြစ်လာတဲ့ ကဲလ်ဘရွတ်

ဗြိတိသျှလက်ဝှေ့သမား ကဲလ်ဘရွတ်ဆိုသူဟာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကာဆင်မြို့မှာ ထိုးသတ်ခဲ့တဲ့ အိုင်ဘီအက်ဖ် ဝဲလ်တာဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲမှာ ရှောင်ပေါ်တာကို ထိုးသတ်ပြီး ချန်ပီယံဖြစ်လာခဲ့ပါပြီ။

အသက် ၂၈ နှစ်သာရှိသေးတဲ့ ကဲလ်ဘရွတ်ဟာ ဗြိတိန်နိုင်ငံအပြင်ဘက်မှာ ထိုးသတ်ခဲ့တဲ့ သူ့ရဲ့လက်ဝှေ့ပြိုင်ပွဲ ဒုတိယပွဲမှာ ပထမဆုံးသော ကမ္ဘာ့ချန်ပီယံခါးပတ်ဆုကို ဆွတ်ခူးလိုက်တာ ဖြစ်ပါတယ်။ ရှက်ဖီးမြို့သား ဘရွတ်ဟာ ပြိုင်ဘက် ပေါ်တာကို ပွဲစဉ်တစ်လျှောက်လုံး အသာစီးနဲ့ထိုးသတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒိုင်လူကြီးနှစ်ဦးက ၁၁၇-၁၁၁ မှတ်၊ ၁၁၆-၁၁၂ မှတ်နဲ့ ဘရွတ်ကို အနိုင်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဗြိတိသျှဒိုင်လူကြီး တစ်ဦးကတော့ သူ့ကိုသရေပဲပေးခဲ့ပါတယ်။ ဘရွတ်ဟာ လက်သီးထိုးချက် ၄၄၁ ချက်မှာ ၃၆ ရာခိုင်နှုန်းထိအောင် ထိုးသတ်နိုင်ခဲ့ပါတယ်။ ဒီအတောအတွင်းမှာ ပေါ်တာကတော့ လက်သီးချက် ၆၂၆ ချက်မှာ ၂၅ ရာခိုင်နှုန်းသာ ထိအောင် ထိုးနိုင်ခဲ့ပါတယ်။ ဘရွတ်ဟာ သူ့ရဲ့ပြိုင်ပွဲများအနက် ၃၃ ပွဲအနိုင်ရထားသူလည်း ဖြစ်ပါတယ်။ သူဟာ တစ်နိုင်ငံတည်းသားဖြစ်တဲ့ အမီယာခမ်းနဲ့လည်း ထိုးသတ်ဖို့ စီစဉ်ထားတယ်လို့ဆိုပါတယ်။

အာကာကျော်

ဆီဗီလာ နောက်တန်းလူ လီဗာပူးခေါ်ယူ

လီဗာပူးက စပိန်ဝဲနောက်တန်းကစားသမား အယ်လ်ဘာတိုမိုရီနိုအား ဆီဗီလာအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ အဆိုပါနောက်တန်းကစားသမားသည် လီဗာပူးအသင်းမှ ယခုနှစ် နွေရာသီတွင် ခေါ်ယူခဲ့သော ကစားသမားများအနက် ရှစ်ဦးမြောက် ခေါ်ယူသည့် ကစားသမားဖြစ်လာသည်။ အသက် ၂၂ နှစ်ရှိ မိုရီနိုသည် ဆီဗီလာအသင်းတွင် အဓိကအားထားခဲ့ရသော ကစားသမားဖြစ်ခဲ့သည်။

အာဆင်နယ် အဖွင့်ပွဲအနိုင်ရ

ပရီမီယာလိဂ်အဖွင့်ပြိုင်ပွဲတွင် အာဆင်နယ်က ရမ်ဆေး၏ နောက်ကျဂိုးဖြင့် ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ သို့သော် လန်ချယ်လန်က ခေါင်းတိုက်ဂိုးဖြင့် ပဲလေ့စ်အတွက် ပထမပိုင်းတွင် ဦးဆောင်ဂိုးသွင်းခဲ့သည်။ ယင်းဂိုးကို ဘော့စီနီက ဆန်ချက်ဇ်၏ တည်ကန်ဘောမှ တစ်ဆင့် ချေပဂိုးသွင်းယူပေးခဲ့သည်။ **ကောင်းမြတ်သူ-စုစည်းသည်**

တတိယအဆင့်အရှိန်အဟုန်မြှင့်တင်ရေး ထပ်ဆင့်ရှင်းလင်း

နေပြည်တော် ဩဂုတ် ၁၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့် (Third Wave)အရှိန်အဟုန်မြှင့်တင်ရေး ထပ်ဆင့်ရှင်းလင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်၊ ပုဂ္ဂလိက၊ လူမှုအဖွဲ့အစည်းများမှ ကောင်းမွန်သော အုပ်ချုပ်မှုကျင့်စဉ် Good Governance တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ အများဆန္ဒမဏ္ဍိုင်ပြုရေး၊ တန်းတူညီမျှ ပါဝင်လုပ်ဆောင်ရေး၊ အဂတိတရားကင်းရှင်းရေးအပိုင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက လူထုအခြေပြုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ဝန်ထမ်းများအနေဖြင့် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများက အုပ်ချုပ်မှုစီမံခန့်ခွဲမှု ဆိုင်ရာများကို ဆွေးနွေးကြပြီး ပညာရှင်အဖွဲ့မှ ဦးသန်းလှနှင့် ဦးလှဝင်းတို့က ဆွေးနွေးချက်များအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးကြကာ ဒုတိယဝန်ကြီး ဦးခင်မောင်အေးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် တွံ့တေးမြို့နယ် Whole Sale Market ဖော်ဆောင်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက တွံ့တေးမြို့နယ် Whole Sale Market လုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ရေး အတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေး၊ ရေချို/ရေငန် ငါးထွက်ကုန်များ တစ်နေရာတည်း ဈေးကွက်ဖြစ်ပေါ်ရေး၊ သမဝါယမ အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေးအခြေအနေများ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက နယ်မြေဒေသအလိုက် ဆောင်ရွက်မည့်လုပ်ငန်းဖြစ်သဖြင့် ကွင်းဆင်းလေ့လာမှုများပြုလုပ်ရန် လိုအပ်ကြောင်း၊ ရေလုပ်ငန်းကဏ္ဍ တိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ပြည်တွင်းပြည်ပ ဈေးကွက်အခြေအနေများ သိရှိလေ့လာရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော တွံ့တေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က Whole Sale Market မြေနေရာရှာဖွေမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း လမ်းစည်းကမ်းဖောက်ဖျက်ကျူးလွန်က ဥပဒေနစ်မျိုးဖြင့် အရေးယူမည်

ဖျာပုံ ဩဂုတ် ၁၇

ဖျာပုံမြို့နယ်အတွင်း မောင်းနှင်ပြေးဆွဲနေသည့် အငှားယာဉ်နှင့် စက်တပ်မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ဖြစ်စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီခွဲက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က မြို့နယ်အတွင်း မောင်းနှင်ပြေးဆွဲနေသည့် အငှားယာဉ်များနှင့် ခရီးသည်တင် ကားသေး၊ ကားလတ်၊ မှန်လုံကားကြီးများနှင့် ကုန်တင်ကားများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ရပ်တန့်ခြင်း၊ မောင်းနှင်ခြင်းတို့ ပြုလုပ်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

အစည်းအဝေး တက်ရောက်လာသူများက ခရီးသည်တင်ကားများ အဝေးပြေးကားဝင်းအတွင်း ဂိတ်ထိုးရန်နှင့်ရပ်နားရန်ကိစ္စ၊ ညဘက်တွင် မီးမပါဘဲ မောင်းနှင်နေသည့် ဆိုင်ကယ်နှင့်ကားများကိစ္စ၊ ခရီးသွားပလက်ဖောင်းပေါ်တွင် အမြဲရပ်တန့်ထားသည့်ယာဉ်များနှင့် ဈေးခင်းကျင်းရောင်းချနေခြင်းကိစ္စများနှင့် ကုန်တင်ကားကြီးများ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်စေရေး စသည့်ကိစ္စရပ်များ အရေးယူပေးရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြကြသည်။

လာမည့်ဩဂုတ် ၁၈ ရက်မှစတင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်မညီညွတ်သည့် အငှားယာဉ်၊ အမြန်ယာဉ်များကို ရုံးဖွင့်ရက်များတွင် ပြစ်မှုဆိုင်ရာဥပဒေဖြင့် အရေးယူမည်ဖြစ်ပြီး ရုံးပိတ်ရက်များတွင် ဒေသန္တရစီမံခန့်ခွဲမှုဖြင့် အရေးယူဆောင်ရွက်ရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။

အောင်ဝင်း(ဖျာပုံ)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီးဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် လာဝတီကျေးရွာအုပ်စု လာဝတီ ဓမ္မလက်ာရမ္မာရုံ၌ နိုင်ငံသားအရည်အချင်းပြည့်မီသူ အသက် ၁၀ နှစ်နှင့်အထက် ပြည်သူများကို မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများသည် ဩဂုတ် ၁၃ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

မိုးပွင့်အဆင့်(၆)စီမံချက်ကာလအတွင်း ကော့မှူးမြို့နယ်တွင် ယနေ့အထိ ကျေးရွာအုပ်စု ခုနစ်အုပ်စုနှင့် စာသင်ကျောင်းလေးကျောင်းမှ ကျေးရွာပြည်သူနှင့် ကျောင်းသား ကျောင်းသူ ၁၄၅၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီး လာဝတီအုပ်စုတွင် လာဝတီ၊ ရှမ်းစု၊ တံကူခြံကျေးရွာတို့မှ ပြည်သူ ၁၅၀ ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ သဃ်န်းကျွန်းမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောသူရနှင့် လိုင်းဝန်ထမ်းများသည် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ စဉ်ဆက်မပြတ် ဓာတ်အားရရှိရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲရရှိရေးတို့အတွက် ဩဂုတ် ၁၁ ရက်က လေးထောင့်ကန်လမ်းမ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် သဃ်န်းကျွန်းစံပြဆေးရုံကြီးရှေ့တို့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာများစိုက်ထူခြင်း၊ ဇဝနရပ်ကွက် မြေနီလမ်း၌ ဗို့ (၄၀၀)ဓာတ်အားလိုင်း သုံးခန်းအား (Spacer Link Rope) များတပ်ဆင်ခြင်းနှင့် ငမိုးရိပ်ရပ်ကွက်ရွှေရည်လမ်းနှင့် (၈)လမ်းတွင် အသစ်တည်ဆောက်ပြီးသော (၂၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် ဓာတ်အားလွှတ်ပေးခြင်းတို့ ဆောင်ရွက်ကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစံဌေးနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးခင်တို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မွေးမွေး(သဃ်န်းကျွန်း)

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၂၉၇၇ Shwe Mandalar ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူကျော် ၉/ပသက(နိုင်)၀၉၈၅၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၉၉၄၈၅ Honda CB 400 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၉/အမဇ(နိုင်) ၀၀၄၅၉၀က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဖခင်အမည်မှန်

မိုင်းခတ်မြို့၊ အထက၊ မိုင်းခတ် ဆဋ္ဌမတန်း (A)မှ မအိမ့်ကြယ်စင်၏ ဖခင်အမည်မှန်မှာ ဦးကျထော ၁၃/ကတန(နိုင်) ၀၉၄၁၃၆ ဖြစ်ပါကြောင်း။

ဦးကျထော

ဖခင်အမည်မှန်

ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(က)မှ မအေးမြဲအောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်နိုင်(ခ)ဦးမင်းနိုင်ဖြစ်ပါသည်။

ဦးခင်မောင်နိုင်

ဖခင်အမည်မှန်

ခနေဖြူမြို့ အထက တက္ကသိုလ်ဝင်တန်း (ဃ)မှ မသဉ္ဇာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၁၄/နေဖ(နိုင်)၁၀၄၁၄၆ ဖြစ်ပါသည်။

ဦးစိုးနိုင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂စ/၅၄၁၇၊ Dong Feng DF L425, A9 Tractor HEAD (6 ×4)L ယာဉ်လက်ဝယ်ရှိသူ မန်းရွှေလီ(မန္တလေး) အင်တာနေရှင်နယ်ထရေးဒင်း ကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံး သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့

မိဘအမည်မှန်

မိတ္ထီလာမြို့နယ်၊ အထက(၅)၊ အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)တက္ကသိုလ်ဝင်တန်း၊ အခန်း(C)တွင် ပညာသင်ကြားနေသော မောင်သန့်ဇင်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းနိုင်ဖြစ်ပါကြောင်း။

ဦးကျော်မင်းနိုင် ၉/မထလ(နိုင်)၁၈၉၃၇၃

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက (၁)တက္ကသိုလ်ဝင်တန်း (အတွဲ-၁ D) မှ မောင်ညီညီဦး၊ အဋ္ဌမတန်း (ဃ)မှ မောင်ဇင်မင်းဦးတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိုးဝင်းဖြစ်ပါကြောင်း။

ဦးစိုးဝင်း ၆/မအရ(နိုင်)၁၀၃၀၉၁

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၇-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၄) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၁၃)ဒေါ်တင်တင်မြင့်၏ အမည်ပြောင်းတွင် ဒဂုံအရှေ့အစား ဒဂုံမြောက်မြို့နယ်ဟု ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၉၅၀၀၄ Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလုံး ၉/မရတ(နိုင်) ၀၄၁၄၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

တစ်ဦးတည်းဖြစ်ကြောင်း

ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(E)မှ မငယ်ငယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးထွန်း(ခ)ဦးထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဖိုးထွန်း(ခ)ဦးထွန်း

အမည်ပြောင်း

မြိတ်မြို့၊ အလကတောရကျောင်း၊ ဒုတိယတန်း (B)မှ မောင်ဖြိုးသူရအား မောင်ဖြိုးမင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖြိုးမင်းထက်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၆၆၀၃၇ Scuopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာစိမ့် ၅/စကန(နိုင်)၂၄၀၀၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ခ/၆၃၇၇ Mitsubishi MS 716 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသန်း ၈/ဆပဝ(နိုင်) ၀၅၀၈၂၅က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး(မကွေး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉၄/၂၂၉၈၀ Trawlergi F/T (4x2) D/B ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆမ်မွန်း ၁၃/ကတန(နိုင်) ၀၈၁၈၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေ အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တွဲဖက်ပြည်နယ်ရုံး၊ကျိုင်းတုံ

အမည်မှန်

ဦးကျော်လင်း၈/ရနခ(နိုင်)၀၀၈၅၁၀၏ သား ရေနံချောင်းမြို့၊ အထက(၁)၊ နဝမတန်း(A)မှ မောင်မင်းသိန်းကျော်၏ အမည်မှန်မှာ မောင်အောင်နစ်ကူး ဖြစ်ပါကြောင်း။

မောင်အောင်နစ်ကူး

ပျောက်ဆုံးကြောင်း

ကျွန်တော် သန့်ဇင် CDC 49645 ကိုင်ဆောင်သော GOC.RE 6126/13 လက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀၃၃၉၈၄

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၉၉၈၄၅ Honda Wave NF-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုစန်း ၆/ထဝန(နိုင်)၀၇၄၉၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၀၉၄၃ Honda PU NC 125D, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်း ၆/ထဝန(နိုင်)၀၈၀၆၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)

တစ်ဦးတည်း ဖြစ်ကြောင်း

ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင် တန်း(G)မှ မငြိမ်းနန္ဒာကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး(ခ)ဦးအောင်ကျော်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်ဦး(ခ) ဦးအောင်ကျော်ဦး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မျိုးဆက်သစ် ရက်ကန်းပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည့် မိတ္ထီလာရက်ကန်းနှင့် အသက်မွေးပညာသင်တန်း

သတင်းဆောင်းပါး – ချမ်းသာ(မိတ္ထီလာ)

မိတ္ထီလာရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းဆင်း သင်တန်းသားများကို မိတ္ထီလာချည်မျှင်နှင့်အထည်စက်ရုံ၊ မိတ္ထီလာစက်မှုဇုန်နှင့် ဝမ်းတွင်းမြို့ ရက်ကန်းလုပ်ငန်းရှင်များက အပြိုင်အဆိုင် အလုပ်ခေါ်ယူလျက်ရှိကြောင်း သိရသည်။

"ပုဂ္ဂလိက လုပ်ငန်းရှင်တွေကတော့ ဒီကသင်တန်းဆင်းပြီးတဲ့ ကျောင်းသား ကျောင်းသူတွေကို သူ့ထက်ငါအပြိုင်အဆိုင် ခေါ်ယူနေကြတယ်။ မကြာခဏလည်းသင်တန်းဆင်းပြီးသူ ရှိ မရှိ လာမေးကြတယ်။ ဒီသင်တန်းက ဆင်းတဲ့သူတွေက ရက်ကန်းပညာရပ်ကို စာတွေ့ လက်တွေ့ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပြီးသူတွေဖြစ်တာမို့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေက ပညာရပ်ပိုင်း စိတ်ချလက်ချဖြစ်တာကြောင့် အခုလို အပြိုင်ခေါ်ယူကြတာပါ။ ဒီသင်တန်းဆင်းကလေးတွေက အလုပ်လည်း ကြိုးစားပမ်းစားလုပ်တတ်ကြတာမို့ သူတို့ကသဘောကျတယ်။ ဒါပေမယ့် မိတ္ထီလာချည်မျှင်နှင့်အထည်စက်ရုံမှာ အလုပ်လျှောက်တဲ့အခါပြီးခဲ့တဲ့အပတ်က သင်တန်းဆင်းပြီးသူ ၇၅ ဦးလောက်အလုပ်လာလျှောက်တာ ငါးဦးပဲ အလုပ်ခန့်တယ်။ ဖြစ်နိုင်ရင် ဒီထက်လူဦးရေများများ အလုပ်ခန့်စေချင်တယ်။ ပညာရပ်ပိုင်းလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တဲ့ မျိုးဆက်သစ်ရက်ကန်းပညာရှင် လူငယ်လေးတွေဖြစ်တာမို့ ဝန်ထမ်းလစာရပြီး မိသားစုကို အထောက်အကူပြုနိုင်တဲ့သူတွေ ဖြစ်ချင်ကြတယ်။ အခုအချိန်မှာ နိုင်ငံတော်က ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တွေ ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်နေချိန်မှာ ဒီသင်တန်းဆင်းလူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ရင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်ကို အများကြီး အထောက်အကူပြုမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်" ဟု မိတ္ထီလာရက်ကန်း သင်တန်းကျောင်း ကျောင်းအုပ် ဦးသာဝက ပြောသည်။

မိတ္ထီလာ ရက်ကန်းနှင့်သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် စက်ရက်ကန်းလေးခု၊ချည်ချရက်ဖောက်တစ်ခု၊ လက်ရက်ကန်းစင် ၁၆စင် ဖြင့် စက်ရက်ကန်းသဘောတရား၊ လက်ရက်ကန်းနှင့်လက်ချည်မျှင်ဆွဲ၊အဖြူချွတ်ဆိုးဆေးနှင့် စက်ချည်မျှင်ဆွဲ (စက်ရုံလက်တွေ့) ပညာရပ်များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချလျက်ရှိရာ ရက်ကန်းသင်တန်းသားသင်တန်းသူ ၂၀၊ စက်မောင်းစက်ပြင် သင်တန်းသား ရှစ်ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

"သင်တန်းမှာ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ပျော်ဘွယ်မြို့နယ်များမှ ကျေးရွာတွေက လာရောက်သင်ကြားကြပြီး သင်တန်းသားတွေအားလုံးက ကျောင်းအိပ် ကျောင်းစားနေရပါတယ်။ သင်တန်းထောက်ပံ့စရိတ် တစ်ဦးကို တစ်လ တစ်သောင်းရှစ်ထောင်ကျပ် ဝန်ကြီးဌာနကနေ ထောက်ပံ့ပေးပါတယ်။ သင်တန်းကြေးပေးသွင်းရတာမျိုး မရှိပါဘူး။ လိုအပ်တဲ့ အရည်အချင်းသတ်မှတ်ချက်နဲ့ ပြည့်စုံရင် သင်တန်းသားအဖြစ်လက်ခံပါတယ်။ ရက်ကန်း သင်တန်းသားဦးရေကိုတော့ တစ်နှစ်ကို ၂၀ ပဲ လက်ခံသင်ကြားပေးပြီး စက်မောင်းစက်ပြင် သင်တန်းသားကိုတော့ ဦးရေကန့်သတ် မထားပါဘူး" ဟု အဆိုပါကျောင်းမှ ဒုတိယနည်းပြ ဒေါ်ခင်မေဆန်းက ပြောသည်။

မိတ္ထီလာ ရက်ကန်းနှင့် သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို လွန်ခဲ့သည့်နှစ် ၆၀ ကျော်က စတင်တည်ထောင်ခဲ့ပြီး ထိုစဉ်က ခရိုင်အစိုးရ ရက်ကန်းကျောင်းအဆင့်ဖြင့်တည်ရှိခဲ့ကာ ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက် ယခုကန်တော်မင်္ဂလာခန်းမ တောင်ဘက်တွင် ကပ်လျက်တည်ရှိသည်။ ၁၉၆၈ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ ခရိုင်အစိုးရ ရက်ကန်းကျောင်းများကို အမျိုးအစားသုံးမျိုးခွဲခြားကာ အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ မိတ္ထီလာရက်ကန်းကျောင်းသည် အထက်တန်းရက်ကန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ရခဲ့သည်။

ထို့နောက် ၁၉၈၂ ခုနှစ်မှ ယနေ့အထိ သမဝါယမဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနလက်အောက်တွင်တည်ရှိပြီး ယခုဩဂုတ်လဆန်းပိုင်းတွင်အထက်တန်းရက်ကန်းကျောင်းအမည်မှ ရက်ကန်းနှင့် သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအမည်သို့ အဆင့် တိုးမြှင့်ပြောင်းလဲဖွင့်လှစ်ခဲ့ကြောင်း ကျောင်းအုပ်ကြီး ဦးသာဝက ပြောသည်။

မိတ္ထီလာ ရက်ကန်းသင်တန်းကျောင်းသည် ယဉ်ကျေးမှု အမွေအနှစ် ရိုးရာရက်ကန်းပညာ မတိမ်ကော မပျောက်စေရေး၊ ဒေသခံလူငယ်များအား ရက်ကန်းပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် လူငယ်များအားရက်ကန်းပညာ သင်ကြားပေးကာ မျိုးဆက်သစ်ရက်ကန်းပညာရှင်များမွေးထုတ်ပေးလျက်ရှိသည်။

ပရဟိတ ပညာရေး စောင့်ရှောက်မှု ကွန်ရက် မိုးညှင်း၌ ဖွင့်လှစ်

မိုးညှင်း ဩဂုတ် ၁၇

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ ပင်းဟဲစံပြကျေးရွာအုပ်စု ပင်းဟဲရေအားလျှပ်စစ် ဓမ္မသုခရိပ်သာကျောင်း၌ မူလတန်း၊ အလယ်တန်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် အသက်မွေးဝမ်းကျောင်းပညာ၊ပညာသင်ယူ၊ သင်ကြားနိုင်ရေးအတွက် ကူညီပေးရန် ပရဟိတပညာရေး စောင့်ရှောက်မှုကွန်ရက် ရုံးခန်းကို ပင်းဟဲရေအားလျှပ်စစ် ဓမ္မသုခရိပ်သာကျောင်းတိုက်၌ ဖွင့်လှစ်ခဲ့သည်။

ယင်းပရဟိတ ပညာရေးစောင့်ရှောက်မှု ကွန်ရက် ဗုဒ္ဓဘာသာ မူလတန်း၊ အလယ်တန်း ပညာရေးကျောင်း (ဓမ္မစကူး)ကို ၁၉၅၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ ၅၈ နှစ်ရှိပြီဖြစ်ပြီး ယနေ့တိုင် ပိတ်ရက်မရှိ အချိန်ပြည့် ဖွင့်လှစ်ပညာ သင်ကြားပေးလျက်ရှိသည်။ နေ့စဉ် ကြိုတင်စာရင်းပေး လှူဒါန်းမှုဖြင့် စေတနာဝန်ထမ်း ဆရာ ဆရာမ ၆၀၊ ကျောင်းသား ကျောင်းသူ ၇၀၀ ကျော်တို့အား အာဟာရကျွေးမွေးခြင်း မုန့်၊ လက်ဖက်ရည်၊ ထမင်း၊ ချိုချဉ်များ လှူဒါန်းခြင်းကို နေ့စဉ် အလှူရှင်များ စိတ်ကြိုက် ကိုယ်တိုင်ကိုယ်ကျ ကုသိုလ်ပြုလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပင်းဟဲစံပြကျေးရွာမှ မိုးညှင်းမြို့၊ မြစ်ကြီးနားမြို့နှင့် မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့များရှိ တက္ကသိုလ်နှင့် ကောလိပ်များ၊ အသက်မွေးဝမ်းကျောင်း ပညာရေး ကျောင်းများသို့ သွားရောက်ပညာ သင်ယူရမည့် ကျောင်းသားကျောင်းသူများအတွက် အကြောင်းအမျိုးမျိုးကြောင့် သွားရောက်ရန် လမ်းစရိတ်၊ ကျောင်းစရိတ်၊ နေထိုင်စားသောက်ရေး စရိတ်များ မတတ်နိုင်သူများကိုလည်း ယင်းပရဟိတ ပညာရေးစောင့်ရှောက်မှု ကွန်ရက်မှ ထောက်ပံ့ကူညီမှုပေးသွားမည်ဖြစ်ပြီး ပညာသင်ကြားမှုများကို အခမဲ့ တာဝန်ယူ ပညာသင်ကြားပေးမည်ဖြစ်ကြောင်း၊ ပြည်ပစာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးဝမ်းကျောင်း ပညာရေးသင်တန်းကျောင်းများသို့ သွားရောက် ပညာသင်ကြားလိုသူများကိုမူ ကွန်ရက်မှ တာဝန်ယူနိုင်မည် မဟုတ် ပင်းဟဲဆရာတော် ဦးနာယက၏ ပြောကြားချက်အရ သိရသည်။

ငြိမ်းချမ်းအောင်(ပင်းဟဲ)

သတင်းတို

လူကုန်ကူးမှုတာဆီးရေး ပညာပေးဟောပြော

မင်းဘူးခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာဥပဒေအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၆ ရက်က မင်းဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှစိန်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဝင်းဦးက လူမှောင်ခိုလူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောကာ မြို့နယ် ဥပဒေအရာရှိ ဦးမျိုးဝင်းက အမျိုးသမီးငယ်များအား အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဥပဒေအကြောင်းများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြသည်။

တင်ထွန်းဦး

ဖခင်အမည်မှန်
အထက(ရပ်စောက်)၊ တက္ကသိုလ်ဝင်တန်း(E) မှ မောင်ဟိန်းမင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ညို ၁၃/ရစန(နိုင်)၀၂၇၅၀၁ဖြစ်ပါကြောင်း။
ဦးမောင်မောင်ညို

အမည်ပြောင်း
ဦးတင့်နိုင် ၁၂/ဒဂရ(ပြု)၀၀၀၀၃၅၏ သား အထက (၃) ဒဂုံအရှေ့ပိုင်းမြို့နယ် ဆဋ္ဌမတန်း (C) မှ မောင်သီဟအား မောင်သီဟနိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်သီဟနိုင်

အမည်ပြောင်း
ဦးဌေးဦး-ဒေါ်သန်းသန်းဌေးတို့၏ သား ညောင်လေးပင်မြို့နယ်၊ပိန်းဇလုပ် အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်း(က)တွင် ပညာသင်ကြားသော မောင်လှမင်းခန့်အား မောင်ရှင်းခန့်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ရှင်းခန့်မောင်

ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၃က/၂၈၆၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ဖခင်အမည်မှန်
ကော့ကရိတ်မြို့၊ အထက၊ တောင်ပေါ်ရပ်၊ နဝမတန်း(A)မှ မသိမ့်သိမ့်စိုးဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းကျော်ထွန်း၁၁/ရသတ(နိုင်)၀၀၄၃၅၁ ဖြစ်ပါကြောင်း။

အမည်မှန်
ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(A) မှ မောင်အာကာ(ခ)မောင်သန့်ဇင်ကျော်၏အမည်မှန်မှာ မောင်အာကာစိုးဖြစ်ပြီး ၄င်း၏ဖခင်အမည်မှန်မှာ ဦးမောင်ညို ၅/ယမပ(နိုင်) ၀၅၂၂၉၇ဖြစ်ပါသည်။ **မောင်အာကာစိုး**
ဦးမောင်ညို

ဖခင်အမည်မှန်
ရပ်စောက်မြို့၊ အထက (ရပ်စောက်)၊ နဝမတန်း(က)မှ မမြတ်ပွင့်အိမ်နှင့် အမက (၂) ပဉ္စမတန်းမှ မောင်သူရိန်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးရဲကျော်သူ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
အထက(၃) မြောက်ဒဂုံ၊ပဉ္စမတန်း (S)တွင် ပညာသင်ကြားနေသော မဩဂဒ်စ်တီးနားလျန်၏ ဖခင်အမည်မှန်မှာ ဦးရှန်ကျိုး ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၂ယ/၅၂၈၁၁ Honda Wave NF-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးကို ၆/ထဝန(နိုင်)၀၆၀၇၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၃ခ/၈၆၂၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း
ယာဉ်အမှတ် ၂၄ယ/၄၁၃၁၈၊ Honda Click 110, MC ယာဉ်အမည်ပေါက်ရှိသူ ဦးရိုကာနာ ၁/မကန(နိုင်)၁၄၄၁၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

မွေးသက္ကရာဇ်အမှန်
ကျုံပျော်မြို့နယ်၊ ဆောက်ဝိုင်းအုပ်စုနေ ဦးရွှေထွန်း၏သမီး မအိသဇင်မျိုး၁၄/ကပန(နိုင်)၂၂၆၈၂၄၏မွေးရက်အမှန်မှာ ၅-၁-၁၉၉၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
အထက(၅)၊ မရမ်းကုန်း၊ သတ္တမတန်း(C)မှ မောင်ထက်ရှိုင်း၏ ဖခင်အမည်မှန်မှာ ဦးမြသိန်း ၁၀/သထန(နိုင်) ၀၇၆၂၆၄ ဖြစ်ပါကြောင်း။
ဦးမြသိန်း ၁၀/သထန(နိုင်) ၀၇၆၂၆၄

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3F/6318 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 5B/7613၊ Isuzu LV 324K, Bus (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၇/အတန(နိုင်)၀၀၀၀၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

မိဘအမည်မှန်
ကောင်းမြတ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်မင်းကျော်ဟိန်း၏ မိဘအမည်မှန်မှာ ဦးကျော်ဆန်းလင်း ၁၂/ဥကတ(နိုင်)၀၆၄၁၆၈နှင့် ဒေါ်အေးအေးမော် ၁၂/ဥကတ(နိုင်)၀၆၆၁၇၄တို့ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့၊ ဈေးကွက်သစ်ရပ်ကွက်နေ ဦးဌေးမောင်၏သမီး မွေးမြူရေးနှင့်ဆေးကုသရေး တက္ကသိုလ်မှ မအိမ့်မျက်ခြယ်စိုးနှင့် မအိမ့်မျက်ချယ်စိုး ၉/စကတ(နိုင်)၀၈၇၀၄၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မအိမ့်မျက်ချယ်စိုး(ခ)မအိမ့်မျက်ခြယ်စိုး

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၂၈/၈၆၅၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၁က/၁၀၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

ပျောက်ဆုံးကြောင်း
ကျွန်တော် ကျော်စွာဟိန်း ၁၂/ဥကမ(နိုင်)၂၂၅၉၀၇၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)အမှတ် M 843568 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၁၀၂၀၇**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဟောပြော

ဘားအံ ဩဂုတ် ၁၇

ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သောအချက်များနှင့် မှုခင်းဖြစ်ရပ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးတန် ၉၀၀ ဘီလပ်မြေစက်ရုံ အလက (စက်ရုံ)ကျောင်း ကျောင်းခန်းမ၌ ဩဂုတ် ၁၄ ရက်က ကျင်းပသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာသင့်သည့် အချက်အလက်များနှင့် မော်တော်ဆိုင်ကယ်အန္တရာယ်ဖြစ်မှု လျှော့နည်းကျဆင်းရေးအသိပညာပေးလုပ်ငန်းများကို ဆွေးနွေးဟောပြောခဲ့ပြီး ကျောင်းသားလူငယ်များအတွက် ယာဉ်အန္တရာယ်ကင်းဝေးစေရေးဆိုင်ရာများ၊ အမြန်စက်တပ်ယာဉ်များဖြင့် သွားလာရာတွင် သိသင့်သိထိုက်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးအောင်နိုင်နှင့် အမှတ်(၇)ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံး ဘားအံမှဒုရဲမှူး စောမိုရှေးတို့က ရှင်းလင်းဟောပြောကြသည်။

ဆက်လက်၍ဘားအံမြို့နယ် ရဲတပ်ဖွဲ့ မှူးရဲမှူးမြင့်အေးက မှုခင်းပိုင်းဆိုင်ရာနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ရာ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဝေငှခဲ့ကြောင်း သိရသည်။ ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဗဟုသုတများ ရရှိစေရေးအတွက် ပညာပေးဟောပြောပွဲများကို မြို့နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

တစ်ကေလျှင် အပင်ခြောက်ရာနီးပါး စိုက်ပျိုးနိုင်ပြီး မျိုးစေ့အတွက် နှစ်ထုပ်ခန့်သာ ကုန်ကျမှုရှိသည့် တစ်ပိုင်တစ်နိုင်သင်္ဘောပင်စိုက်ပျိုးခြင်းဖြင့် လေးဆယ့်ငါးရက်ခန့်အကြာတွင် ငွေကျပ်သိန်း ၂၀ ခန့်အထိ အကျိုးစီးပွားဖြစ်ထွန်းနိုင်သဖြင့် သာစည်မြို့နယ်အတွင်း သင်္ဘောစိုက်ပျိုးသူများ ပိုမိုများပြားလာကြောင်း သိရသည်။

ဓာတ်ပုံ-ထွန်းထွန်း(သာစည်)

ကသာခရိုင် ယာမြေများတွင် ပြောင်းစိုက်ပျိုးခြင်းများအောင်မြင်

ကသာ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိ ရွှေဘို-မြစ်ကြီးနားသွားသည့် ပြည်ထောင်စုကားလမ်းမကြီး ဘေးဝဲယာရှိ စက်တောရွာအနီးတွင်ရှိသည့် အချို့ယာမြေစိုက်ခင်းများသည် ပြောင်းစိုက်သည့်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသူအချို့ရှိလာကြပြီး စိုက်ပျိုးထားသည့် ပြောင်းပင်များမှာလည်း အောင်မြင်မှုရှိကြောင်း သိရသည်။

"ပြောင်းကို စီးပွားဖြစ်စိုက်ပျိုးမယ်ဆိုရင် အများဆုံးအောင်မြင်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရွာကသွားရင် ကားလမ်းဘေးတွေမှာ ပြောင်းစိုက်ထားတာတွေ အတော်များများတွေ့ရပါတယ်။ အခင်းကျယ်ကျယ်ဝန်းဝန်းနဲ့ ပြောင်းပင်အများအပြား စိုက်ပျိုးထားတာကတော့ စက်တောရွာနဲ့ ကြိမ်ချောင်းရွာကြားမှာရှိတဲ့ စိုက်ခင်းဟာ အတော်လေး အောင်မြင်နေတာ တွေ့ရပါတယ်။ ဒီလိုတစ်ပိုင်တစ်နိုင် စိုက်ပျိုးကြမယ်ဆိုရင် ပြောင်းစိုက်ခြင်းနဲ့လည်း စီးပွားဖြစ်နိုင်ပါတယ်" ဟု အင်းတော်မြို့နယ် ဂျုံးဂျုကျေးရွာမှ ဦးဘာဘူစိန်က ပြောသည်။

အင်းတော်မြို့နယ်ရှိပြည်ထောင်စုလမ်းကြီးတစ်လျှောက်တွင် လမ်းဘေးဝဲယာရှိ အချို့စိုက်ခင်းယာမြေကွက်များမှာ ပြောင်းစိုက်ပျိုးခြင်းများကို စတင်လာကြပြီဖြစ်ကြောင်း သိရသည်။ **သန်းမောင်လေး(ကချင်မြေ)**

အော်ပရေတာ တယ်လီနောက ဟွာဝေးနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်ရန် သဘောတူ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံအတွင်း မိုဘိုင်းဟန်းဆက်ဈေးကွက်အတွင်း ဝေစုအများဆုံးရရှိထားသည့် ဟွာဝေးနှင့် ပူးပေါင်းကာ မိုဘိုင်းဖုန်းအသုံးပြုသူများအားလုံး လက်လှမ်းမီသည့် ဈေးနှုန်းများဖြင့်ရရှိနိုင်မည့် မိုဘိုင်းဝန်ဆောင်မှုကို ပေးအပ်မည်ဖြစ်ကြောင်း တယ်လီနောမြန်မာမှ သိရသည်။

ဩဂုတ် ၁၃ ရက်က ကုမ္ပဏီနှစ်ခုအနေဖြင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မိုဘိုင်းဝန်ဆောင်မှုများကို အတူပူးပေါင်းကာ လူတိုင်းစေ့သုံးစွဲနိုင်စေရန် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဟွာဝေး၏ နည်းပညာမြင့် မိုဘိုင်းပစ္စည်းများကို တယ်လီနောမှ အော်ပရေတာအဖြစ် ဆောင်ရွက်နေစဉ် အသုံးပြုသွားမည်ဖြစ်ပြီး နားလည်မှုစာချွန်လွှာကိုလည်း အပြန်အလှန် လက်မှတ်ရေးထိုးထားသဖြင့် အရောင်းမြှင့်တင်မှုလုပ်ငန်းများ၊ Huawei ၏ portfolio ကို တယ်လီနော၏ channel များမှတစ်ဆင့် ဖြန့်ချိပေးခြင်းနှင့် brand နှစ်ခုလုံးပါဝင်သော marketing ဆောင်ရွက်မှုများကို ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်

Huawei Device Myanmar ၏ Country Director Mr. Roson Luo က " တယ်လီနောလို ဆက်သွယ်ရေးလုပ်ငန်းမှာ အထူးသဖြင့် အာရှဒေသမှာ ဦးဆောင်နေတဲ့ ကုမ္ပဏီတစ်ခုနဲ့ လက်တွဲနိုင်တဲ့အတွက် ကျေနပ်မိပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေကို မိဘပြည်သူတွေ မြင်တွေ့ရမှာပါ" ဟု ပြောကြားသည်။

တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Petter Furberg က "ဟွာဝေးက မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အသုံးများတဲ့ Device တစ်ခုဖြစ်တာကြောင့် ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါ ပြဿနာအနည်းဆုံးဖြစ်မယ်လို့ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

သွန်းဝသန်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အကြီးစားမွမ်းမံခြင်းလုပ်ငန်းများအတွက် Open Tender
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါတက္ကသိုလ်နှင့် သိပ္ပံများတွင် ဆောင်ရွက်မည့် အကြီးစားမွမ်းမံခြင်းလုပ်ငန်းများအတွက် Open Tender တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

၁။ **အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)**
(က) Office (Building No 1) ပြုပြင်ခြင်းလုပ်ငန်း
(ခ) 3200 Gal Ground Tank
(ဂ) Teacher's Hostel (Building No 6) ပြုပြင်ခြင်းလုပ်ငန်း
(ဃ) Box Culvert (5) Nos ပြုပြင်ခြင်းလုပ်ငန်း
(င) Pump House ပြုပြင်ခြင်းလုပ်ငန်း
(စ) Classroom (Building No 2) ပြုပြင်ခြင်းလုပ်ငန်း
(ဆ) Classroom (Building No 3) ပြုပြင်ခြင်းလုပ်ငန်း
(ဇ) Classroom (Building No 4) ပြုပြင်ခြင်းလုပ်ငန်း
(ဈ) Classroom (Building No 5) ပြုပြင်ခြင်းလုပ်ငန်း
(ည) Teacher's Hostel (Building No 7) ပြုပြင်ခြင်းလုပ်ငန်း
(ဋ) Steel Trestel (2 Nos)
(ဌ) Drain, Water Supply Work
(ဍ) Over Head Power Line
(ဎ) Internal Electrical လုပ်ငန်း

၂။ **အစိုးရစက်မှုလက်မှုသိပ္ပံ (လက်ပံတန်း)**
(က) (၁၆၀'×၃၀') နှစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
(ခ) (၁၄၅'×၅၅') တစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
(ဂ) (၁၀၀'×၄၇') တစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
(ဃ) (၁၀၀'×၄၇') တစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
(င) (၈၀'×၂၂') ညှိရိပ်သာမွမ်းမံခြင်း
(စ) (၄၂'×၂၂') ကျောင်းအုပ်ကြီးနေအိမ်မွမ်းမံခြင်း
(ဆ) (၆၃'×၂၂') ဆရာမဆောင်မွမ်းမံခြင်း
(ဇ) (17'x17'x40') Overhead Tank
(ဈ) (17'x7'x3') Ground Tank
(ည) Transformer ပြုပြင်ခြင်းလုပ်ငန်း
(ဋ) Overhead Tank

၃။ **သက်မွေးပညာသင်ကျောင်း(ရွှေပြည်သာ)**
(က) Renovation Of Two Storeyed (230'x150') Building
(ခ) ရေ၊ မီးရရှိရေးလုပ်ငန်း

၄။ **အစိုးရစက်မှုလက်မှုသိပ္ပံ (မကွေး)**
(က) Computer & Library Department ပြုပြင်ခြင်းလုပ်ငန်း
(ခ) EP Department ပြုပြင်ခြင်းလုပ်ငန်း
(ဂ) EC Department ပြုပြင်ခြင်းလုပ်ငန်း
(ဃ) Civil Department ပြုပြင်ခြင်းလုပ်ငန်း
(င) Mechanical Department ပြုပြင်ခြင်းလုပ်ငန်း
(စ) Science Laboratory Department ပြုပြင်ခြင်းလုပ်ငန်း
(ဆ) Staff Hostel (8 unit) ပြုပြင်ခြင်းလုပ်ငန်း
(ဇ) 2 Storeyed (6 Unit) ပြုပြင်ခြင်းလုပ်ငန်း
(ဈ) W.C & Spetic Tank
(ည) White Board (12'x4') & Stage (12'x4'x1'6")

၂။ Open Tender တင်ဒါပုံစံများကို ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ် ၂၁၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၅-၈-၂၀၁၄ ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် လေအေးပေးစက်များ တပ်ဆင်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

ရုံးတည်နေရာ	အရေအတွက်
နေပြည်တော်	၆ လုံး
ရန်ကုန်	၆ လုံး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၂-၈-၂၀၁၄ ရက် ညနေ ၁၅း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပြီး ၁၆း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ကြေညာပေးပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

မြေတိုင်းဦးစီးဌာန၊
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

မွေးမြူရေးပညာဘွဲ့(BAnimSc)ကို မွေးမြူရေးပညာဘွဲ့(BASc)ဟု
ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ပညာသင်နှစ် မွေးမြူရေးပညာဘွဲ့ (BAnimSc) ၄ နှစ် သင်တန်း တက်ရောက်ပညာသင်ကြားခွင့်ရရှိရန် ပထမနှစ်သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်းကို ၂၆-၇-၂၀၁၄ ရက်နှင့် ၂၈-၇-၂၀၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာ၌လည်းကောင်း၊ ၂၇-၇-၂၀၁၄ ရက်နှင့် ၂၉-၇-၂၀၁၄ ရက်တို့တွင် ကြေးမုံသတင်းစာ၌လည်းကောင်း အသီးသီးကြေညာခဲ့ပါသည်။

၂။ ယင်းကြေညာချက်နှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ် စာမျက်နှာ ၃၅ ပါ အပိုဒ်(၄) အပိုင်းခွဲ(ခ)တို့တွင် ဖော်ပြပါရှိသည့် မွေးမြူရေးပညာဘွဲ့ (BAnimSc)ကို မွေးမြူရေးပညာဘွဲ့ (BASc)ဟု ပြောင်းလဲကြောင်း အသိပေးကြေညာအပ်ပါသည်။

မြဝတီ၌ ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အလုပ်ရုံဆွေးနွေး

မြဝတီ ဩဂုတ် ၁၇

မြဝတီခရိုင် မြဝတီမြို့တွင် ဘာသာပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်းက စီစဉ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက်က သောင်ရင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အမှတ်(၂၇၅) မြသုခတပ်ဦးကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဒေါက်တာပညာနန္ဒက အဖွင့်ဩဝါဒကထာမြွက်ကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ဘာသာတရား၏အဆုံးအမများ၊ တာဝန်ရှိသူများ၏ ဩဝါဒများနှင့်အညီ ချစ်ကြည်ရင်းနှီးစွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘာသာရေးနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကိုလည်း သိရှိလိုက်နာရမည်ဖြစ်ကြောင်း၊ ဘာသာပေါင်းစုံတာဝန်ရှိသူများ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်လျက်ရှိသဖြင့် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားလျှောက်ထားသည်။

ထို့နောက် ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်း၏ စီမံကိန်းဒါရိုက်တာ ဒေါက်တာနှင်းအေးကိုက အသင်းရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြဝတီမြို့ တောင်တန်းကျောင်းတိုက် ဆရာတော်က ဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းရေးတရားကိုလည်းကောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ပြန်ကြားရေးမှူး ဆရာဦးအောင်နိုင်က ဟိန္ဒူဘာသာနှင့် ငြိမ်းချမ်းရေးတရားကို လည်းကောင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ အမှုဆောင်အတွင်းရေးမှူး သိက္ခာတော်ရဆရာတော် ဦးစောဒိုးဒိုဝါက ခရစ်ယာန်ဘာသာနှင့် ငြိမ်းချမ်းရေးတရားကိုလည်းကောင်း၊ အစ္စလာမ်မေ့ဗိမာန် ပင်တိုင်ဓမ္မကထိက စာပေဆော်ဩရေးမှူး ဆရာ ဦးမင်းနိုင်က အစ္စလာမ်ဘာသာနှင့် ငြိမ်းချမ်းရေးတရားကိုလည်းကောင်း ဆက်လက်ဟောပြောသည်။

ဆွေးနွေးပွဲသို့ ဘာသာလေးခုမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် စိတ်ပါဝင်စားသူများတက်ရောက်ပြီး ဆွေးနွေးပွဲကို ဘာသာတရားနှင့်စပ်လျဉ်းပြီး နိုင်ငံသားအချင်းချင်း တစ်ဦးနှင့် တစ်ဦး ထားရှိသော သံသယများ၊ အမြင်မကြည်လင်မှုများ လျော့နည်းပပျောက်စေရန်၊ ဘာသာကွဲများအကြား ရင်းနှီးခင်မင်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဝေယံလင်း(iprd)

ယာဉ်စည်းကမ်း လိုက်နာရေး ဟောပြော

ထားဝယ် ဩဂုတ် ၁၇

ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးနှင့် ကျောင်းသားလူငယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန် ရည်ရွယ်လျက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများကို ဩဂုတ် ၅ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပညာပေးဟောပြောပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်ဦးနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဦးအောင်မိုးတို့က အမှာစကားပြောကြားပြီး အမှတ်(၈) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးစိုးဝင်းက နိုင်ငံတော်အတွင်း ယာဉ်မတော်တဆဖြစ်မှုများအခြေအနေ၊ တနင်္သာရီတိုင်းဒေသကြီးရှိ ခရိုင်မြို့ကြီးများတွင် ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေဖြစ်စဉ်များနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် စီးနင်းသူများ၊ လိုက်နာရမည့်စည်းကမ်းများကို ဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဝေငှပေးသည်။ ဟောပြောပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ပျူမြို့ဟောင်းလမ်းခင်းမှု ကွင်းဆင်းစစ်ဆေး

စစ်ကိုင်း ဩဂုတ် ၁၇

ကမ္ဘာ့အမွေအနှစ် သမိုင်းဝင် ဟန်လင်းပျူမြို့ဟောင်းဒေသသို့ဆက်သွယ်သော ဟန်လင်း-စိုင်နိုင်လမ်း ၁၁ မိုင် ၂ ဖာလုံအရှည် ကတ္တရာလမ်းခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၉၂ဒသမ ၃၀၇ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါစနစ်ဖြင့်ချပေးထားသော Myanmar Land၊ Tech Friend နှင့် ကောင်းခနကုမ္ပဏီတို့က ကုမ္ပဏီတစ်ခုလျှင် ၃ မိုင် ၆ ဖာလုံစီတာဝန်ယူဆောင်ရွက်လျက်ရှိရာ ရှစ်မိုင်ခန့် ပြီးစီးနေပြီး လမ်းအရည်အသွေးပြည့်မီစေရေးအတွက် မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီက ဩဂုတ် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရှိရသည်။

နန်းမြင့်

ရွှေ့လျားစာကြည့်တိုက်ဖွင့်၍ စာအုပ်များငှားရမ်းပေး

မြင်းမူ ဩဂုတ် ၁၇

မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ စာပေကို အလွယ်တကူဖတ်ရှုနိုင်စေရန်နှင့် စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတ ပြည့်ဝစေရန် ရည်ရွယ်၍ အပတ်စဉ် ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်း မြင်းမူမြို့ မြို့မဈေးအနီး တိုင်းရင်းဆေးရုံးရှေ့တွင် ရွှေ့လျား စာကြည့်တိုက်(Mobile Library) ဖွင့်လှစ်၍ စာအုပ်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ရွှေ့လျား စာကြည့်တိုက်တွင် သုတ/ရသ စာအုပ်၂၀၀ ကျော်ကို ဈေးသူဈေးသားများအပြင်ဆိုက်ကားဆရာများနှင့် ဈေးအနီးရှိ ရပ်ကွက်နေ ပြည်သူများကိုပါ ငှားရမ်းပေးကာ စာအုပ်များကို ရက်သတ္တ တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံစေပြီး စာအုပ်အသစ်များ လဲလှယ်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

"မြို့မဈေးမှာ ရွှေ့လျားစာကြည့်တိုက်ကို အပတ်စဉ် ဖွင့်လှစ်ပေးပါတယ်။ ဖွင့်တဲ့ ရက်တိုင်းမှာလည်း စာအုပ်ငှားသူ ၁၀၀ ကျော်အထိ လာရောက်ငှားရမ်းဖတ်ရှုကြပါတယ်။ အပတ်စဉ်ဖွင့်လှစ်ပေးတဲ့အတွက် စာအုပ်အလှူရှင်များက စာအုပ်များ လှူဒါန်းကြသလို စာအုပ်ငှားသူ ဦးရေလည်း အပတ်စဉ် တိုးတက်လျက်ရှိပါတယ်" ဟု မြို့နယ် ပြန်/ဆက်ရုံး စာကြည့်တိုက်မှူး ဒေါ်အိသက်ခိုင်က ပြောပြသည်။

ထို့ပြင် မြို့နယ်ပြန်/ဆက်ရုံးရှိ ပြည်သူ့စာကြည့်တိုက်ကိုလည်း ဗုဒ္ဓဟူးနေ့မှ တနင်္ဂနွေနေ့အထိ ဖွင့်လှစ်ပေးလျက်ရှိပြီး မြင်းမူမြို့ပေါ်ရှိ ကျောင်းများနှင့် ကျေးရွာများအထိ ရွှေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၅)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၁၈-၈-၂၀၁၄ ရက်မှ ၂၂-၈-၂၀၁၄ ရက်အထိ ရိုက်နှိပ်မည့်လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင်ငွေကျပ် ၅၀၀၀ိ/(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၂-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ မျိုးစေ့ခြံများတွင် တည်ဆောက်မည့် ဂိုဒေါင် ပေ (၆၀×၂၀×၁၂) အရွယ်အစားရှစ်လုံး၊ မျိုးစေ့လှန်းတလင်း (ပေ၇၀× ပေ၆၀×၄လက်မ)အတိုင်းအတာရှစ်ခုနှင့် ဌာနခွဲများတွင် အသုံးပြုမည့် Tractor, Combine Harvester, လက်တွန်းထွန်စက်၊ မျိုးစေ့အခြောက်ခံစက်၊ ခြွေလှေ့စက်၊ မျိုးစေ့သန့်စင်စက်၊ ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ၊ ရေသန့်စက်၊ လယ်ယာသုံးထွန်၊ ထယ်နှင့်ဆက်စပ်ပစ္စည်းများ၊ ရုံးသုံးယာဉ်များ၊ တာယာ၊ ဘက်ထရီများ၊ စက်ဆီချောဆီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂၅-၈-၂၀၁၄ ရက် ၉း၃၀ နာရီမှ ၁၁း၃၀ နာရီအထိ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ် (၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၇

အိတ်ဖွင့်တင်ဒါ (Open Tender)

လျှောက်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးအဖွဲ့(၄)၊ ကျိုင်းတုံမြို့လက်အောက်ရှိ မိုင်းဆတ်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော ခွဲကျောက်ရွယ်စုံအား အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လျှောက်လွှာပုံစံများအား ၁၉-၈-၂၀၁၄ ရက်မှ ၂၉-၈-၂၀၁၄ ရက်အတွင်း ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လေယာဉ်ကွင်းအထူးအဖွဲ့(၄)၊ ကျိုင်းတုံမြို့တွင် စတင်ရောင်းချမည်ဖြစ်ပါပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်မှ ၁-၉-၂၀၁၄ ရက် မွန်းလွဲ ၂း၀၀နာရီတွင် မိုင်းဆတ်မြို့၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လေယာဉ်ကွင်းအထူးအဖွဲ့(၄)၊ ကျိုင်းတုံမြို့ ဖုန်း-၀၈၄-၂၁၆၂၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
လေယာဉ်ကွင်းအထူးအဖွဲ့(၄)
မိုင်းဆတ်မြို့

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းပိုင် တန်(၁၀၀) ဓါက်ရေယာဉ်သုံးစင်းနှင့် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းပိုင် တန် ၁၀၀ ဓါက်ရေယာဉ်တစ်စင်း စုစုပေါင်း လေးစင်းအား ငှားရမ်းလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များအား ၁၈-၈-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၂-၈-၂၀၁၄ ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၈-၈-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၀-၈-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကျောက်ပန်းတောင်းတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အား/ကာကော်မတီနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည်

ကျောက်ပန်းတောင်း ဩဂုတ် ၁၇

ကျောက်ပန်းတောင်းမြို့နယ်တွင် အားကစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီနှင့်မြို့ပေါ်ရှိ လူမှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုဖြင့် အားကစားလုပ်ငန်းများက ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိုးလုံလေလုံ အားကစားခန်းမကြီးတွင် ဩဂုတ် ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဒေါ်ဝင်းမင်းသန်းက မြို့နယ် အား/ကာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများနှင့် မြို့နယ် အား/ကာကော်မတီ၏ လမ်းညွှန်မှုကို ခံယူ၍ မြို့နယ်ဘောလုံးဆပ်ကော်မတီတွင် အစားထိုးပြင်ဆင်ဖွဲ့စည်းရေး၊ လိုအပ်သည်များကို ပြင်ဆင် ဖွဲ့စည်းသွားနိုင်ရေးနှင့် မြို့နယ်အဆင့် ဘောလုံးပြိုင်ပွဲများနှင့် အခြားအားကစားပြိုင်ပွဲများကို ရာသီအလိုက်သော်လည်းကောင်း၊ အထိမ်းအမှတ်ပွဲများအဖြစ် သော်လည်းကောင်း စဉ်ဆက်မပြတ်ကျင်းပသွားနိုင်ရန် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဖိုးထောင်ကလည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုယ်စား မြို့မတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းငွေကလည်းကောင်း၊ အလွတ်ပညာသင်ကျောင်းများမှ ဆရာများနှင့် အားကစားဝါသနာရှင်များကလည်းကောင်း ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဘိုကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အဆင့်ဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့် အခြားအားကစားပြိုင်ပွဲများ ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ရန်ပုံငွေရှာဖွေရေးနှင့် လုံခြုံရေးကိစ္စများကို မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲများအောင်မြင်ပြီးဆုံးအောင် ကျင်းပနိုင်ရေးအတွက် ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အားကစားသမားဟောင်းကြီးများက သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့် ပူးပေါင်းလက်တွဲလုပ်ဆောင်သွားနိုင်ရေးဆွေးနွေးမှာကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၀၈ ခုနှစ်မှစတင်၍ မြို့နယ်အဆင့်ဖြစ်သည့် ရပ်ကွက်၊ ကျေးရွာ ဘောလုံးပြိုင်ပွဲများ ကျင်းပနိုင်ခဲ့ခြင်းမရှိသလို၊ ဘော်လီဘော၊ ကြက်တောင် အားကစားနည်းများမှာ ပျောက်ကွယ်သလောက်ပင် ဖြစ်နေခဲ့ကြောင်းနှင့် မြို့နယ်အတွင်း အားကစားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာပြီး လူငယ်များ အားကစားပြိုင်ပွဲများတွင် စိတ်ပါဝင်စားလာရေးနှင့် ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက် ပြိုင်ပွဲများကျင်းပရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

နေအောင်

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းဆိုင်ရာများ အလုပ်ရုံဆွေးနွေးပွဲ ကော့ကရိတ်မြို့၌ကျင်းပ

ကော့ကရိတ် ဩဂုတ် ၁၇

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့၏ တာဝန်ယူရမည့် ကဏ္ဍအလိုက် အစိုးရနှင့် ပုဂ္ဂလိကပညာရှင်များပါဝင်သည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၄ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်များမှ စခန်းမှူး၊ မြို့နယ်မှူးများနှင့်အထောက်အကူပြုကော်မတီဝင်များ၊ ဥပဒေဆိုင်ရာနှင့် ခရိုင်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ခိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသိန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးတို့က အမှာစကားပြောကြားပြီး လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေး၊ အမှုများကို လျင်မြန်စွာ ဖော်ထုတ်နိုင်ရေး၊ ပြစ်မှုများကို ခိုင်မာစွာတရားစွဲပြီး အမြန်ဆုံးတရားစီရင်နိုင်ရေး၊ ဘာသာရေးနှင့်ဆက်နွှယ်သော အကြမ်းဖက်မှုများ မဖြစ်ပေါ်စေရေးနှင့် ထိန်းချုပ်နိုင်ရေးတို့ကို တာဝန်ရှိသူ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများက ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တင်ဝင်းလှိုင်

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဩဂုတ် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် နေပြည်တော် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးမျိုးသန့်အောင်က ဌာန၏ ရည်ရွယ် ချက်သဘောတရားများကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နောင်က ရန်ပုံငွေသုံးစွဲမှုအခြေအနေ၊ ဘတ်ဂျက်ခွဲဝေမှုနှင့် လုပ်ငန်းလျာထားချက်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ဖြည့်စွက်တင်ပြဆွေးနွေးပြီး အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများက မိမိတို့ဒေသအတွင်းရှိ လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြကြောင်းသိရှိရသည်။ **စိုးထက်အောင်**

သာစည်မြို့မဈေး၌စားသောက်ကုန်များတွင် ဓာတုဆိုးဆေးပါဝင်မှုကွင်းဆင်းစစ်ဆေး

သာစည် ဩဂုတ် ၁၇

သာစည်မြို့မဈေးကြီးတွင် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေသည့်စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က ဩဂုတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့သည် သာစည်မြို့မဈေးကြီးအတွင်း ရောင်းချနေကြသည့် ငါးပိ၊ လက်ဖက်၊ မုန့်မျိုးစုံ၊ ဝက်သား၊ ကြက်သား၊ ကွမ်းယာပစ္စည်းများစသည့် စားသောက်ကုန်ပစ္စည်းများရောင်းချသည့်ဆိုင်များရှိ ကုန်ပစ္စည်းများတွင် ဓာတုဆိုးဆေးပါဝင်မှု ရှိ မရှိ၊ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ မရှိကို မြို့နယ်ကျန်းမားရေးဦးစီးဌာနမှ သူနာပြုအဆင့် (၁) ဒေါ်နန်းမိုးစန္ဒာ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဦးနှင့် ဈေးတာဝန်ခံများပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး ဆိုင်ရှင်များအား ဓာတုဆိုးဆေးပါသော စားသောက်ကုန်ပစ္စည်းများ မရောင်းချရန် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်ကို(သာစည်)

Mobile Library ကွင်းဆင်းဆောင်ရွက်

အလုံ ဩဂုတ် ၁၇

အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတတိုးတက်ဖွံ့ဖြိုးရေး၊ ကျောင်းစာပြင်ပ စာပေပညာ ထွန်းကားလာစေရန်အတွက် စာသင်ကျောင်းများသို့ Mobile Library များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းသို့ ဩဂုတ် ၁၄ ရက်ကMobile Library လုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအား သုတရသ စာအုပ် ၈၀ အုပ်ကို ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **ရွှေတိုင်လွင်**

ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကွပ်ကဲမှုအောက်ရှိ အထူးအဖွဲ့များနှင့်ခရိုင်အဖွဲ့များတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့်ကတ္တရာများအား မြန်မာငွေ(ကျပ်)ဖြင့်ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကတ္တရာ(၈၀/၁၀၀)	- ၅၀၀၀ တန်
	တင်ဒါလျှောက်လွှာပိတ်မည့်ရက်	- ၂၇-၈-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)
	တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	- ညနေ ၄း၃၀နာရီ
	အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်	- ၂၈-၈-၂၀၁၄ ရက် (ကြာသပတေးနေ့)
	အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန်	- နံနက် ၁၀း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၉-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး၊ ဖုန်း-၀၄၂-၂၅၀၈၂၊ ၀၉-၄၉၇၂၃၁၆၉

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ထားဝယ်ခရိုင်၊ ထားဝယ်မြို့

အမှတ်စဉ်(၂/၂၀၁၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းကျောက်ရွယ်စုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

ဝယ်ယူလိုသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်စာရင်းနှင့် တင်ဒါလျှောက်လွှာများကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့တွင် ၁၂-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၁။	**တင်ဒါပိတ်မည့်ရက်/အချိန်**	- ၂၅-၈-၂၀၁၄ ရက် ၁၆း၃၀နာရီ
၂။	**တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၂၇-၈-၂၀၁၄ ရက် ၁၀း၀၀နာရီ
၃။	**တင်ဒါတင်သွင်း/စိစစ်/ရွေးချယ်မည့်နေရာ**	- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့
၄။	အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။	

ဖုန်း-၀၅၉-၂၁၀၂၃

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈/၄၇၄၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဆိုင်ခန်းအမှတ် (၆၇)အား အမှတ်(၄)၊ လောကနတ်အိမ်ရာ၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးစက်မောင် ၅/ရဥန(နိုင်)၀၀၇၉၆၉ အမည်ပေါက် ပိုင်ဆိုင်ပြီး အကွက်အမှတ်(၄၀၆/ဘီ)၊ သံတောင်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးနေ ဦးမိုးအောင် ၉/မနတ(နိုင်)၀၉၈၁၇၃ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၇၉၄၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကျောက်ပန်းတောင်း၌ ကျောင်းသားလူငယ်များ စကားပြောပြိုင်ပွဲကျင်းပ

ကျောက်ပန်းတောင်း ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်အဆင့် ကျောင်းသားလူငယ်များ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကို မြို့မကွက်သစ် အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူးရုံးက ကြီးကြပ်စီစဉ်ဆောင်ရွက်ခဲ့ပြီး အထက်တန်းအဆင့် စကားရည်လုပွဲတွင် ပြိုင်ပွဲဝင် ၁၄ ဦး၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၁ ဦး ၊ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲဝင် ၂၅ ဦးနှင့် မူလတန်းအဆင့်ကဗျာပြိုင်ပွဲဝင် ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကျောင်းသားလူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးရေး အထောက်အကူပြုစေရန်အတွက် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ကျင်းပပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်မှ ဗဟိုအထိ အဆင့်ဆင့် ကျင်းပသွားမည်ဖြစ်ရာ ယခုကဲ့သို့ မြို့နယ်အဆင့် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နေအောင်

ချောင်းကျဉ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်မည်

ကလေးဝ ဩဂုတ် ၁၇

ကလေးခရိုင် ကလေးဝမြို့နယ် ချောင်းကျဉ်းကျေးရွာ အခြေခံပညာမူလတန်းတွင် ကျောင်းဆောင်သစ်တစ်ဆောင်ကို ကလေးဝမြို့နယ် သစ်ချောက်ကျောက်မီးသွေး ထုတ်လုပ်သူ ကုမ္ပဏီလေးခုတို့က စုပေါင်းဆောက်လုပ်ပေးမည် ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်သည်အလျား ပေ ၉၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ညှပ်နံကပ် တစ်ထပ်တိုက်ဖြစ်ကာ လုပ်ငန်းများ စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။ "ကျောင်းဆောင်သစ်ပြီးရင်တော့ ကျောင်းသားတွေအတွက် ပညာသင်ကြားဖို့ ပိုပြီးလွယ်ကူမှာပါ။ အခုလို တည်ဆောက်လှူဒါန်းတဲ့ ကုမ္ပဏီတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ချောင်းကျဉ်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

ကျောင်းဆောင်သစ် စတင်တည်ဆောက်နေမှုကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၄ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချောင်းကျဉ်းကျေးရွာတွင် လူဦးရေ ၂၀၀ ကျော်ရှိပြီး ကျောင်းသားကျောင်းသူများမှာ ရွာမှ နှစ်မိုင်ခန့်ကွာဝေးသည့် ခရေမြိုင်ကျေးရွာ မူလတန်းကျောင်းအထိ လမ်းလျှောက်သွားနေကြရသဖြင့် ကျောင်းဆောင်သစ် တည်ဆောက်ပေးမှုကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

လင်းခေး ဩဂုတ် ၁၇

စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ကလေးသူငယ်များစာဖတ်ဝိုင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ရွာမအနောက်)သို့ လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးဝန်ထမ်းများက ဩဂုတ် ၁၅ ရက်က သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

စာဖတ်ဝိုင်းတွင် လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သွယ်သွယ်ဦးက မူလတန်းကျောင်းနေအရွယ်ကလေးများ စာပေကိုဖတ်ရှုလေ့လာခြင်းအားဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများအကြောင်းကို ဟောပြောဆွေးနွေးသည်။ ထို့နောက် မူလတန်းကလေးများအတွက် စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းကို လာရောက်ဆောင်ရွက်ပေးရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ဦးစိုင်းဇော်လတ်က ဟောပြောသည်။ ထို့နောက် ကျောင်းသားကျောင်းသူများအား သုတရသစာပေ၊ ရုပ်ပြကာတွန်းများ၊ ပြည်သူ့နီတိနှင့် ယဉ်ကျေးလိမ္မာစာအုပ်များကို အတန်းအလိုက် စာဖတ်ဝိုင်း သုံးဝိုင်းပြုလုပ်ကာ စာဖတ်နိုင်ရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သော စာကြည့်တိုက်လုပ်ငန်းများကို အသွင်သဏ္ဌာန်အားဖြင့် စာပေရေချမ်းစင်အကြီး၊ စာပေရေချမ်းစင်ငယ်နှင့် ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် Public Digital Library Service များဖြင့် ပြည်သူလူထုစာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီး ကလေးငယ်များလည်း ငယ်စဉ်မှစ၍ စာဖတ်လိုစိတ်ရှိလာစေရန် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒုတိယဦးစီးမှူးဒေါ်သွယ်သွယ်ဦးက ပြောကြားသည်။

စိုင်းဇော်လတ်(iprd)

သတင်းတို

တိုင်းရင်းဆေးပညာသိကောင်းစရာများ ဟောပြော

ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးကျေးရွာအုပ်စု ဘိုက္ကားကျေးရွာ မူလတန်းလွန်ကျောင်း၌ တိုင်းရင်းဆေးကုသခြင်းနှင့် တိုင်းရင်းဆေးပညာဟောပြောပွဲကို ဩဂုတ် ၁၄ ရက်ကကျင်းပရာ ကျိုက်ထိုမြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်သန္တာလွင်နှင့် အဖွဲ့က ကျောင်းသားကျောင်းသူများအား တိုင်းရင်းဆေးဝါးများဖြင့် ကုသပေးပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြောင်းသိရသည်။

ဝင်းမောင်(iprd)

ကချင်ပြည်နယ်
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၁၀)၊ ကချင်ပြည်နယ်ရုံးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်နေရာများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်-

စဉ်	တည်နေရာ	လုပ်ငန်းအမျိုးအစား
(က)	မိုးညှင်းမြို့နယ်၊ နန့်ရင်းချောင်း ကမ်းပြိုကာကွယ်ရေး	မျောဂရစ်တန်း၊ မျောတိုင်တန်းကျောက်ဖြည့်ရေကာ
(ခ)	မိုးကောင်းမြို့နယ်၊ လွဲလော ဘုန်းကြီးကျောင်းကမ်းပြိုကာကွယ်ရေး	Steel Basket အခြေပြုကျောက်စီမြေထိန်းနံရံ
(ဂ)	မိုးမောက်မြို့နယ်၊ မြို့သစ်ကျေးရွာ တာပိန်မြစ်ရေတိုက်စားမှု ကာကွယ်ရေး	ကျောက်စီမြေထိန်းနံရံပြုပြင်ခြင်း၊ (၃)တန်းသွားမျောတိုင်တန်းကျောက်ဖြည့်ကမ်းထိန်း၊ မျောတိုင်တန်းကျောက်ဖြည့်ရေကာ
(ဃ)	ပူတာအိုမြို့နယ်၊ နမ့်ခမ်းထီချောင်း တံတားကမ်းပြိုကာကွယ်ရေး	(၃)တန်းသွားမျောတိုင်တန်းကျောက်ဖြည့်ရေလွှဲရေကာ၊ သောင်တူးလုပ်ငန်း
(င)	ပူတာအိုမြို့နယ်၊ မန်စေကားလမ်း	မျောဂရစ်တန်း
(စ)	ဗန်းမော်မြို့နယ်၊ ကောင်းစင့်ကျေးရွာအုပ်စုကျေးရွာများ ကမ်းပြိုကာကွယ်ရေး	သဲအိတ်စီမွေ့ရာအုပ်ရေကာ
(ဆ)	နောင်မွန်းမြို့နယ်၊ ကဆန်ချောင်း ရေတိုက်စားမှုကမ်းပြိုကာကွယ်ရေး	မျောတိုင်တန်းကျောက်ဖြည့်ရေကာ သောင်တူးလုပ်ငန်း၊ Steel Basket အခြေပြုကျောက်စီမြေထိန်းနံရံ
(ဇ)	မိုးကောင်းမြို့နယ်၊ မိုးကောင်း တံတားကမ်းပြိုကာကွယ်ရေး	Steel Basket အခြေပြုကျောက်စီမြေထိန်းနံရံ၊ သဲအိတ်ခံကျောက်စီရေကာ
(ဈ)	မချမ်းဘောမြို့နယ်၊ ဂူဘားရိပ်သာ ကမ်းပြိုကာကွယ်ရေး	Steel Basket အခြေပြုကျောက်စီမြေထိန်းနံရံ
(ည)	ပူတာအိုမြို့နယ်၊ ဒါဂူရှီနား ချောင်းကူးတံတားကမ်းပြို ကာကွယ်ရေး	နှစ်တန်းသွားမျောတိုင် တန်းကျောက်စရစ်အိတ်ဖြည့်ရေကာ၊ Steel Basket အခြေပြုကျောက်စီမြေထိန်းနံရံ
(ဋ)	မန်စီမြို့နယ်၊ နမ့်ဝမ်ချောင်း နယ်နိမိတ်မှတ်တိုင် (၅၃)/(၅၄) ကမ်းပြိုကာကွယ်ရေး	Steel Basket အခြေပြုကျောက်စီမြေထိန်းနံရံ

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၈-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် လာရောက်ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်-

(က) **တင်ဒါပိတ်မည့်နေ့ရက်** - ၁၈-၉-၂၀၁၄ရက် (ကြာသပတေးနေ့)
အချိန် - ၁၂း၀၀ နာရီ
(ခ) **တင်ဒါဖွင့်မည့်နေ့ရက်** - ၁၈-၉-၂၀၁၄ရက် (ကြာသပတေးနေ့)
အချိန် - ၁၄း၀၀ နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အတွင်းရေးမှူး(တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး) (ပြည်နယ်ဦးစီးမှူးရုံး) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

၃။ အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး ဖုန်း-၀၇၄-၂၀၉၈၉၊ ၀၉-၅၄၁၂၀၃၀၊ ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ



အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၃)အကြီးစားစက်ရုံ (ညောင်ခြေထောက်)ရှိ ထုတ်လုပ်မှုသုံးစက်များတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအစား	အရေအတွက်
၁။	Spare Parts For Machine	၇ မျိုး
၂။	Measuring Instrument	၅ မျိုး
၃။	Spare Parts For Electrical Equipment	၈ မျိုး

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၈-၂၀၁၄ ရက်မှ ၂၈-၈-၂၀၁၄ ရက်အတွင်း အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူလျှောက်ထားနိုင်ပါသည်။

အမှတ် (၂၃)အကြီးစားစက်ရုံ (ညောင်ခြေထောက်)
ဖုန်း-၀၅၃-၄၂၂၁၃၊ ၀၉-၄၉၅၀၁၂၉၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများအတွက် စက်အရန်ပစ္စည်းများကို နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	FQ(3) Spare Parts/IRR/ 2014-2015	Machinery Spare Parts	1 Lot

၂။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၂-၉-၂၀၁၄ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊
ရုံးအမှတ် (၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၁၆

ဌာနဆိုင်ရာနှင့် စီးပွားရေးကြော်ငြာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းကျောင်း(နေပြည်တော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းကျောင်း(နေပြည်တော်)အတွက် အောက်ဖော်ပြပါ ပရိဘောဂ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	စာရေးစားပွဲပါထိုင်ခုံ (၂၀"×၂၀"×၁၈") (ကျွန်း) (Lecture Chair)	၂၀၀
၂။	သစ်သားဗီရို (ကျွန်း) (၆'×၃'×၁' ၆")	၂

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းကျောင်း(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၉-၂၀၁၄ ရက် ၁၅း၃၀ နာရီတွင် နောက်ဆုံးထား၍ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းကျောင်း(နေပြည်တော်)သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းကျောင်း (နေပြည်တော်)
ဖုန်း-၀၆၇-၄၂၁၆၅၆၊ ၄၂၁၆၅၇၊ ၀၉-၄၉၂၃၃၆၇၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုလယ်ယာဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ထွန်စက်ကြီးအပိုပစ္စည်းများ	8 Lot
(ခ)	ရိတ်သိမ်းခြွေလှေ့စက်အပိုပစ္စည်းများ	2 Lot
(ဂ)	ထယ်/ထွန်အပိုပစ္စည်းများ	1 Lot
(ဃ)	တာယာနှင့်ကျွတ်မျိုးစုံ	1 Lot
(င)	ဘက်ထရီ	1 Lot
(စ)	ဘောလ်ဘယ်ယာရင်မျိုးစုံ	1 Lot

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၁၉-၈-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၈ ရက် ၄း၃၀ နာရီ ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ်(၅၀) နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၂၄၃

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
လျှပ်စစ်ဦးစီး၊ နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ် ၀၀၃/တင်ဒါ/၂၀၁၄-၂၀၁၅/လစစ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အမျိုးသားလွှတ်တော် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးစီမံကိန်းဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
(က)	Electrical Wires & Cables များ	1 Lot

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၈-၂၀၁၄ ရက် နံနက် ၁၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၉-၈-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီ (ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၈-၂၀၁၄ ရက်မှစ၍ လျှစ်စစ်ဦးစီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၄၀၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်ဖုန်းနံပါတ်မှာ လျှပ်စစ်ဦးစီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၀၇၀၇၉ ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၄၀၊ နေပြည်တော်

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
လျှပ်စစ်ဦးစီး၊ နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ် ၀၀၂/တင်ဒါ/၂၀၁၄-၂၀၁၅/လစစ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် e-government လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
(က)	Software ပစ္စည်းများ	1 Lot

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၈-၂၀၁၄ ရက် နံနက် ၁၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၉-၈-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီ (ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၈-၂၀၁၄ ရက်မှစ၍ လျှစ်စစ်ဦးစီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၄၀၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များမှာ ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၇၅၄၀၊ လျှပ်စစ်ဦးစီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၀၇၀၇၉ တို့ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၄၀၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မပြင်ကျေးရွာအုပ်စု၊ ဂျိတ္တောကွင်း၊ လုံးသာကျေးရွာ (ပုလဲမွေးမြူရေးစခန်း)ရှိ အဆောက်အအုံဟောင်းများကို မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရမည့်နေရာ** - ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မပြင်ကျေးရွာအုပ်စု၊ ဂျိတ္တောကွင်း၊ လုံးသာကျေးရွာ (ပုလဲမွေးမြူရေးစခန်း)

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)

(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ရုံးအမှတ် (၁၉)၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်(ရုံးချုပ်)တွင် တစ်စုံလျှင် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၈-၈-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါ ပိတ်သိမ်းမည့်ရက်မှာ ၁၇-၉-၂၀၁၄ရက် ၁၆း၃၀ နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော် (ရုံးချုပ်)၊ စီမံရေးရာဌာနခွဲ၊ ဖုန်း-၀၆၇-၄၁၄၀၉၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁-ဘီ-၁၊ မြေအတန်းအစား III Class၊ မြေကွက်အမှတ် 4 Northern third and a Piece of land adjacent to and north၊ အကျယ်(၁၆'.၈"×၄၀')+(၁ပေ ၁၀လက်မ×၄၀ပေ) မြေအမျိုးအစားမြေပိုင်မြေပေါ်ရှိ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၁ လမ်း၊ အမှတ် ၃၃ဟုခေါ်တွင်သောမြေနှင့် သုံးထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် လင်စေ့ရောက်(ခ) ဦးအေးမောင် LTA-၀၀၅၃၂၆ အမည်ပေါက်လျက်ရှိပြီး ၎င်းကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် ၃၆၇၇/၂၀၁၃ (၉-၁၀-၂၀၁၃)အရ ဆက်ခံပိုင်ဆိုင်သူ တန်မီလျှံ(ခ)ဒေါ်မြင့်မြင့်ကြည် ၁၂/လသန(နိုင်)၀၁၈၈၆၁ [၎င်း၏မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်စာအမှတ် ၁၂၀၃၅/၁၃ (၁၆-၇-၂၀၁၃)ရရှိသူ ဦးအောင်ကျော်မျိုး ၁၂/လသန(နိုင်) ၀၀၄၆၇၃] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ F၊ မြေကွက်အမှတ် V ၈၁၊ မြေကွက်တည်နေရာအမှတ် (၁၀၁)၊ (၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဒေါ်ညွန့်ရီ၊ မောင်မြင့်မောင်)အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက်(မိခင်) ဒေါ်ညွန့်ရီ၊ (ဖခင်)ဦးမြင့်စိုးတို့ကွယ်လွန်သဖြင့် သားနှစ်ဦးဖြစ်သူ ဦးဇော်အောင် ၁၂/မရက (နိုင်)၁၀၈၅၃၈၊ ဦးအေးခိုင်(ခ) ဦးအေးမောင် ၁၂/မရက(နိုင်)၁၀၈၅၄၀ နှင့် သားတစ်ဦးဖြစ်သူ ဦးမင်းအောင်(ခ)ဦးမြင့်အောင်(ခ)ဦးမြင့်မောင် (KPW-၀၈၃၇၃၆)၁၂/မရက(နိုင်)၁၀၈၅၃၉ (ကျန်အမည်ပေါက်) တို့မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် (၁၄၉၆) အမည်ပေါက် ဦးစွပ္ပဂူး၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးတင့်လွင် ၁၂/သလန(နိုင်)၁၀၀၂၂၂မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၄၁၆ အမည်ပေါက် ဦးသန်းလွင်၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးသန်းကျော် ၆/မအရ(နိုင်)၀၉၈၆၀၉ မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက် ကျွန်တော် ဦးရင်ဖေဆင်း (ဘ)ဦးရင်ရှင်းမြင့် ၁၃/ကခန (နိုင်)၀၃၃၆၆၈ နှင့် ကျွန်မ ဒေါ်ဆော်ကြူမိတ် (ဘ)ဦးဆော်ကွေပင် ၁၃/ကခန(နိုင်)၀၂၆၂၃၉ တို့သည် လွန်ခဲ့သော(၅)နှစ်ခန့်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းမပြုခဲ့ရာမှ ယခုအခါစိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၁၄-၈-၂၀၁၄ ရက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်းနှင့် နောက်နောင် တစ်ဦးနှင့်တစ်ဦး ကိုယ်ရေးကိုယ်တာကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးရင်ဖေဆင်း
၁၃/ကခန(နိုင်)၀၃၃၆၆၈

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုဇော်ဇော်မိုး (ခ) ကိုတီးတီး (မြိတ်)
Director, Pho La Min Trading Co.,Ltd.
အသက် (၃၉)နှစ်

(ဦးလိန်)-ဒေါ်မြဝင်း တို့၏သား မနုနုကြည် (ခ) မမီးနု၏ခင်ပွန်း ကိုဇော်ဇော်မိုး အသက်(၃၉)နှစ်သည် ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုညီညီသွေးနှင့်မဝတ်မှုံလွင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက်
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မောင်တော်ယာဉ်များအတွက် လိုအပ်သောတာယာ (၃၇)မျိုးနှင့် ဘက်ထရီ(၈)မျိုးအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၉ -၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ရုံးအမှတ် (၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၂၈၄
Fax - ၀၆၇-၄၃၁၁၈၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၅၅

ဒေါ်ဆန်းမြ	နှင့်	၁။ ဒေါ်ဆွေဆွေဖြူ
		၂။ ဦးတိုက်မောင်း
		၃။ ဒေါ်အေးသီတာ
တရားလို		**တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်၊ လမ်း ၃၀၊ (၆၄×၆၅) ကြား၊ တိုက်ခန်းအမှတ် အေ၊ အခန်းအမှတ် ၁၀နေ ဒေါ်ဆွေဆွေဖြူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ပိုင်ဆိုင်ကြောင်းကြေညာပြဌာန်းကာ လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၆ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးကြည်
အသက် (၈၃) နှစ်

မတင်တင်ဝင်း(မန်နေဂျာ၊ ယုဇနကုမ္ပဏီလီမိတက်)၏ မိခင် ဒေါ်အေးကြည် အသက်(၈၃)နှစ်သည် (၁၅.၈.၂၀၁၄) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Yuzana Group of Companies
ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုဇော်ဇော်မိုး (ခ) ကိုတီးတီး (မြိတ်)
Director, Pho La Min Trading Co.,Ltd.
အသက် (၃၉)နှစ်

(ဦးလိန်)-ဒေါ်မြဝင်း တို့၏သား မနုနုကြည် (ခ) မမီးနု၏ခင်ပွန်း ကိုဇော်ဇော်မိုး အသက်(၃၉)နှစ်သည် ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိန်သစ်နှင့်ဇနီး
TOSTA GROUP LTD.

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုဇော်ဇော်မိုး (ခ) ကိုတီးတီး (မြိတ်)
Director, Pho La Min Trading Co.,Ltd.
အသက် (၃၉)နှစ်

(ဦးလိန်)-ဒေါ်မြဝင်း တို့၏သား မနုနုကြည် (ခ) မမီးနု၏ခင်ပွန်း ကိုဇော်ဇော်မိုး အသက်(၃၉)နှစ်သည် ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်ဇံလင်း(ဦးကျော်)နှင့်ဇနီး

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၃၇၈/က၊ မြေကွက်တည်နေရာအမှတ် ၃၇၈/က၊ မာန်ပြေ ၉ လမ်း၊ (၃) မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ (ဒေါ်အေးအေး) အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား အမည်ပေါက် ဒေါ်အေးအေး(မိခင်)နှင့် ဦးစောလွင်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်ဝေဝေလွင် ၅/ကလထ(နိုင်)၀၀၂၁၇၀၊ (၂) ဒေါ်မူမူလွင် ၁၂/သကတ(နိုင်)၀၀၈၉၆၆၊ (၃) ဒေါ်ထားထားလွင် ၁၂/သကတ(နိုင်)၀၀၈၉၆၇၊ (၄) ဒေါ်သင်းသင်းလွင် ၁၂/သကတ(နိုင်)၀၀၈၉၆၈၊ (၅) ဦးဘိုဘိုလွင် ၁၂/သကတ(နိုင်)၀၀၈၉၅၃တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၀၃/၂၀၁၄ နှင့် ၁၃၉၆/၂၀၁၄ ရသူ ဒေါ်သီတာစိုး ၁၂/လသန(နိုင်)၀၁၂၁၂၅မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဦးညွန့်ဦး

စမ္မာညွန့်စာပေနှင့်ပုံနှိပ်တိုက်

စိတ်ထားဖြူစင်ပြီး လူတိုင်းအပေါ်ကူညီတတ်သော... ကျေးဇူးရှင်ဖခင်ကြီးရေ။

ချစ်ဇနီး၊ သားသမီး၊ မြေးများနှင့် တူ၊ တူမများအပေါ် တာဝန်ကျေလှပါတယ်။ ဒီနေ့ ၁၈-၈-၂၀၁၄ ဆိုရင် ခွဲခွာသွားပြီးမှာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ အချိန်တိုင်း လွမ်းဆွတ်သတိရနေဆဲပါ။ နေ့စဉ်၊ လစဉ်နှင့် ယနေ့ပြုလုပ်ရသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် အစုစုတို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ အေးငြိမ်းချမ်းသာစွာ သာဓု ခေါ်ဆိုနိုင်ပါစေ။

အကိုကြီး -	ဦးအောင်မြင့်ဦး(ခ)ဦးမြင့်ဦး	သမီး -	ဗိုလ်မှူးရန်နောင်စိုး+မမြတ်စင်ဝင်းစိုး
ချစ်ဇနီး -	ဒေါ်ခင်ဝင်း	မြေးများ -	နန်းနန်း၊ ကိုတမ်၊ ကိုငယ်လေး၊ ပြည့်ပြည့်
သား -	ကိုကျော်ဝေယျ		ညီမများ နှင့် တူ၊ တူမများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မယေ (ကျောက်ဖြူ-စနဲ)

အသက် (၉၀)

ရန်ကုန်အဝေးသင်တက္ကသိုလ် ဆရာ/ဆရာမများအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်လှ (ကထိက၊ ဒဿနိကဗေဒဌာန)၏မိခင် ဒေါ်မယေသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ/ဆရာမများအဖွဲ့ချုပ်(ယာယီ)
Myanmar Teachers' Federation (MTF)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဆတ္တယနာရာယန်လှီလာ (ခ) S.N Lhila

အသက် (၈၂)နှစ်

သျှရီကာလီမယ်တော်ဘုရားကျောင်း ဂေါပကသည် ၂၆-၅-၂၀၁၃ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သော (၁)နှစ်ပြည့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဂေါပကအဖွဲ့
သျှရီကာလီမယ်တော်ဘုရားကျောင်း
ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့

ရဟန်း ဒါယကာကြီး

ဦးစံလင်း (ဖျာပုံ)

B.A,H.G.P,R.L (တရားလွှတ်တော်ရှေ့နေ)

အသက်(၇၉)နှစ်

မြိတ်မြို့နေ (ဦးကျင်ပြောင်း-ဒေါ်နှင်းမြရွှေ)တို့၏ တတိယသား၊ ဖျာပုံမြို့နေ(ဦးလှမောင်-ဒေါ်သောင်းစိန်)တို့၏သားသမက်၊ ဖျာပုံမြို့နေ [ဒေါ်တင်ကြည်(အထက်တန်းပြဆရာမကြီး-ငြိမ်း၊ အထက-၂၊ အလက-၁ (ရုတ်တိုတ်)၊ အထက-၃ (ဖျာပုံ)]၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ကိုမျိုးမင်းစိုး (Miraco Marine Service,Pte. Ltd.)-မသင်းသင်းအေး (နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မောင်မင်းသန့်သီဟ၏ အဘိုးသည် ၁၄-၈-၂၀၁၄ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဦးရွှေဟိုး (မအူပင်)

အသက် (၇၉)နှစ်

ဦးစိုးဝင်း၊ ဦးဇော်ဝင်း (USA)၊ ဦးဇော်လင်းဦးတို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးရွှေဟိုး (မအူပင်) အသက်(၇၉)နှစ် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဝင်းနိုင် (JACKY)၊ ဦးသန်းကျော်၊
ဦးမင်းဟန်နိုင် (Danny)၊ ဦးပြည့်စိုးအောင်၊
ဒေါ်သန်းသန်းအေး

အထူးဝမ်းနည်းကြေကွဲခြင်း

ကိုဇော်ဇော်မိုး (ခ) ကိုတီးတီး (မြိတ်)

Director
Pho La Min Trading Co.,Ltd.

အသက် (၃၉)နှစ်

မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် ဒါရိုက်တာ ဒုတိယဥက္ကဋ္ဌ၊ ဖိုးလမင်းကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးထွန်းထွန်းဝင်း(ခ)ဦးဖိုးရှိန်၏ညီ ကိုဇော်ဇော်မိုး(ခ) ကိုတီးတီးသည် ၁၁-၈-၂၀၁၄ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ကိုဇော်ဇော်မိုး (ခ) ကိုတီးတီး (မြိတ်)

Director, Pho La Min Trading Co.,Ltd.

အသက် (၃၉)နှစ်

မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ဖိုးလမင်းကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးထွန်းထွန်းဝင်း(ခ)ဦးဖိုးရှိန်၏ညီ ကိုဇော်ဇော်မိုး (ခ) ကိုတီးတီးသည် ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ကိုဇော်ဇော်မိုး (ခ) တီးတီး

မြိတ်မြို့

သူငယ်ချင်းတီးတီး ကွယ်လွန်ကြောင်းကြားရသည့်အတွက် များစွာစိတ်မကောင်းဖြစ်မိပါသည်။ မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။ မြင့်မြတ်သောဘဝသို့ ရောက်ပါစေ။

ကိုဖိုးကျော်၊ ကိုဖိုးအောင်
(ကျောက်ဆူးသောက်ရေသန့်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်ထွေး

အသက် (၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယအထွေထွေမန်နေဂျာ(မြန်မာ့သစ်လုပ်ငန်း)
ကယားပြည်နယ်၊ ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးစိုးငွေး(ငြိမ်း)

OTS (39)၊ တပ်မတော်(ရေ)

မော်လမြိုင်

အသက် (၇၅)နှစ်

ဒုတိယဗိုလ်မှူးကြီးစိုးငွေး(ငြိမ်း)သည် ၁၂-၈-၂၀၁၄ရက် ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်သင်တန်းအမှတ်စဉ် (၃၉)၊ သူရတပ်ခွဲမှ
တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရင်နု

လက်ထောက်မန်နေဂျာ
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ)

အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကုန်းကျေးရွာ၊ (၂)ရပ်ကွက်၊ အောင်သုခလမ်းနေ ဦးသိန်းရွှေ-(ဒေါ်အုန်းကြည်)တို့၏သမီးငယ်၊ ဒေါ်အေးသိန်း၊ ဦးမြင့်ဦး-ဒေါ်အေးဟန်(သမဝါယမဦးစီးအရာရှိ၊ ငြိမ်း)၊ ဦးအောင်မြင့်သန်း-ဒေါ်ရင်ရှိန်တို့၏ညီမ၊ ဦးရဲထွန်း (ဒု-ဦးစီးမှူး၊ ဗဟိုမြေစာရင်းသင်တန်းကျောင်း) - ဒေါ်ယဉ်ကြည်၊ ဦးခင်ကျော် (မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း)-ဒေါ်တင်မမကျော်၊ ဒုရဲမှူးကြီးဝင်းမင်းသိန်း-ဒေါ်လှိုင်မြင့်သူတို့၏အစ်မသည် ၁၆-၈-၂၀၁၄ ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေမြယာကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၄ရက် (သောကြာနေ့)တွင် ရွှေမြယာကုန်းကျေးရွာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရင်နု

လက်ထောက်မန်နေဂျာ
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ)

အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကုန်းကျေးရွာ၊ (၂)ရပ်ကွက်၊ အောင်သုခလမ်းနေ ဦးသိန်းရွှေ-(ဒေါ်အုန်းကြည်)တို့၏ သမီးငယ်၊ မောင်လွင်ကိုကိုဦး (G.W.W)၊ မောင်အောင်တေဇာဦး (S.I.G Co.,Ltd.)-မနွယ်မွန်ခိုင် (Alpine)၊ မောင်ဖြိုးဇေယျာဦး (မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း)-မစောသန္တာဝေ (Alpine)၊ မောင်အောင်မြင့်မြတ် (2nd year EP)၊ မစုမွန်ဟန်(အထက၊ မြောင်းတကာ)၊ မောင်ဟိန်းထက်ဇော်(အထကခွဲ၊ သန္တေပင်)၊ မယွန်းမြမင်းအေး (အထက-၄၊ ဗိုလ်တထောင်)တို့၏အဒေါ်သည် ၁၆-၈-၂၀၁၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေမြယာကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ **ကျန်ရစ်သူတူ၊ တူမများ**

အထူးဝမ်းနည်းကြေကွဲခြင်း

ကိုဇော်ဇော်မိုး (ခ) ကိုတီးတီး (မြိတ်)

Director, Pho La Min Trading Co.,Ltd.

အသက် (၃၉)နှစ်

(ဦးလိန်)-ဒေါ်မြဝင်း တို့၏သား မနုနုကြည် (ခ) မမီးနု၏ခင်ပွန်း ကိုဇော်ဇော်မိုး အသက်(၃၉)နှစ်သည် ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဉာဏ်သစ်လှိုင်နှင့်ဇနီး

ကျေးဇူးအထူးတင်ရှိခြင်း

ဒေါ်အကြိုင် (ဇာသပြင်၊ မော်လမြိုင်)

အသက်(၈၅)နှစ်

၉-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၄၆၊ ဇရာဝတီလမ်းနေ ဒေါ်အကြိုင် အသက်(၈၅)နှစ် မကွယ်လွန်မီ အာရုံတော်ဝင်ဆေးရုံ၌ တက်ရောက်ကုသစဉ် တရားဓမ္မ ကြွရောက်ချီးမြှင့်ကြသော ဆရာတော် သံဃာတော်များ၊ အစစအရာရာ မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်း၊ ပြုစု၊ ကုသ၊ စောင့်ရှောက်၊ ကူညီပေးခဲ့ကြသောအထူးကုဆရာဝန်ကြီးများ၊ အာရုံတော်ဝင်ဆေးရုံအုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကွယ်လွန်ပြီးသည့်နောက် နာရေးကိစ္စတွင် အဘက်ဘက်မှ လိုလေသေးမရှိ အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီခဲ့ကြသူများနှင့် လိုက်ပါပို့ဆောင်ခဲ့ကြသူများ၊ တရားရေအေးတိုက်ကျွေးခဲ့ကြသော ဆရာတော်သံဃာတော်များ၊ ရပ်ဝေးရပ်နီးမှ သင်္ကန်းလှူဖွယ်ပစ္စည်းများ ပေးပို့ခဲ့ကြသော မေတ္တာဖြင့်သတင်းမေးမြန်းခဲ့ကြသော ဆရာသမား မိတ်ဆွေသင်္ဂဟများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးလှသန်း (ဒလ)

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နေ (သခင်ဗရင်-ဒေါ်ခင်တင့်)တို့၏သား၊ ဖြူးမြို့နေ (ဦးစံဘ-ဒေါ်အေး)တို့၏သားသမက်၊ (ဒေါ်ခင်သန်းနု)၏ခင်ပွန်း၊ နေပြည်တော်၊ တိုက် ၁၂၊ အခန်း ၁၃၊ ခရေအိမ်ရာနေ ဦးဝင်းကို(လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း/ဌာနမှူး၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ဘဏ္ဍာရေးဝန်ကြီးရုံး)-ဒေါ်သက်သက်လှ(ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ဖခင်၊ (ဦးကျော်သန်း-ဒေါ်ခင်ညွန့်ညွန့်)တို့၏ညီ၊ (ဦးမြသန်း)-ဒေါ်ခင်ကြည်၊ ဦးကျော်မြင့်-ဒေါ်အေးစိန်၊ (ဦးဖေမြင့်-ဒေါ်ခင်ခင်ရီ)၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)-ဒေါ်ခင်အေးတို့၏အစ်ကိုသည် ၁၆-၈-၂၀၁၄ ရက် နံနက် ၅း၁၅ နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၄ရက် ညနေ ၃ နာရီတွင် နေပြည်တော် ကျေးကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၄ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ဝင်း (ခ) S.P Vinayagam

အသက် (၈၃)နှစ်

သျှရီကာလီမယ်တော်ဘုရားကျောင်း ဂေါပကဟောင်းသည် ၈-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဂေါပကအဖွဲ့
သျှရီကာလီမယ်တော်ဘုရားကျောင်း
ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးလှအေး (စိုက်/ဘဏ်မန်နေဂျာ-ငြိမ်း)

(မိဘမေတ္တာဘော်ဒါဆောင်) ပဲခူး

အသက် (၆၈)နှစ်

(၁၈-၈-၂၀၁၃ - ၁၈-၈-၂၀၁၄)

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားခဲ့သည်မှာ ၁၈-၈-၂၀၁၄ ရက်မှာ တစ်နှစ်ပြည့်ခဲ့သော်လည်း ကြီးမြတ်လှသောမေတ္တာတရားနှင့် ကျေးဇူးတရားများကို နေ့စဉ်လွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ ဖခင်ကြီးအားရည်စူး၍ ဆွမ်းကပ်အမျှပေးဝေပါတယ်။ ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ ကြားသိ-သာဓုအနုမောဒနာခေါ်ဆိုနိုင်ပြီးနိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ။

ဖခင်ကြီး အမျှ - အမျှ - အမျှ

ချစ်ဇနီး - ဒေါ်ထွေးကြည်
ချစ်သား - မောင်ဇော်ဦး၊ မောင်ဇော်သိန်းမင်း (ခေတ္တ-ကိုရီးယား)
ချစ်သမီး - မမြတ်မြတ်သူ
ချစ်သော - မြေး/မြစ်များ

ဒေါ်ခင်မြဝင်း (ခ) နယ်လီ

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉) ရပ်ကွက်၊ ၄၈လမ်း(အလယ်)၊ အမှတ် ၇၄/၇၆၊ အခန်း ၇၀၁နေ (ဦးမောရစ်)-ဒေါ်မြရွှေတို့၏သမီး၊ (ဒုရဲမှူးကြီးလှဝင်း-ငြိမ်း)၏ဇနီး၊ ဦးထွန်းထွန်းလင်း(ခေတ္တ-ကာတာ)-ဒေါ်အိအိဝင်း၊ ဒေါ်သွဲ့သွဲ့ဝင်း(M3 Food Center)၊ ရဲအုပ်မျိုးဇော်-ဒေါ်မြတ်သူဇာဝင်း၊ ရဲအုပ်အေးမင်းမောင်-ဒေါ်မြတ်သန္တာဝင်း၊ ဦးညီညီသက်-ဒေါ်မြတ်ဇရာဝင်း၊ ဦးစည်သူ-ဒေါ်နေကြည်ထွန်း(Salon 48 Hairstudio) တို့၏မိခင်၊ မောင်မင်းထက်ကို၊ မကြယ်စင်လင်းသူ၊ မသက်ထားမောင်၊ မောင်ညီလပြည့်တို့၏အဘွားသည် ၁၆-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၄ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

(သဲအင်းယောဂီ) ဗိုလ်မှူးသာဒိုး (ငြိမ်း)

ဒု-ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အကျဉ်းဦးစီးဌာန

(နာယက၊ ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့)

အသက်(၈၇)နှစ်

ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့ကြီး၏ နာယက ဒေါ်ဖြူဖြူ၏ခင်ပွန်း၊ နာယကကြီး ဗိုလ်မှူးသာဒိုး(ငြိမ်း)သည် ၁၆-၈-၂၀၁၄ ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့

ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့

မိုးကောင်း၊ ရန်ကင်းမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း

ဦးလင်း(ခ)ဦးလင်ကောင်ချူး

ဥက္ကဋ္ဌ၊ လင်စီကွမ်း၊ လင်မျိုးနွယ်စု

တရုတ်လူမှုရေးအသင်း (လသာမြို့နယ်)

အသက်(၇၇)နှစ်

ဦးလင်း(ခ)ဦးလင်ကောင်ချူး အသက်(၇၇)နှစ်သည် ၁၆-၈-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

လင်စီကွမ်းအလုပ်အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဆိုင်

အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး(ဦးစီး) ရဲမှူးသိန်းလွင်-ဒေါ်သီသီညွန့်တို့၏မိခင် ဒေါ်ခင်ဆိုင်သည် ၁၅-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်-ဒေါ်မွှေးမွှေး မိသားစု

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဆိုင်

အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး(ဦးစီး) ရဲမှူးသိန်းလွင်-ဒေါ်သီသီညွန့်တို့၏မိခင် ဒေါ်ခင်ဆိုင်သည် ၁၅-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်နှင့်တပ်ဖွဲ့ဝင်များ

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းဇံ အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၃၈/၄၀နေ (ဦးဘမော်-ဒေါ်သိန်း)တို့၏သား၊ (ဦးတင်ဖေ-ဒေါ်ဖွားရင်)တို့၏သားသမက်၊ ဒေါ်နုနုရီ၏ခင်ပွန်း၊ ဦးမျိုးသန့်-ဒေါ်တင်မေအောင်၊ ဦးမျိုးမြင့်-ဒေါ်ဝင်းမာ၊ ဦးတင်ထွန်း-ဒေါ်မြင့်မြင့်ရီ၊ (ဦးဉာဏ်ဝင်း)-ဒေါ်လှလှထွေး၊ ဦးမြင့်ဦး-ဒေါ်ဝင်းဝင်းမော်တို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၇-၈-၂၀၁၄ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အေးနု (ပုသိမ်)

ကျောင်းအုပ်ကြီး(ငြိမ်း)

အသက်(၇၁)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနမှ ကထိက ဒေါ်ဇင်ဇင်နိုင်၏မိခင် ဒေါ်ခင်အေးနု(ပုသိမ်) အသက်(၇၁)နှစ်သည် ၁၆-၈-၂၀၁၄ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခဌာနမှူး ဒေါ်ဖြူဖြူအိနှင့်တကွ

E MPA-11 Batch မှ

အတန်းသူ အတန်းသားများ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးအောင်သန်းဝင်း

B.A (Law), LL.B

အသက်(၅၈)နှစ်

အမှတ် ၆၄၊ ရွှေတိဂုံဘုရားလမ်း၊ ရှင်ဂါပြေလဘုရားကျောင်းဝင်းနေ (ဦးလွန်းမောင်-ဒေါ်နန်းပုံ)တို့၏သား၊ ဒေါ်ဝင်းကြည်၊ ဒေါ်ဝင်းမေ၊ ဒေါ်စောဝင်း၊ ဒေါ်ဝင်းမြတို့၏မောင်၊ ဒေါ်အေးမြရှင်၏ခင်ပွန်း၊ နော်ဆုမွန်ဝင်း၊ စောဝေထူးဝင်း၊ စောအေရွန်ဝင်း၊ စောမင်းမူ၊ စောတင်အောင်ထွေး(အပိုလို)၊ နော်ဟေမာနော်ဇာ၊ နော်ချမ်းမြေ့နော်ဇာတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၇-၈-၂၀၁၄ရက် နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၈-၂၀၁၄ရက် နံနက် ၉နာရီတွင် သန့်ရှင်းသော တြိနတီကသီဒြယ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်

အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညို့ (ညောင်လေးပင်)

အသက်(၉၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ ဈေးအရှေ့လမ်း၊ အမှတ် ၁၂နေ (ဦးချစ်)၏ဇနီး၊ အာဇာနည်လမ်းနေ ဦးပန်း-(ဒေါ်စိန်ငွေ)တို့၏ညီမ၊ ရန်ကုန်မြို့၊ ဗိုလ်ရွဲလမ်းနေ ဦးရွှေဝင်း(သစ်တောဦးစီး၊ ငြိမ်း)-(ဒေါ်ကြည်ကြည်ဝင်း)၊ စစ်ကိုင်းမြို့၊ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကြည်ကြည်အေး၊ ဦးအောင်ပြည့်(ခ)ဦးအောင်ကျော်တို့၏မိခင်၊ ကိုဟိန်းထက်အောင်(ခေတ္တ-စင်ကာပူ)၊ ကိုအောင်နိုင်ဦး-မမြတ်သဲစု၊ မောင်မိုးသန့်စင်(တတိယနှစ်၊ ဆေး-၁)တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၈-၂၀၁၄ရက်(စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၁၄ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင်မြို့အရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြပို

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ထန်းတပင်လမ်း၊ အမှတ် ၈၆နေ (ဦးဖိုးစိန်-ဒေါ်ငွေအောင်)တို့၏သမီး၊ (ဦးချစ်အုန်း-ဒေါ်ရွှေချစ်)တို့၏သမီးချွေးမ၊ (ဦးသောင်းစိန်၊ စီမံ/စီးပွားအဆင့်-၃၊ကုန်သွယ်ရေး၊ငြိမ်း)၏ဇနီး၊ ဦးဝင်းမောင် (ရ/သုံးဦးစီးဌာန၊ ငြိမ်း)-ဒေါ်စန်းကြည်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ ရ/သုံးဦးစီးဌာန)၊ ဦးအေးကျော်(ထွန်းဖောင်ဒေးရှင်းဘဏ်၊ နေပြည်တော်)-ဒေါ်စန်းစန်းရီ(မစဘရုံးချုပ်၊ နေပြည်တော်)၊ ဦးဝင်းမောင်မောင်-ဒေါ်ဝင်းဝင်းမြင့် (တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါ်ချိုနွယ်မြင့် (SAT-TTC ၊ ကမာရွတ်)၊ ဦးတိုးလှိုင်(ခေတ္တ-စင်ကာပူ)-ဒေါ်သက်သက်အောင် (ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ ဦးမင်းလွင်ဦး(True Trust Trend Co., Ltd.)-ဒေါ်နှင်းစန္ဒာအေး၊ ဦးဇေယျာလင်း-ဒေါ်ညီညီဆန်း၊ ဦးသူရမောင်(CB Bank ရုံးချုပ်)၊ မောင်မျိုးမောင်မောင်၊ မမေမွန်အေး၊ မောင်ပြည့်ဖြိုးဟန်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၂း၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ထွေးထွေး

(၂)နှစ်ပြည့် အောက်မေ့လွမ်းဆွတ်သတိရခြင်း

(၁၈-၈-၂၀၁၂)-(၁၈-၈-၂၀၁၄)

အမေကြီး ၁၈-၈-၂၀၁၂ရက်တွင် ကွယ်လွန်ခဲ့သည်မှာ နှစ်နှစ်ပြည့်မြောက်ပြီးဖြစ်သော်လည်း မိသားစုမှ အမြဲသတိရ အောက်မေ့လျက်ရှိပါသည်။ အမေကြီးအတွက်ရည်စူး၍ ကောင်းမှုကုသိုလ်များအား လစဉ်၊ နှစ်စဉ်တိုင်း ပြုလုပ်လှူဒါန်း ကုသိုလ်ပြုပေးခဲ့ပြီး (၂)နှစ်ပြည့် အလှူဒါနအဖြစ် ကျောက်ပန်းတောင်းဆေးရုံ၊ ညောင်ဦးဆေးရုံများ၌ လှူဒါန်းမှုနှင့် ကျောက်ဆည်ဆေးရုံကြီး၌ ကျောက်ကပ်ဆေးစက်နှင့် ရေသန့်စက်လှူဒါန်းခဲ့သည့် အလှူဒါနအစုစုတို့ အတွက် အမေကြီးမြင့်မြတ် ရာဘုံဘဝမှနေ၍ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

အဖေကြီး-ဦးသိုက်စိုး

ဦးမင်းမြတ်စိုး-ဒေါ်စုမွန်ရည်

ဦးဇော်နိုင်သိန်း-ဒေါက်တာသဲမြတ်စိုး

ဦးဟိန်းလတ်စိုး-ဒေါ်ဖြူအုဆွေနှင့် မြေးများ

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ

ဦးချန်ဒရာဒေးပရာကပ်(ရှ်)(ခ)

C.D. Prakash (ခ) ဦးမောင်မောင်

ဥက္ကဋ္ဌ(ရွှေစူပါလိုက်ကုမ္ပဏီ)

အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၇၁၅(ဒုတိယထပ်)နေ (ဦးဘဂဝန်းဒါတ်စ်-ဒေါ်ရာမ်ရသီးဒေဝီ)တို့၏သားကြီး၊ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ (ဦးဆုရေးရှ်)-ဒေါ်ကောရှ်လယာဒေဝီ၊ (ဦးဆုဘာရှ်)-ဒေါ်ဗန်း၊ (ဦးဝဏ္ဏ)-ဒေါ်ရမ်ဘာဒေဝီတို့၏အစ်ကို၊ ဦးမောင်မောင်ဦး-ဒေါ်ဟေမာ၊ဦးထွန်းထွန်းဝင်း-ဒေါ်ကီရန်၊ဒေါ်စန္ဒာဝင်း-ဦးပရေမ်ဒါဒလာနီ၊ ဒေါ်သီတာဝင်း-ဒေါက်တာအာကာသိန်းထွန်း၊ ကိုဇော်ဝင်း၊ ကိုဉာဏ်ဝင်း-ဒေါ်ရာဒါတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၇-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Nu Cal Lian Zingi (ခ) Zing Bawi

အသက်(၄၇)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခိုင်ကမ်းရွာနေ(Pu Ai Huai - Nu Vung Go Man) တို့၏သမီး၊ (Pa Thang Lian Sum)-Nu Niang Man Cing, Nu Zen Lian Cing-Pa Ro Sum,Pa Zam Suan Mang (တကက)-Nu Hau Lam Dim,(Tg Khen Kam Mung), (Pa Thang Za Khup)-Nu Ciin Zam Niang တို့၏ညီမ၊ Nu Lal Lian Kim-Pa Thang Cin Lian Pau,Nu Cal Lian Mawi-Pa She Hman,Pa Thio Lian Pianga (ecoAN Int'l Co., Ltd.)-Nu Lal Din Sangi, Pa Pau Suan Khai (MRT Co.,Ltd.)-Nu San Yu Thwe, Lia Zam Lam Vung တို့၏အစ်မ သည် ၁၆-၈-၂၀၁၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၈-၂၀၁၄ရက် ညနေ ၃နာရီတွင် ခိုင်ကမ်းကျေးရွာ ခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်မျိုး

မြို့နယ်သမဝါယမဦးစီးဌာန

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ် ၄၁၀(က)၊ (၁၉) ရပ်ကွက်၊ ခိုင်သဇင်(၁)လမ်းနေ ဦးမြဟန် - ဒေါ်ခင်အေးမြင့်တို့၏ သား၊ (ဦးတင်စိုး)-ဒေါ်ချိုမြအေး၊ ဦးဇော်သိန်း - ဒေါ်ချိုမာအောင်၊ (ဦးပြည်ကျော်)တို့၏မောင်/ညီငယ်၊ မောင်ပြည့်စုံအောင်၊ မောင်ကောင်းစံလင်း (Y.T.T.C Grade-8)တို့၏ ဦးလေးသည် ၁၇-၈-၂၀၁၄ရက် နံနက် ၉း၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ရှမ်း(ခ)ဒေါ်ခင်လှ

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်

အသက်(၈၅)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုရွာနေ (ဦးဘိုးဆယ်-ဒေါ်သိန်းဥ)တို့၏သမီး၊ ဦးကျော်ကြီး၏ဇနီး၊ ပျဉ်းမနားမြို့ ပေါင်းလောင်း(၁)၊ မေတ္တာလမ်းနေ ဦးဝင်းမော်-ဒေါ်သွင်သွင်၊ (ဦးဝင်းမြင့်)-ဒေါ်ခင်မျိုးငွေ၊ ဦးမြင့်ဇော်-ဒေါ်နွယ်နွယ်လင်း၊ ဦးမြင့်နိုင်-ဒေါ်စောမြတ်ဝင်း၊ ဦးသက်ခိုင်-ဒေါ်မြင့်မြင့်ဦး၊ ဦးစိုးစိုး-ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်သက်သက်ထွေးတို့၏ မိခင်ကြီး၊ မြေး ၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၄-၈-၂၀၁၄ရက် (ကြာသပတေးနေ့)ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၈-၂၀၁၄ရက် (သောကြာနေ့)တွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ

ဒေါ်တင်ရှိန် (မအူပင်)

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင် ၂လမ်း၊ အမှတ် ၃၁နေ (ဦးကြာပွင့်-ဒေါ်ချစ်)တို့၏သမီးထွေး၊ (ဦးစိန်ထွန်းအောင်)၏ဇနီး၊ ဦးမောင်မောင်အောင် - ဒေါ်ခင်နွဲ့လွင်၊ ဒေါ်ဖြူဖြူအောင် - ဒေါက်တာ ဦးတင်မောင်ဦး (မူးယစ်ဆေးရုံအုပ်ကြီး၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်)၊ ဒေါ်နီနီအောင်-ဦးစိုးဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ဘွားဘွားကြီးသည်၁၇-၈-၂၀၁၄ရက် နံနက် ၁၀း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၄ရက်(စနေနေ့) နံနက် ၈နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ငွေးကြည် (ဗဟိုစည်)

အသက်(၈၃)နှစ်

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ် ၁၁၈၃၊ မြလမ်း၊ (၅၇)ရပ်ကွက်နေ (ဦးအောင်တင်)၏ဇနီး၊ (ကိုကြည်ဝင်း)၊မငွေးငွေးအောင်၊ ကိုအောင်ကျော်မြင့်-မမြင့်မြင့်အေး၊ မနွဲ့နွဲ့ရီ၊ ကိုဇော်ဝင်း၊ ကိုဝင်းမော်၊ကိုမျိုးခင်တို့၏မိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၁၇-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အေးနု (ပုသိမ်)

ကျောင်းအုပ်ကြီး(ငြိမ်း)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ကြို့ကုန်းအနောက်ရိပ်သာ၊ တိုက် ၂၆/၉နေ (ဦးအေး - ဒေါ်ဖွားတင်)တို့၏ သမီး၊ ဒေါ်ရီရီနွဲ့၏ညီမ၊ (ဦးသန်းအေး)၏အစ်မ၊ (ဦးခင်မောင်ရီ၊ တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ဒေါ်ဇင်ဇင်နိုင် (ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ (ဒေါ်အိအိမြိုင်)၊ ဦးအောင်မင်းငွေ-ဒေါ်အေးအေးပိုင်(YCDC ၊ လမ်းတံတား)၊ ဦးညီညီထွန်း(ခေတ္တ - USA)-ဒေါ်မိုးမိုးဆိုင်၊ ဦးအောင်ကိုသက် (ခေတ္တ-Japan)-ဒေါ်မြိုင်ပီဝင်း၊ ဦးရန်ငြိမ်းချမ်း(Air Tiger Agency)၊ ဦးပြည့်ငြိမ်းချမ်း(City Mart)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၆-၈-၂၀၁၄ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၄ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှမြိုင် (ဒါးပိန်)

(ပြည်တွင်းဖြစ် မော်တော်ကားမီးခွက်လုပ်ငန်း)

အသက်(၉၃)နှစ်

လှည်းကူးမြို့နယ်၊ သနပ်ပင်ကျေးရွာနေ (ဦးအေး-ဒေါ်ဖွားခင်)တို့၏သားသမက်၊ ဒါးပိန်မြို့နေ (ဦးစောလှိုင်-ဒေါ်ဘွင့်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အမှတ် ၄၇/၄၈၊ ဖေယျာသီရိလမ်းနေ (ဒေါ်ကြည်ညွန့်)၏ခင်ပွန်း၊ ဦးမောင်မောင်ထွေး-ဒေါ်မြင့်မြင့်ကြည်၊ ဦးအုန်းတင်-[ဒေါ်မြင့်မြင့်အေး(ခ)မတူး]၊ ဦးစိုးသိမ်း-ဒေါ်မြင့်မြင့်ငွေ(USA)၊ ဦးထွန်းလှ-ဒေါ်သင်းသင်းငွေ၊ ဦးကိုကို-ဒေါ်နီဝါဦး၊ (ဦးကျော်မျိုးနိုင်-ဒေါ်ဖြူဖြူဝင်း)တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁၆-၈-၂၀၁၄ရက် (စနေနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁း၃၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှသန်း (ဒလ)

အသက်(၈၄)နှစ်

နေပြည်တော်၊ တိုက် ၁၂၊ အခန်း ၁၃၊ ခရေအိမ်ရာနေ ဦးဝင်းကို (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းဌာနမှူး၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ဘဏ္ဍာရေးဝန်ကြီးရုံး)-ဒေါ်သက်သက်လှ (ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ဖခင် ဦးလှသန်း အသက်(၈၄)နှစ်သည် ၁၆-၈-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်

ဝန်ထမ်းများ

အကောက်ခွန်ဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းသိန်း [ရုံပိုင်ကြီး(ငြိမ်း)၊ မြန်မာ့မီးရထား]

အသက်(၇၁)နှစ်

မော်လမြိုင်၊ သထုံမြို့နေ ဒေါ်တင်စန်းမြင့်၏ခင်ပွန်း မီးရထားဗဟိုသင်တန်းကျောင်း (အင်းစိန်) လက်ထောက်ရုံပိုင် (၁၉၆၉-၇၀) သင်တန်းဆင်း ဦးထွန်းသိန်း အသက်(၇၁)နှစ်သည် ၁၃-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အပတ်စဉ်(၄)လက်ထောက်ရုံပိုင်သင်တန်းဆင်း

အငြိမ်းစားအရာရှိ၊ ကြီးကြပ်ရေးဝန်ထမ်းနှင့်ရုံပိုင်ကြီးများ၊

မြန်မာ့မီးရထား၊ ရန်ကုန်

ဒေါ်သန်းစော

Research Scientist

ဆေးသုတေသနဦးစီးဌာန

အောက်မြန်မာပြည်

အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ မြို့ပတ်လမ်းသွယ်(၅)၊ ၁၅/၂၂၄နေ [ဦးခွန်စောလွင် (ဒုထွေ/ဂျာ၊ မွေး-စား-နို့၊ ငြိမ်း)]၏ဇနီး၊ ဦးပေါ်လွင်သိန်း-ဒေါ်ဝါဝါလွင်၊ (ဦးတင်အောင်လွင်)၊ ဦးတင်မောင်လွင်-ဒေါ်ချောစုဝင်း၊ ဦးညီညီလွင် (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မတူပီမြို့နယ်)-ဒေါ်ခင်သန့်ထွေးတို့၏မိခင်၊ မမေအိမ့်ကျော်၊ မောင်အောင်ကောင်းမြတ်၊ မအလင်္ကာခင်တို့၏အဘွားသည် ၁၇-၈-၂၀၁၄ရက် နံနက် ၅နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းစော

Research Scientist

သုတေသနမှူး

ဆေးသုတေသနဦးစီးဌာန

(အောက်မြန်မာပြည်)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၊ သုခမိန်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်သောင်း)တို့၏သမီးကြီး၊ ဦးကြည်ထွန်း-ဒေါ်စန္ဒာဝင်း၊ ဒေါ်စန်းစန်း၊ ဦးသိန်းထွန်း-ဒေါ်မြင့်မြင့်၊ ဦးကျော်မင်း၊ ဦးသန်းဝင်း-ဒေါ်လှဲ့လှဲ့ဝင်း၊(ဒေါ်အေးအေးမာ)၊ ဦးရဲဝင့်နိုင်-ဒေါ်မေရီမောင်၊ ဦးသောင်းဟိန်း-ဒေါ်အေးအေးစိုး၊ ဦးဇော်မင်း-ဒေါ်ခင်နှင်းကြူတို့၏ အစ်မကြီး၊ တူ၊ တူမ ၁၂ယောက်တို့၏ ကြီးတော်၊မြေးငါးယောက်တို့၏အဘွားသည် ၁၇-၈-၂၀၁၄ရက် နံနက် ၅နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမမိသားတစ်စု

ဦးခင်ဇော် (ညောင်ဦး)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

ကကဌေ

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကောက်လျင်လမ်းသွယ်(၂)၊ တိုက် ၁၆၃၊ အခန်း ၈နေ (ဦးလှဒင်-ဒေါ်ကံဆယ်)တို့၏သား၊ ဦးအောင်တင် [အထက်တန်းစာရေး(ငြိမ်း)ကကဌေ]-ဒေါ်စန်းမြင့် [ကြီးကြပ်ရေးမှူး (ငြိမ်း) ကကဌေ]၊ ဒေါ်ဖွားမြင့်၊ ဒေါ်မြသီ (ဟိုတယ်/ခရီး၊ ငြိမ်း)တို့၏အစ်ကိုကြီး၊ မတင်မျိုးအေး(TOTAL E & P Myanmar)၊ မောင်ဝင်းသော်ထွန်းတို့၏ဘကြီးသည် ၁၆-၈-၂၀၁၄ရက် ညနေ ၃း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(သုဝဏ္ဏနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်ဒါယကာကြီး

ဦးမောင်စံ

Director (Engineer)

အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ(ဦးတင်-ဒေါ်ငြိမ်းခင်)တို့၏သား၊ ဦးကျော်သက်-ဒေါ်အေးသန်း၊ ဦးသိန်းဇော်-ဒေါ်သန်းမြင့်၊ ဦးမျိုးမြင့်-(ဒေါ်လှမြင့်)တို့၏အစ်ကို၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်းနေ (ဦးစိုးညွန့်)-ဒေါ်သန်းမြင့်တို့၏သားသမက်၊ဦးသန်းနိုင်၊ကိုသက်ချို-မသန်းသန်းချို၊(ကိုဝင်းဗိုလ်)-မဇင်မာတို့၏အစ်ကို၊ မစံပယ်မောင်စံ၏ဖခင်၊ Lily, Vivienne တို့၏အဘိုး၊ USA နေ ဒေါ်စိုးစိုးဦး၏ခင်ပွန်းသည် ၁၅-၈-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် တွင်ကမာရွတ်မြို့နယ်၊အောင်မင်းခေါင် (၁)လမ်း၊ အမှတ် ၆၇နေ (ဦးမောင်စံ)-ဒေါ်စိုးစိုးဦး MYA THIDAAUNG SOE SOE (Construction) တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရောဝတီနှင့် မနောမြေတို့ယှဉ်ပြိုင်နေစဉ်။

ရောဝတီနှင့် မနောမြေ သရေကျ

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် ဩဂုတ် ၁၇

MNL Myanmar 2014 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၈) ဒုတိယနေ့ပွဲစဉ်အဖြစ် မနောမြေနှင့် ရောဝတီအသင်းတို့ ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

မနောမြေ - တစ်ဂိုး

(ထွန်းမင်းစိုး)

ရောဝတီ - တစ်ဂိုး

(ကိုနေး-ပယ်နယ်တီ)

စာမျက်နှာ ၁၀ ကော်လံ ၄ ❖

အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ ကွဲလွဲချက် (၃၁)ချက်ရှိသည့်အနက် (၂၆)ချက် သဘောတူညီမှုရရှိ

ရန်ကုန် ဩဂုတ် ၁၇

အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ ကွဲလွဲချက် (၃၁)ချက်ရှိသည့်အနက် ဩဂုတ် ၁၅ မှ ၁၇ ရက်နေ့အထိ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီတို့၏ ပဥ္စမအကြိမ်မြောက် အစည်းအဝေးတွင် (၂၆)ချက်ကို သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသည့် အချက်ငါးချက်မှာ အခန်း(၂)တွင်ပါရှိသည့် ဦးတည်ချက်၊ ရည်ရွယ်ချက်၊ အခန်း(၃)တွင်ပါရှိသည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကိစ္စများ၊ အခန်း(၅)တွင်ပါရှိသည့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်၊ အခန်း(၆)တွင်ပါရှိသည့် ကြားကာလတွင် ပါဝင်သည့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ အခန်း(၇)တွင်ပါရှိသော အထွေထွေလက်မှတ်ရေးထိုးရန်တို့သာရှိတော့သည်ဟု ဆွေးနွေးပွဲနောက်ဆုံးနေ့ ည ၇ နာရီတွင် ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေက ပြောသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒

မြန်မာယူ-၁၉ အသင်း လေးပွဲဆက် နိုင်ပွဲရရှိပြီး အုပ်စုပထမနေရာ ရရှိ

စိုးညွန့်

ရန်ကုန် ဩဂုတ် ၁၇

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲစဉ်များကို ယနေ့ညပိုင်းက ဘရူနိုင်းနိုင်ငံတွင် ဆက်လက်ကျင်းပရာ မြန်မာယူ-၁၉အသင်းက ဖိလစ်ပိုင် ယူ-၂၁ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ် လေးပွဲစလုံးအနိုင်ရရှိကာ အုပ်စုပထမနေရာရရှိခဲ့သည်။

ဆီမီးဖိုင်နယ်တက်

အုပ်စု(က) ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက ၁၂ မှတ်ဖြင့် အုပ်စု ပထမ၊ ထိုင်းအသင်းက ၉ မှတ်ဖြင့် ဒုတိယတို့ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ဆီမီးပွဲစဉ်များကို ဩဂုတ် ၂၀ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယနေ့ မာတိကာ

အီဘိုလာဖြစ်ပွားနိုင်ငံများမှ ခရီးသည်များလာရောက်မှု ကင်ညာနိုင်ငံက နယ်စပ်ကို ပိတ်ထားမည်ဟုဆို — စာ ၄

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲနိုင်ရေးစာချုပ် ချုပ်ဆိုနိုင်ရန်နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ — စာ ၇

ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီး သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည် — စာ ၁၁

မွေးရာပါ ခြေလေးချောင်း ကလေးငယ် ခွဲစိတ်ကုသမည် — စာ ၁၂

အိုင်ဘီအက်ဖ် ချန်ပီယံဖြစ်လာတဲ့ ကဲလ်ဘရွတ် — စာ ၁၄

မြန်မာပြည်ချန်ပီယံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ယှဉ်ပြိုင်ထိုးသတ် တူးတူးအသာစီးထိုးသတ်နိုင်ခဲ့သော်လည်း စောငမန်း ချန်ပီယံဆုကာကွယ်နိုင်ခဲ့

သတင်းမြင့်ကွင်း
မင်းခေတ်
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၇

မြန်မာပြည်ချန်ပီယံရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ စိန်ခေါ်သူတက်သစ်စလူငယ်လက်ဝှေ့ကျော်တူးတူး အသာစီးထိုးသတ်နိုင်ခဲ့သော်လည်း ဝါရင့်လက်ရှိ မြန်မာပြည်ချန်ပီယံစောငမန်း ချန်ပီယံဆုတံဆိပ်ကို ကာကွယ်နိုင်ခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် မြန်မာပြည်ချန်ပီယံလုပွဲ အထူးစိန်ခေါ်ပွဲကြီးဖြစ်သည့် လက်ရှိရွှေခါးပတ်ချန်ပီယံ စောငမန်းနှင့် မြန်မာ့လက်ဝှေ့လောကတွင် ရှုံးပွဲမရှိသေးသည့် တက်သစ်စလူငယ် ရွှေခါးပတ်ချန်ပီယံ တူးတူး (နဂါးမာန်) တို့ ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲတွင် တူတူး(နဂါးမာန်)က ပထမအချီနှင့် ဒုတိယအချီတို့တွင် ချန်ပီယံအရှိန်အဝါရှိသည့် စောငမန်းကို ဖွင့်မထိုးရဲဘဲ သတိ၊ အသိယှဉ်ပြီး လက်ဝှေ့သမား ပီသစွာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ တတိယအချီပြန်အစတွင် လက်ဝှေ့ပရိသတ်၏ အားပေးမှုဖြင့် တူးတူး(နဂါးမာန်) သူတင်ကိုယ်တင်ဖွင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပွဲမှာပိုမိုကြည့်ကောင်းလာပြီး အကိုင်အပေါက်သန်လှသည့် စောငမန်းပင် ပြန်လည်၍ ကိုင်ပေါက်ခံခဲ့ရသည်။ ထို့နောက် သက်လုံကောင်းပြီး တက်သစ်စလူငယ်လည်းဖြစ်သည့် တူးတူး(နဂါးမာန်)သည် လက်ရှိချန်ပီယံ၏ အားနည်းချက်ကိုသိဟန်ဖြင့် ပညာပါပါ တရစပ်ဘယ်/ညာထောက်၊ ဖြောင့်လက်သီးများကိုသုံးလာပြီး ရံဖန်ရံခါ ဝိုက်လက်သီးများကိုပါ အသုံးပြုလာသဖြင့် လက်ရှိချန်ပီယံ စောငမန်း(ရွှေဖူး)မှာ ခက်ခက်ခဲခဲ ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရသည်။ စတုတ္ထအချီနှင့် နောက်ဆုံးအချီတို့တွင် တူးတူး(နဂါးမာန်)အား တူးတူး ဖွင့်ထိုး၊ လိုက်ထိုးပေ့ ဆိုသည့်

စာမျက်နှာ ၉ ကော်လံ ၆ ■

စောငမန်း(ရွှေဖူး) ဘယ်ထောက်လက်သီးက တူးတူး(နဂါးမာန်)ကို ပစ်သွင်းထားစဉ်။

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ ဩဂုတ် ၁၈ ရက်။ တနင်္လာနေ့

Advertisement

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန်

သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။

Ph : 09-512-1284, 09-420-707802

အလင်းသစ် Education Center

School of Social Sciences

၁။ နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ နိုင်ငံတကာမှဘွဲ့ရဆရာ/ဆရာမများထံမှအနီးကပ်လေ့လာသင်ယူနိုင်မည့်အခွင့်အလမ်း

၂။ လူမှုသိပ္ပံ (Social Sciences) ဘာသာရပ်များအား အခြေခံမှစ၍ စနစ်တကျသင်ယူနိုင်မည့်အခွင့်အလမ်း

၃။ ထူးချွန်သူများအား နိုင်ငံတကာတက္ကသိုလ်များတွင် ပညာသင်ဆု (Scholar Ship) ဖြင့် တက်ရောက်သင်ကြားနိုင်မည့်အခွင့်အလမ်း

School of English

၁။ IELTS နှင့် TOEFL စာမေးပွဲများကိုအမှတ်ကောင်းကောင်းဖြင့် အောင်မြင်လိုပါသလား?

၂။ English Skill မကောင်း၍အလုပ်အကိုင်ကောင်းများ ဆုံးရှုံးနေပါသလား?

၃။ English(4 Skills) ကို ကျွမ်းကျင်စွာတတ်မြောက်လိုပါသလား?

၄။ စာတွေ့လက်တွေ့နှင့် ပြည့်စုံသောပြည်တွင်းပြည်ပဘွဲ့ရဆရာ၊ဆရာမများနှင့် စနစ်တကျ လေ့လာသင်ကြားလိုပါသလား?

ဤအခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လိုသူများအတွက် အလင်းသစ် Education Center မှ နွေးထွေးစွာကြိုဆိုလျက်ရှိပါသည်။

အပတ်စဉ် (၂) စက်တင်ဘာတန်းခွဲအတွက် လျှောက်လွှာခေါ်ယူခြင်း၊ ကျောင်းအပ်လက်ခံမည့်ရက် ဩဂုတ် ၂၀ရက်မှ စက်တင်ဘာ ၄ရက်အတွင်း

အသေးစိတ်သိရှိလိုပါက-

စုံစမ်းရန် ဖုန်း-၀၉-၂၅၀၁၅၃၇၉၄၊ ၀၉-၂၅၀၆၄၇၉၇၇

လိပ်စာ-အမှတ် ၂၇၂၊ မြဝတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်း၊ Dagon Center (2) အနောက်

Email-olinnthit.education@gmail.com, alinnthit.schoolofss@gmail.com

ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ (၁၂၆)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲတော်နှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာဖြင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲ-စတိတ်ရှိုးများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပါသည်။ ပွဲတော်ဈေးဆိုင်ခန်းများကိုလည်းတော်သလင်းလဆန်း ၁ ရက် နံနက် ၁၀း၀၀နာရီ အလှူခံမဏ္ဍပ်တွင် စတင်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

ပွဲတော်ကျင်းပရေးကော်မတီ
ကျောက်ကြီးမြို့

အမည်ပြောင်း

ဦးမင်းသူ၏သမီး ဟသ်ာတမြို့၊ အလက(၃)၊ ဆဋ္ဌမတန်း(က)မှ မယွန်းဝတီစံအား မအေးမြတ်မြတ်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အထက(၃)၊ ပဉ္စမတန်း(B)တွင် ပညာသင်ကြားနေသော မသန်းသန်းလွင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းငွေဖြစ်ပါကြောင်း။

ဦးဝင်းငွေ ၁၂/ကမတ(နိုင်)၀၂၆၈၆၁

Triple "A" Cement Int'l Co.,Ltd.

ရုံးခွဲလိပ်စာပြောင်းလဲဖွင့်လှစ်ခြင်း

ယခင်အမှတ် ၉၀၊ ဘုန်းကြီးလမ်း၊လမ်းမတော်မြို့နယ်မှ ခြံအမှတ်၉၊ သီရိမင်္ဂလာ ၁ လမ်း၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဖုန်း- ၀၁-၂၃၀၆၂၃၈၊ ၀၁-၂၃၀၆၂၃၉သို့ ပြောင်းလဲဖွင့်လှစ်ကြောင်းနှင့် ကုမ္ပဏီကိစ္စအဝဝကို ဤလိပ်စာနှင့်ဖုန်းသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမည်ပြောင်း

ဦးနေဇော်၏သား အမက(၂၁) ပထမတန်း(B)မှ မောင်ဖြိုးဇေယျကျော်အား ယနေ့မှစ၍ မောင်ဘုန်းသျှံခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘုန်းသျှံခန့်**

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)
(၂၄) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၆ ခုနှစ် ဝါခေါင်လကွယ်နေ့) ၂၄-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ သာဓုကျောင်းတိုက် (နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်)၌ ကျင်းပမည်ဖြစ်ရာ နတ်မောက်မြို့နယ်သူ/သားများနှင့် အသင်းသူ/သားများ၊ အလှူရှင်များ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းနှင့်အလှူငွေများလှူဒါန်းလိုပါက-

သာဓုကျောင်း ဖုန်း-၀၁-၅၁၂၀၆၆၊	ဦးတင်ဝင်း ဖုန်း-၀၉-၄၃၀၉၁၈၂၂
ဦးအောင်သန်း ဖုန်း-၀၉-၅၀၃၀၆၆၇	ဦးဝင်းဖေသန်း ဖုန်း-၀၉-၃၁၂၅၆၁၁၄
ဦးသန်း ဖုန်း-၀၉-၄၃၂၀၀၉၀၄	ဦးအောင်သန်းထွန်း ဖုန်း-၀၁-၅၅၇၂၃၄
ဦးကြည် ဖုန်း-၀၉-၇၃၀၁၁၈၉၄	ဦးအောင်ဝင်း ဖုန်း-၀၁-၂၂၉၂၈၁
ဦးထွန်းညွန့် ဖုန်း-၀၁-၅၁၇၁၂၂	ဦးရွှေ ဖုန်း-၀၁-၅၅၂၈၆၀

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

နှစ် ၆၀ မြေငှားဂရန်ပျောက်ဆုံးလျက်ရှိကြောင်း
အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြစပါယ်လမ်း၊ အမှတ် ၄၆တွင်နေထိုင်ကြသော ကျွန်ုပ်အမှုသည်များဖြစ်ကြသည့် ကွယ်လွန်သူ ဒေါ်ခင်ချစ်၏သမီး ဒေါ်တင်တင်ဦး၊ သား ဦးသန်းဇော်ဦး၊ ဒေါ်မြစိန်၊ ဒေါ်သန်းအေး၊ ကွယ်လွန်သူ ဦးငွေအုန်း၏ ဇနီး ဒေါ်ခင်လှိုင်မြ၊ ဦးစန်းလွင်နှင့် ဒေါ်တင်ရှိန်တို့၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၄၅က^၁၅ ဟုခေါ်သည့် ဧရိယာအကျယ်အဝန်း ၀ ဒသမ ၄၂၄ဧကရှိ မြေကွက်နှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မြေငှားစာချုပ်အမှတ် မရက/အထူးဂရန် ၇၂/၂၀၀၂ အမှုတွဲအမှတ် မရက/အထူးဂရန် ၂၂/၂၀၀၂ဖြင့် ၂၀-၃-၂၀၀၂ရက်က ဒေါ်အေးမြင့် ၁၂/မရက(နိုင်)၀၇၅၄၁၂ထံ ထုတ်ပေးခဲ့သည့် နှစ် ၆၀ မြေငှားဂရန်စာချုပ်မူရင်းသည်ပျောက်ဆုံးနေလျက်ရှိရာ ယနေ့တိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ခင်ညိုဝင်း LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၅၈၃၁)

အမှတ် ၅၆၁ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်း (၁၁၇/ကုန်းဘောင်) လူနေရပ်ကွက်အမှတ် (ကုန်းဘောင်အိမ်ရာ)၊ မြေကွက်အမှတ် ၁၀၀၊ အကျယ်ပေ (၉၂/၉၃×၁၀၀)ရှိ ဦးရန်နိုင်ထွန်း အမည်ပေါက် နှစ် ၆၀ဂရန် ထွက်ရှိထားသော မြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဖြစ်သော ဒေါ်တင်တင်လှိုင် MTA-182800 [၁၂/ဒဂန(နိုင်)၀၂၅၅၅၁]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင် LL.B, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)

အမှတ် ၂၂၂၊ စံပယ်လမ်း၊ (၂/၃၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊

ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် (၁၂၉၄)၊ အမည်ပေါက် ဦးသောင်းဟန်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးမျိုးမျိုးထွန်း ၁၂/သဃက(နိုင်)၀၃၃၆၂၆ မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့်အရောင်းအဝယ်စာချုပ်(မူရင်း) များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် (၁၀၇၄)၊ အမည်ပေါက် ဒေါ်အုန်း၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မြင့်ကြည် ၁၂/သလန(နိုင်)၀၆၈၂၁၆ မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း
စဉ်ဆက်မပြတ်သွားနှင့်ခံတွင်းပညာရပ်ဆိုင်ရာ
ဟောပြောပွဲဖိတ်ကြားလွှာ

မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း၏ စဉ်ဆက်မပြတ်သွားနှင့် ခံတွင်း ပညာရပ်ဆိုင်ရာဟောပြောပွဲကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၄ ခုနှစ် ဩဂုတ် ၂၄ ရက်၊ တနင်္ဂနွေနေ့

အချိန် - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ

နေရာ - M3 Food Center
ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်

မြန်မာနိုင်ငံဆရာဝန်အသင်း
အဏုဇီဝဗေဒအဖွဲ့ ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ကကြီးမှူး၍ Pathogens Without Borders ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဩဂုတ် ၂၃ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ ဒေါက်တာ ဒေါ်ခင်ရီဦး၊ Professor Michael S. Du Bow၊ ပါမောက္ခ ဦးကိုကိုနှင့် ပါမောက္ခ ဦးစိုးလွင်ငြိမ်းတို့က ဟောပြောကြမည်ဖြစ်ရာ တက်ရောက်လိုသူများသည် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁)၊(၂) နှင့်တပ်မတော်ဆေးတက္ကသိုလ်တို့တွင် ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၄၅

မဇင်မာသန်း	နှင့်	မောင်အောင်လှိုင်ဦး
အမှတ် ၁၁၉၊ ၄၁လမ်း၊		အမှတ် ၁၅၊ မြေညီထပ်၊ ၁၄၁ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။		တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၄၁ လမ်း၊ အမှတ် ၁၅ မြေညီထပ်နေ တရားပြိုင် မောင်အောင်လှိုင်ဦး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၇ ရက် (၁၃၇၆ခုနှစ် တော်သလင်း လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းနိုင်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒေါပုံမြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၂၁

၁။ ဒေါ်စီရောဘာလာ	**နှင့်**	၁။ ဦးလှမောင်
၂။ ဒေါ်အေးစိန်		၂။ ဦးစိန်လေး(ခ)ဦးစိန်ဖေ
တရားလိုများ		**တရားပြိုင်များ**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စံပါယ်လမ်း၊ အမှတ် ၅၅၃နေ ဦးလှမောင်နှင့် ဦးစိန်လေး(ခ)ဦးစိန်ဖေ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မြေနှင့်အိမ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ်၂၆ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စိုးတင့်)
မြို့နယ်တရားသူကြီး
ဒေါပုံမြို့နယ်တရားရုံး

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ဖျာပုံခရိုင်တရားရုံးတော်၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၃ နှင့်ဆက်သွယ်သည့်

၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၃၀

ကိုစိုးမင်းနိုင်(ခ)ကိုစိုးမင်းအောင်	**နှင့်**	ဒေါ်ခင်သင်းယုနွယ်
ဒီကရီအနိုင်ရသူ		**တရားရှုံး**

အမှတ် ၇၊ သီရိရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ဖျာပုံမြို့(သို့မဟုတ်)ကဖောင်းကျေးရွာ၊ ဖျာပုံမြို့(ယခုနေရပ်လိပ်စာမသိ) ဒေါ်ခင်သင်းယုနွယ် သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ကိုစိုးမင်းနိုင်(ခ)ကိုစိုးမင်းအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၇ ရက် (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဩဂုတ် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မလေးညို)
ခရိုင်တရားသူကြီး
ဖျာပုံခရိုင်တရားရုံး

အများသိစေရန်သတိပေးကြေညာခြင်း

ဦးသန်းဌေး ၁၂/မဂတ(နိုင်)၀၆၉၀၅၈နှင့် ဒေါ်ခင်စန်းလွင် TGKN-၀၄၇၂၄၂တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာလိုက်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်ထီးရိုးရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်၅၁ ဟုခေါ်တွင်သော (၂၅×၅၀)ပေမြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိနေအိမ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဌေး၏ဖခင်နှင့် ဒေါ်ခင်စန်းလွင်၏အဘိုး ဦးသိန်းဖေသည် လွန်ခဲ့သော ၂၈နှစ်ခန့်ကပင် လက်ရောက်ဝယ်ယူနေထိုင်ခဲ့ပါသည်။ ဦးသိန်းဖေကွယ်လွန်ပြီး အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်သည် အမွေပုံအဖြစ်ကျန်ခဲ့ပါသည်။ ၄င်းမြေကွက်နှင့်နေအိမ်ပေါ်တွင် ဦးသိန်းဖေ၏ ဒုတိယသမီး ဒေါ်ဘေဘီသန်း နေထိုင်လျက်ရှိပါသည်။ အမွေဆိုင်များဖြစ်ကြသည့် ကျွန်ုပ်၏မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်း၊ ငှားရမ်းခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းတို့မပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဝင်း(စစ်တွေ)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၆၀)

တိုက် ၂၇၄၊ အခန်း ၁၅၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၇၀၃၃၊ ၀၉-၂၅၁၀၇၀၆၆

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မေယု ၄ လမ်း၊ အမှတ် ၅၆၀ ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များအရ တရားဝင်ပိုင်ဆိုင်သူ ဦးဝင်းခိုင် ၁၂/ရကန (နိုင်)၀၀၆၀၁၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ရီ ၁၂/အလန(နိုင်)၀၃၀၃၃၉က ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီးဖြစ်သဖြင့် အဆိုပါမြေနှင့်အိမ်အား ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း စသည့်ကိစ္စအရပ်ရပ်တို့ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်လင်း LL.B	**ဦးဒါးလ်လမ်ထန်**
အထက်တန်းရှေ့နေ(စဉ်-၂၆၆၅၂)	**LL.B, D.B.L**
ဖုန်း-၀၉-၄၂၁၀၃၆၀၇၁	**အထက်တန်းရှေ့နေ(စဉ်-၄၂၆၀၉)**

ကြော်ငြာကဏ္ဍ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၇

ဒေါ်ဂျင်ရှုရှူး **နှင့်** ၁။ ဦးဖိုးထူး
၂။ ဒေါ်သန်းသန်းရီ
၃။ ဦးသန်းမြင့်

တရားလို **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အမှတ်(အ-၁၆/၅၅)နေ ဦးဖိုးထူးနှင့် ဒေါ်သန်းသန်းရီ မန္တလေးတိုင်းဒေသကြီး၊အမရပူရမြို့နယ်၊ ဥယျာဉ်တော်ရပ်၊ မြို့သစ်၊ မြေကွက်အမှတ်(၁၆/၁၅)နေ ဦးသန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်ဂျင်ရှုရှူးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၄ ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီရီထူး)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ကျောက်မဲခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၂

ဒေါ်မိုးမိုးခိုင် **နှင့်** ၁။ ဦးထိန်လင်း
၂။ ဒေါ်လွင်လွင်သိန်း
၃။ ဒေါ်နန်းစိန်ညွန့်(ခ)ဒေါ်ရွှေညွန့်
၄။ ဒေါ်သီတာ

တရားနိုင် **တရားရှုံးများ**

၂၀၁၁ခုနှစ် တရားမကြီးမှု(၁၈) တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၃ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်နေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ဆမ္မဆယ်ကျေးရွာအုပ်စု၊ အုံးမွှသီးကျေးရွာ(အနောက်) ကွင်းအမှတ် (၁၄၉)၊ မြေကွက်အမှတ် (၆၁၇/၈၂၂)၊ မြေဧရိယာ ၀ဒသမ၂၄ဧကရှိ ရွာမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံတင်ရောင်းချမည့်မြေကွက်အလားအလာမှာ

အရှေ့လားသော်	-	မန္တလေး၊ နောင်ချိုကားလမ်း
မြောက်လားသော်	-	ဒေါ်မိုးမိုးခိုင် ဆန်စက်အဝင်လမ်းကြား
တောင်လားသော်	-	မြင်သာခြံမြေအစပ်
အနောက်လားသော်	-	ဦးဇော်ဘောက် အိမ်ခြံမြေအစပ်
		နယ်လေးရပ်အတွင်း အုတ်ခုံရိုးပတ်ထားမြေဖြစ်ပါသည်။

လေလံကြမ်းခင်းဈေး ၂၅၀၀၀၀၀၀/-(ကျပ်သိန်း နှစ်ရာ့ငါးဆယ်တိတိ)

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံတင်စည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝါဝါဆွေ
ဒုတိယခရိုင်တရားသူကြီး
ကျောက်မဲခရိုင်တရားရုံး

အသိပေးကြေညာခြင်း

ညောင်ဦးမြို့၊ ရေဝင်ရပ်နေ မောင်ဝေဇင်မင်းထွန်း(ခ) ဖိုးသကြား ၉/ညဥန(နိုင်)၁၆၀၀၂၂ သည် မိဘဆွေမျိုးများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ၁၆-၆-၂၀၀၈ ရက် မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၅-၇-၂၀၀၈ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ၎င်းသည် ယနေ့ထက်ထိတိုင်အောင် မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်နေပါသဖြင့် နောက်နောင် မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် ပြုလုပ်ပါက ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်အောင်ကို
၉/မနမ(နိုင်)၀၀၀၃၆၄

ကြော်ငြာကဏ္ဍ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၇ ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ တိုက်အမှတ် ၆၈၊ နှစ်ခန်းတွဲရှစ်ထပ်တိုက်၏ ခြောက်လွှာ၊ အခန်းအမှတ်(၁၂)၊ ခြေရင်းခန်း၊ အကျယ်ပေ(၁၉×၆၅)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလနေထိုင်သူထံမှ အရောင်းအဝယ်စာချုပ် အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်အေးမြတ်နွယ် ၇/ကတခ(နိုင်)၀၀၂၄၉၇မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၄၉၁၅၈ Dayun 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ TKI-၁၃၃၉၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ဆည်မြို့၊ ရွာသစ်ရပ်ကွက်နေ (ဦးပေါ်)-ဒေါ်အုံးရွှေတို့၏သမီး မစန်းထွန်းမော် ၉/ကဆန(နိုင်)၀၀၁၆၄သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်အုံးရွှေ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ် (င-၆)၊ ဦးပိုင်အမှတ် (၂၆)၊ ၆၂×၆၄ကြား၊ ခိုင်ရွှေဝါ×မနော်ဟရီလမ်းကြားရှိ ဦးငြိမ်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်မြမေ ၅/ပလဘ(နိုင်)၀၄၃၈၁၈မှ မြို့ကွက်သစ် နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ(ရတနာပုံ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၃၉)၊ ဦးပိုင်အမှတ် (၁+၂)၊ သခင်ဖိုးလှကြီး×ယောမင်းကြီး၊ ၄၆×၄၇လမ်းကြားရှိ အစိုးရအမည်ပေါက်မြေကွက်အား ဦးဇော်အောင် ၁၃/လလန(နိုင်)၀၄၃၆၆၂၊ ဦးမောင်မောင်လတ် ၁/မကတ(နိုင်)၀၀၁၀၂၀တို့မှ မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်များနှင့် အတူ အမှုတွဲအမှတ် ၀၉၃၃/၂၀၁၄-၂၀၁၅ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

